www.burmeseclassic.com

ဂြိုဟ် ရ သိန်း ကြယ် ကုံး ချိန်း ဝ ဇာတ် သစ်

စာပေ အောင်မြင်


# ကြိုခဏ္ဍ

## မရဏာစက်ကွင်း



BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com



အခန်း(၁)

# ရွှေတိဂုံစေတီတော် ဌာပနာတိုက်အတွင်း ရောက်ခဲ့သူ

BURMESE CLASSIC .com

အချိန်ကား (၁၉၃၉)ခုနှစ်၊ စက်တင်ဘာလ(၃)ရက်နေ့ဖြစ်သည်။ ထိုအချိန်တွင် ဗြိတိသျှတို့က ဂျာမဏီကို စစ်ကြေညာလိုက်လေရာ ဥရောပတိုက် အနှံ့အပြားသာမက မြန်မာနိုင်ငံသို့ပင် စစ်မီးအရိပ်အငွေ့များက ယှက်သန်းစ ပြုလာသောအချိန်လည်း ဖြစ်ပေသည်။

အင်္ဂလိပ်တို့သည် ကိုလိုနီနယ်ချဲ့စနစ်ဖြင့် တိုင်းပြည်နိုင်ငံအသီးသီးသို့ ကျူးကျော်ဝင်ရောက်ကာ ရသမျှပစ္စည်းများကို သိမ်းကျုံးယူငင်လျက်ရှိရာ ကျူးကျော်ခံရသောနိုင်ငံများက မြ



www.burmeseclassic.com

www.burmeseclassic.com

မရပ်နိုင်ဖြစ်ကြသဖြင့် တော်လှန်ရန် ကြိုးစားဆောင်ရွက်နေသော အချိန်အခါလည်းဖြစ်၏။ ထို့အတူ မြန်မာနိုင်ငံမှာလည်း သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့သည်မှာ နှစ်ပေါင်းတစ်ရာကျော်ခန့်ရှိပြီဖြစ်သဖြင့် အုံကြွတော်လှန်မှုများ ပြင်းထန်သည်ထက် ပိုမိုပြင်းထန်လာတော့သည်။

မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့်နေလာခဲ့ရာမှ အင်္ဂလိပ်နယ်ချဲ့များ၏ မတရား ကျူးကျော်တိုက်ခိုက်မှုကြောင့် (၁၈၈၅)ခုနှစ်၊ နိုဝင်ဘာလ(၂၈)ရက်နေ့၊ မြန်မာသက္ကရာဇ်(၁၂၄၇)ခုနှစ်တွင် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ မန္တလေး နေပြည်တော် ကျပြီးနောက် မြန်မာတပ်မှူးတပ်သားများနှင့် မြန်မာ့တပ်မတော်သည် နေပြည်တော်မှ လက်နက်ချရန် ပေးလိုက်သောအမိန့်ကို မနာခံဘဲ ဗြိတိသျှတပ်များကမ်းပေါ်သို့ မတက်ရောက်နိုင်မီ လက်နက်ဗိုလ်ပါ အစုံအလင်စုရုံး၍ နေပြည်တော်မှ ရှောင်တိမ်းသွားကာ တိုင်းပြည်အနှံ့အပြားတွင် တပ်ဖြန့်ထားလိုက်ကြလေသည်။

(၁၈၈၅)ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာအတွင်းသို့ သွတ်သွင်းလိုက်ပြီဟု အိန္ဒိယဘုရင်ခံချုပ် လော့စ်ဒပ်ဖရင်(Lord Dufferin)က ဗြိတိသျှဘုရင်မ ဝိတိုရိယ ကိုယ်စား ကြေညာလိုက်လေသည်။

မိမိတို့နိုင်ငံ အသိမ်းပိုက်ခံရလေပြီဟု သိလျှင်သိချင်းဦးဆုံးသိသော မြန်မာ့တပ်မတော်နှင့် အခြားအခြားသော လက်နက်ကိုင်အင်အားစုများသည် နယ်ချဲ့များကို လက်နက်ကိုင် ဆန့်





ကျင်တိုက်ခိုက်ခဲ့ကြပေသည်။

ဗြိတိသျှတို့ မြန်မာနိုင်ငံကို အုပ်ချုပ်နေခဲ့သော နှစ်ပေါင်းတစ်ရာဝန်းကျင်ကာလအတွင်းမှာလည်း မျိုးချစ်တော်လှန်ရေးသမားများက နည်းအမျိုးမျိုးနှင့် ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။

လက်နက်အင်အား၊ လူအင်အားချင်း မမျှတသော်လည်း မျိုးချစ်တော်လှန်ရေးသမားများ လက်ချက်ကြောင့် ဗြိတိသျှ နယ်ချဲ့တို့မှာ များစွာအထိနာခဲ့ကြပေသည်။ (၁၃၀၀)ပြည့်အရေးတော်ပုံ ပေါ်ပေါက်လာပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ စစ်ရေးအခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာလေတော့သည်။

မျိုးချစ်တော်လှန်ရေးသမားများဘက်မှ အသာစီး ရလာကာ ဗြိတိသျှတို့ဘက်မှ အခြေမလှဖြစ်လာတော့သည်။

၎င်းတို့သည် မြန်မာနိုင်ငံအား ဆက်လက်သိမ်းပိုက်ထားရန် တဖြည်းဖြည်း အရေးနိမ့်လာမှန်း ရိပ်မိသောအခါ တစ်နည်းတစ်ဖုံ ကြံစည်ကြပြန်လေတော့သည်။

အခြားမဟုတ်ပေ. . .။

မြန်မာနိုင်ငံအတွင်းမှ အဖိုးတန်ပစ္စည်းများကို ရသမျှယူသွားရန်ပင်ဖြစ်တော့သည်။

၎င်းတို့သည် ရွှေငွေရတနာများကို တရားသည်ဖြစ်စေ မတရားသည်ဖြစ်စေ နည်းအမျိုးမျိုးနှင့် ရအောင် ယူကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြုလုပ်ရာမှာလည်း မျက်နှာဖြူအလိုတော်ရိမ်းများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရသည်။

နောက်ဆုံး အင်္ဂလိပ်တို့က မြန်မာလူမျိုးများ အထွဋ်အမြတ်ထားသော ဘုရား၊ ကျောင်း၊ ဇရပ်၊ ရုပ်ပွားတော်များကို ဖျက်ဆီး၍ လှူဒါန်းထားသော အဖိုးတန် ရွှေငွေရတနာများကို ယူငင်ကြလေသည်။

၎င်းတို့သည် မြန်မာပြည်မှာ မွေးသော်လည်း မြန်မာသွေးမပါသူများဖြစ်ကြလေသည်။

မြန်မာလူမျိုးတို့သည် စားစရာ မရှိသော်လည်း လှူစရာတော့ရှိသည်။

အစားအသောက်ကို ချွေတာ၍ လှူဒါန်းကြသည်။

ထိုအကြောင်းကို အင်္ဂလိပ်တို့က သိတန်သလောက် သိသည်။ အသားထဲက လောက်ထွက်သူများက လက်ထောက်ချပေးမှသာ ဘယ်နေရာတွင် ဘယ်လိုအဖိုးတန်ပစ္စည်းမျိုးရှိသည်ကို သိကြရသည်။

မြန်မာနိုင်ငံအား သုံးပိုင်း,ပိုင်းကြည့်ပါက မြောက်ဘက်ဖျားပိုင်းနှင့် တောင်ဘက်ဖျားပိုင်းတို့တွင် စေတီ၊ ဘုရား၊ ကျောင်း၊ ဇရပ်ရှိသည်ဆိုငြားသော်လည်း သာမန်မျှသာဖြစ်သည်။ အလယ်ပိုင်းဒေသများမှာတော့ ဘုရားပုထိုးများ ပေါများလှသည်။

ပုဂံတစ်နေရာတည်း၌ ရှိသော ဘုရားပုထိုးများပင် ရေတွက်မကုန်အောင် ရှိပေသည်။

ပဲခူး၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး အစရှိသော





မြို့များတွင် ရှိသည့် ဘုရားပုထိုး၊ စေတီရုပ်ပွားတော်တို့မှာ လူသိများ ထင်ရှားလှသည်။

ထိုဘုရားပုထိုးများမှာ ဌာပနာထားသော ရွှေငွေရတနာပစ္စည်းများတို့မှာ ရေတွက်မကုန်နိုင်အောင် များပြားလှသည်။

ဤနေရာတွင် ရွှေတိဂုံစေတီတော် ဌာပနာတိုက်နှင့် ပတ်သက်သော ဆန်းကြယ်မှုများ အလျဉ်းသင့်သဖြင့် ဖော်ပြပေးပါမည်။

၎င်းမှာ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်၏မှတ်တမ်းပင်ဖြစ်သည်။

တစ်နေ့သ၌ ကျော်အောင်စံထား ဆရာတော်အား ဘုန်းကြီးတစ်ပါးက လာခေါ်သဖြင့် နောက်မှ လိုက်သွားရလေသည်။ အတန်ကြာအောင် သွားမိသောအခါ ရွှေတိဂုံဘုရားအရှေ့မုခ် ပြဿဒ်သို့ ရောက်သွားသည်။

ထိုအခါ ရှေ့မှ ကြွနေသော ဘုန်းကြီးက. . .

"လာ. . . ကိုယ်တော်ဘုရား၊ ဝင်ဖူးကြရအောင်"

ဟု ခေါ်သဖြင့် နောက်မှ လိုက်သွားရပြန်လေသည်။

၎င်းတို့ ရောက်သွားသောနေရာမှာ မြောက်ဘက် တန်ဆောင်းရှိရာ ဖြစ်သည်။

မြောက်ဘက်တန်ဆောင်းနှင့်တည့်တည့် အနောက်ဘက်နား အနည်းငယ် ကျသောနေရာတွင် တန်ဆောင်းတစ်ခုရှိသည်။ ထိုတန်ဆောင်း၏အလယ်နေရာလောက်၌ လိုဏ်ခေါင်းတစ်ခုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဏ်ခေါင်းထဲကို ဝင်ရမှာ၊ မဝင်ခင် ပုတီးအရင်စိပ်ကြရအောင်"

ဟု ပြောသဖြင့် ထိုတန်ဆောင်းထဲမှာပင် ထိုင်၍ ပုတီးစိပ်ကြလေသည်။

ပုတီးစိပ်ပြီးသောအခါ ထိုဘုန်းကြီးက ရွှေတိဂုံစေတီတော်ကြီး ရှိရာဘက်သို့ မျက်နှာလှည့် မတ်တတ်ရပ်ကာ လက်အုပ်ချီလိုက်လေသည်။

ထို့နောက် အတန်ကြာအောင် ဘုရားရှိခိုးနေလေသည်။

ပြီးတော့မှ နောက်သို့ လှည့်ပြောသည်။

"ကိုယ်တော် . . . ကျုပ်တို့ ဥပနာတိုက်အတွင်းက ဆံတော်မြတ်ကို ဆင်းပြီးဖူးကြရအောင်၊ စိတ်တည်တည်ငြိမ်ငြိမ်နဲ့ ပုတီးစိပ်ရင်းနဲ့သာ နောက်က လိုက်ခဲ့ပေတော့"

"တင်ပါ့ ဘုရား"

ထို့နောက် . . .

လိုဏ်ခေါင်းတစ်နေရာတွင် အောက်သို့ ဆင်းသောလှေခါးထစ်များကို တွေ့ရလေသည်။

မှောင်နေသောကြောင့် အောက်ခြေအထိ မမြင်ရပေ။

ဘုန်းကြီးအရှေ့မှ ကြွ၍ ကျော်အောင်စံထား ဆရာတော်က နောက်မှ လိုက်ကာ လှေခါးထစ်များကို တစ်ထစ်ချင်းနင်းကာ ဆင်းကြလေသည်။

ဆယ့်ရှစ်ထစ် ဆင်းမိသောအခါ အမှောင်ထုများ လျော့ပါးလာပြီး အလင်းရောင်အချို့ ရလာလေသည်။





အလင်းရောင်အနည်းငယ် ရှိနေသော လိုဏ်ခေါင်းတစ်ခုအတွင်းသို့ ဒေါက်ချာဆောင်းထားသော ရသေ့ကြီးသုံးပါး ဂူနံရံမှာ ကပ်၍ ပုတီးစိပ်နေသည်ကို မြင်ရသည်။

အလင်းရောင်ကလည်း သိပ်မရှိ၊ ၎င်းတို့သည် မတုန်မလှုပ် ငြိမ်သက်စွာ ရှိနေကြသဖြင့် ကျောက်ရုပ်ကြီးများဟု ထင်ကာ ကိုင်ကြည့်မည် ဟန်ပြင်လိုက်စဉ် ချောင်းဟန့်သံ ပေါ်လာသဖြင့် အနည်းငယ် လန့်သွားမိလေသည်။

"အဟမ်း . . . အဟမ်း"

သည်တော့မှ လက်ပြန်ရုပ်၍ အသေအချာ ကြည့်ရလေသည်။ ဒေါက်ချာဆောင်းထားသော ရသေ့ကြီးသုံးပါးတို့မှာ တကယ့်ကျောက်ရုပ်များပမာ ငြိမ်သက်လွန်းစွာ ရှိနေကြပေသည်။

ထိုနေရာမှ ရှေ့ဆက်လျှောက်လာသောအခါ ဘေးတစ်ဖက်တစ်ချက် ဂူနံရံများ၌ ကျောက်ရုပ်သဖွယ် ငြိမ်သက်စွာ ထိုင်လျက် ပုတီးစိပ်နေသော ဒေါက်ချာဆောင်း ရသေ့အချို့ကို ထပ်မံတွေ့ရလေသည်။

ရှေ့နားရောက်တော့ ကျော်အောင်စံထားဆရာတော် အရှေ့မှ တစိုက်စိုက် သွားနေသော ဘုန်းကြီးကို ခပ်တိုးတိုး မေးရလေသည်။

"အရှင်ဘုရား . . . ဒီရသေ့တွေက ဒီလိုဏ်ဂူထဲ ဘယ်အချိန်ကတည်းက ရောက်နေတာလဲဘုရား"

"အင်း . . . သုံးလလောက် ရှိကြရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီသုံးလေးလအတွင်းမှာ ဆွမ်းကွမ်းဘယ်မှာရမလဲ ဘုရား"

"သူတို့အတွက်က အဟာရသိဒ္ဓိပြီးနေတော့ ဆွမ်းကွမ်း မလိုတော့ဘူးလေ၊ စားသောက်ချင်ရင်လည်း ရတယ်၊ မစား သောက်ဘဲ နေလည်း ရတယ်"

ထိုစကားကြားသောအခါ ကျော်အောင်စံထား ဆရာ တော်မှာ များစွာစိတ်ဝင်စားသွားလေသည်။

"တပည့်တော်လည်း အဲဒီလိုသိဒ္ဓိမျိုး လိုချင်ပါတယ် ဘုရား"

"ဒီအကျင့်မျိုးတွေက ကျင့်ကြံမယ်ဆိုရင် အလွယ်တကူ ရနိုင်ပါတယ်၊ နိဗ္ဗာန်ရောက်ဖို့လမ်းသာ ကျင့်ကြံအားထုတ်ဖို့ ခက်ခဲတာ ကိုယ်တော်လေးရဲ့"

ထိုသို့အမိန့်ရှိသဖြင့် ကျော်အောင်စံထား ဆရာတော် လည်း နောက်ထပ်ဆက်မပြောသာတော့ပေ။

"လာ. . . ကိုယ်တော်၊ ရွှေတိဂုံစေတီတော်ကြီးရဲ့ ဌာပနာတိုက်ထဲ ဆင်းပြီး ဆံတော်မြတ်ကို ဖူးကြရအောင်"

ဟု ပြောကာ ခေါ်သွားသဖြင့် ကျော်အောင်စံထား ဆရာတော်လည်း စိတ်ထဲမှ ဝမ်းသာစွာဖြင့် နောက်မှ လိုက်သွား လေသည်။

အောက်ဖက်သို့ ဆင်းသော လှေခါးထစ်များအတိုင်း ဆင်းသွားကြရာ အောက်သို့ရောက်လာလေလေ အလင်းရောင် များက ပိုပြီးရလာလေလေဖြစ်သည်။





ထိုအလင်းရောင်များ ဘယ်နေရာက ဝင်နေသည်ကို စိတ်ဝင်စားသောကြောင့် ပတ်ဝန်းကျင်ကို လိုက်ကြည့်နေသည်။

လိုဏ်ခေါင်းအတွင်းမှာ အလင်းရောင် ဝင်လာသော နေရာကို ရှာမတွေ့ပေ။

စူးရှသော အလင်းရောင်များမှာ ဂူအမိုးနှင့် ဘေး တစ်ဖက်တစ်ချက်နံရံများမှ ဝင်ရောက်လာခြင်း မဟုတ်သည်က တော့ အမှန်ပင်ဖြစ်သည်။

ထိုအလင်းရောင်များမှာ တစ်စုံတစ်ခုမှ ဖြာထွက်နေ သော အလင်းရောင်ကဲ့သို့ စူးရှတောက်ပလှပေသည်။ ကျော် အောင်စံထား ဆရာတော်မှာ များစွာအံ့ဩနေမိလေသည်။

အောက်ဖက်သို့ လှေခါး(၂၅)ထစ်ခန့် ဆင်းသွားမိသော အခါ ဂူနံရံဘေးတစ်ဖက်တစ်ချက်တွင် ဂူပေါက်ခန်းများကို တွေ့ ရသည်။

အခန်းကျယ်က ခုနစ်တောင်ခန့်ရှိပြီး နံရံတစ်ဖက်စီတွင် ခုနစ်ခန်းစီရှိသည်။

ထိုအခန်းများထဲတွင် ရသေ့များ၊ ယောဂီများ၊ ဘိုးဘိုး များ ငြိမ်သက်စွာထိုင်လျက် ပုတီးစိပ်နေကြလေသည်။ စုစုပေါင်း (၁၅)ဦးခန့်ရှိသည်။

ထို့နောက်တွင် ဒုတိယခန်း၊ တတိယခန်းများအတွင်း ဝယ် သံဃာတော်များနှင့် သာမဏေများ ဘုရားရှိခိုး ပုတီးစိပ်နေ ကြသည်ကို မြင်ရပြန်သည်။

ထိုနေရာမှ လွန်သော် အလယ်ခေါင် အခန်းကျယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အတွင်းဝယ် ရေကန်ကြီးတစ်ကန်ရှိရာသို့ ရောက်သွားလေသည်။

ရေကန်ကြီးအလယ်တွင် ကိုးတောင်ခန့်အလျားရှိသော ရွှေလှေတစ်စင်းရှိသည်။

ရွှေလှေပေါ်၌ ရွှေကြာခုံငါးဆင့်ရှိသည်။

ထိုရွှေကြာခုံ ငါးဆင့်မှာ ရတနာမျိုးစုံတို့ဖြင့် မွန်းမံစီခြယ်ထားလေသည်။

ရွှေလှေအတွင်းမှာလည်း ရွှေငွေရတနာပစ္စည်းများ လှေဝမ်းနှင့်အပြည့် ရှိနေလေသည်။

ရွှေကြာခုံငါးဆင့်အပေါ်မှာလည်း ရတနာမျိုးစုံတို့ ကြဲဖြန့်ထားလေသည်။

လိုဏ်ဂူအတွင်းမှ ထွက်နေသော အလင်းရောင်များက ရတနာပစ္စည်းများအပေါ် ထိုးကျနေရာမှ အလင်းရောင်များက ဖြာထွက်နေလေသည်။

ကြာငါးဆင့်ခုံပေါ်တွင် ရွှေပန်းတောင်းရှိသည်။

ထိုရွှေပန်းတောင်းအတွင်း၌ ပတ္တမြားတစ်ထပ်၊ မြတစ်ထပ်၊ စိန်တစ်ထပ် ခင်းထားပြီး ထိုအပေါ်၌ မြတ်စွာဘုရား၏ ဆံတော်ရှင်မြတ် ကိန်းဝပ်နေလေသည်။

ဆံတော်ရှင်မြတ် အပေါ်တည့်တည့်မှ မီးဆလိုက်နှင့် ထိုးထားသကဲ့သို့ အလင်းရောင်ကြီးက ဖြာဆင်းကျနေလေသည်။ အပေါ်မှ ဆင်းလာသော အလင်းရောင်များက ရွှေကြာငါးဆင့်သာမက ရွှေလှေတစ်စင်းလုံးကိုပါ ဝင်းထိန်နေလေ





သည်။ ထိုအလင်းရောင်များမှာ ဘယ်နေရာက လာသည်၊ ဘယ်အပေါက်မှ ဝင်လာသည်ကို မသိရပေ။

ထိုအလင်းရောင်မှာ လူတို့ ဖန်တီးထားသော မီးအလင်းရောင်၊ ဒါမှမဟုတ် သဘာဝ နေအလင်းရောင်မျိုးလည်း မဟုတ်ပေ။

ဆံတော်မြတ်အား စိန်တစ်တုံးဖြင့် နောက်ခံပြုထားသော ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရတနာပန်းခိုင်၊ ရွှေဆည်းလည်း၊ ငွေဆည်းလည်းများနှင့် ဝန်းရံထားလေရာ များပြားလှသောကြောင့် ရတနာပစ္စည်းအရေအတွက် ဘယ်ရွေ့ဘယ်မျှ ရှိသည်ကိုပင် မသိရတော့ပေ။

ရတနာပစ္စည်း အလင်းရောင်များနှင့်အတူ ဆံတော်မြတ်မှ ရောင်ခြည်တော်များ ကွန့်မြူးနေလေသည်။

ထို့ပြင် ဓာတ်တော်ကြုတ်များကလည်း ဆံတော်မြတ်သေးတစ်ဖတ်တစ်ချက်စီတွင် သုံးလုံးစီ တည်ရှိနေကြသည်။ ထိုကြုတ်များ၏အရှေ့ဘက်မှ နှစ်လက်မခန့် ကျယ်ဝန်းသော အပေါက်ဝိုင်းကလေးများ ဖောက်ပေးထားသဖြင့် ကြုတ်အတွင်းမှ ဓာတ်တော်များကို ဖူးတွေ့ရပေသည်။

ထိုအပေါက်များကို မှန်မဟုတ်သည့် ကြည်လင်သော အရာဝတ္ထုတစ်ခုဖြင့် ပိတ်ကာထားလေသည်။

မှန်ကဲ့သို့ ကြည်လင်နေသော်လည်း မှန်သားတော့ မဟုတ်ပေ။ ဓာတ်တော်ကြုတ်များအား ရွှေသားဖြင့် ပြုလုပ်ထားပြီး ပတ္တမြား၊ မြ၊ စိန် အစရှိသော ကျောက်မျက်ရတနာများဖြင့်



www.burmeseclassic.com

www.burmeseclassic.com

မွန်းမံထားလေသည်။

ကြုတ်အတွင်း၌ ကိန်းဝပ်နေသော ဓာတ်တော်များမှာလည်း ရောင်ခြည်တော်များ တဖျပ်ဖျပ် ကွန့်မြူးနေလေသည်။

အောင်ကျော်စံထားဆရာတော်မှာ တစ်သက်တစ်ခါ တွေ့မြင်ခဲ့လှသော ဆံတော်ဓာတ်တော်များကို မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ အသက်ရှူရန်ပင် မေ့နေသကဲ့သို့ များစွာ အံ့သြမှုဖြစ်နေလေသည်။

စိတ်ထဲမှာလည်း ဂုဏ်တော်များကို ရွတ်ဖတ်ရင်း ဆံတော် ဓာတ်တော်များကို လက်အုပ်ချီလျက် ရှိခိုးနေသည်။

ထိုအခိုက်မှာပင် ရွှေလောင်းရှိနေသောရေပြင်မှာ တဖြည်းဖြည်းနှင့် အပေါ်သို့ မြင့်တက်လာလေသည်။

“အရှင်ဘုရား. . . ကန်ထဲက ရေတွေက တဖြည်းဖြည်းနဲ့ အပေါ်ကို မြင့်တက်လာပြီဘုရား”

“ဟုတ်တယ် ကိုယ်တော်၊ ဒီကန်ထဲက ရေက ပင်လယ်ရေတွေပဲ၊ ဒီဌာပနာတိုက်က ပင်လယ်ရေကြောထိအောင် အုတ်မြစ်ချပြီး တစ်ဆက်တည်း ယူထားတာ၊ ပင်လယ်ဒီရေ တက်လာရင် ဒီကန်ထဲက ရေလည်း မြင့်တက်လာတယ်၊ ပင်လယ်ဒီရေ ကျသွားရင် ဒီကန်ထဲက ရေလည်း တဖြည်းဖြည်းနဲ့ ပြန်ကျသွားတယ်၊ အမှန်ပေါ့ ရှေးက ဓာတ်တော်တိုက် စီမံခဲ့တဲ့ပုဂ္ဂိုလ်တွေက ပင်လယ်ရေ အနိမ့်အမြင့်ကို ချိန်ပြီး စီမံဆောက်လုပ်ခဲ့ကြတာ”

ဟု ဘုန်းတော်ကြီးက ပြောပြသည်။





“တပည့်တော်တစ်သက်မှာ ယခုလို မျက်ဝါးထင်ထင် တွေ့မြင်ရလို့သာ ဖူးတွေ့ရတာပါဘုရား၊ အတော်လည်း အံ့သြစရာ ကောင်းပါတယ်”

“ကိုင်း. . . ကိုယ်တော် အံ့သြနေရုံနဲ့ မပြီးသေးဘူး၊ အခုလို ကြုံကြိုက်တုန်း အဓိဋ္ဌာန်ပုတီးလေးဘာလေး စိပ်ပေတော့”

ဟု မိန့်ကြားသဖြင့် ထိုနေရာမှာပင် ထိုင်ပြီး အဓိဋ္ဌာန်ပုတီးစိပ်လေတော့သည်။

ထိုအဖြစ်အပျက်များမှာ သတ္တာမြောက် ကျော်အောင်စံထား ဆရာတော်ကိုယ်တိုင် အိပ်မတ်မက်သကဲ့သို့ တွေ့ကြုံခဲ့ရသော ဆန်းကြယ်လှသော အဖြစ်အပျက်များပင် ဖြစ်ပေသည်။

အထက်ပါအကြောင်းအရာများကို ထောက်၍ ရွှေတိဂုံစေတီတော်ကြီးအပါအဝင် မြန်မာနိုင်ငံအနှံ့အပြားရှိ ဘုရားပုထိုးစေတီတော်များတွင် ဌာပနာထားသော ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့မှာ ရေတွက်မကုန်နိုင်အောင် များပြားလှကြောင်း သိသာနိုင်ပေသည်။

ထိုအကြောင်းများကို သိသော ဗြိတိသျှနယ်ချဲ့များမှာ မြန်မာတို့ အထွဋ်အမြတ် ထားသော ဘုရား၊ ပုထိုး၊ စေတီများကို ဖျက်ဆီးယူငင်ရန် အကြံအစည်များ ပြုကြသည်မှာ သဘာဝအတိုင်းပင် ဖြစ်တော့သည်။

သို့သော်လည်း ၎င်းတို့အနေနှင့် စိတ်သွားတိုင်းကိုယ်ပါ ပြုလုပ်နိုင်စွမ်း မရှိကြပေ။



www.burmeseclassic.com

www.burmeseclassic.com

သိပ္ပံပညာများ ထွန်းကားတိုးတက်စပြုလာသောကာလတွင် လက်နက်အင်အား၊ လူအင်အား၊ အခြားအသုံးအဆောင်ပစ္စည်းများအားကိုးဖြင့် မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ကြပြီး ထင်တိုင်းပြုလုပ်ခဲ့ကြပေသည်။

သို့စေကာမူ သိပ္ပံပညာ ထွန်းကားတိုးတက်မှုမှာ ဝိဇ္ဇာပညာ၏မြင့်မှုန်လောက်မျှပင် မစွမ်းနိုင်ပေရာ. . .

ဂုဏ်းတို့ ထင်တိုင်း ပြုလုပ်၍ မရနိုင်ကြပေ။

ယခုရေးသားမည့် ဝတ္ထုအကြောင်းအရာများ ဖြစ်ပေါ်လာပုံမှာ ဝိဇ္ဇာပညာနှင့် စပ်လျဉ်းသော ပရလောကသားများနှင့် ပတ်သက်သည့် အကြောင်းအရာများပင်ဖြစ်တော့သည်။





အခန်း(၂)

## အန္တရာယ်ဆိုးနှင့် ကြုံခဲ့ရသော ဝိညာဉ်

မကွေးတိုင်းသည် မြန်မာနိုင်ငံ၏အလယ်ပိုင်းတွင် ရှိပြီး စီးပွားရေးအရရော အုပ်ချုပ်မှုအရပါ အဓိက အချက်အခြာကျသော နေရာတစ်ခုလည်းဖြစ်ပေသည်။

သို့ကြောင့် မျက်နှာဖြူအရာရှိများ ရုံးထိုင်သော အရေးကြီးသည့်ရုံးများ မကွေးမြို့၌ ရုံးစိုက်ကြလေသည်။

အရေးပိုင်မင်း ကင်းဘဲ ရုံးထိုင်သည့် အရေးပိုင်ရုံးအပြင် ခရိုင်ရာဇဝတ်ဝန်ကြီး မစ္စတာကာယ်ရီ၏ရုံးလည်း ရှိပေသည်။

ထို့ပြင် မကွေးတိုင်းမင်းကြီး ရှပ်တဲဝပ်၏တိုင်းရုံးပင်


www.burmeseclassic.com

www.burmeseclassic.com



မကွေးမြို့၌ အခြေစိုက်ထားသောကြောင့် မျက်နှာဖြူများမှာ မကွေးတိုင်း အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းကို မည်မျှ အလေးထားသည်ကို သိသာနိုင်ပေသည်။

မကွေးမြို့၌ အခြေစိုက် ဖွင့်ထားသော အရေးပိုင်ရုံးခန်းမှာ နေ့စဉ်နှင့်အမျှ လူအဝင်အထွက်များသောနေရာဖြစ်သည်။ ထိုရုံးတွင် မျက်နှာဖြူအရာရှိ မစ္စတာကင်းဘဲ ရုံးထိုင်လေသည်။

မစ္စတာကင်းဘဲသည် မြန်မာပြည်သူပြည်သားများအပေါ် အုပ်ချုပ်ရာတွင် ရက်စက်ကြမ်းတမ်းသူတစ်ဦးဖြစ်သည်။

ထို့ပြင် အထင်သေးမှုများနှင့် အဆင့်အတန်း ခွဲခြားမှုများသူလည်းဖြစ်သည်။

မြန်မာနိုင်ငံသားတို့ အလေးထားသော ဘာသာတရားကိုလည်း အလေးထားခြင်း မရှိလှပေ။

ယခုအခါ ၎င်းတို့နယ်ချဲ့မျက်နှာဖြူများအတွက် အရေးမလှသော အချိန်အခါ ရောက်နေပြီဖြစ်ရာ အကယ်၍ ၎င်းတို့ မတရား သိမ်းပိုက်ထားသော မြန်မာနိုင်ငံအား လက်လွှတ်ပေးရမည်ဆိုပါက ရနိုင်သမျှပစ္စည်းများကို ယူဆောင်သွားရန်လည်း ကြံစည်စိတ်ကူးနေသူတစ်ဦးဖြစ်သည်။

၎င်း၏အကြံအစည်ကို အထမြောက်စေရန် အကူအညီပေးနေသူများမှာ အပါးတော်မြဲ အလိုတော်ရိများသာဖြစ်သည်။

ထိုအထဲတွင် အသားထဲက ဖောက်ထွက်ဆိုသလို မြန်မာလူမျိုးများလည်း ပါဝင်လေသည်။

မျိုးဖျက်သစ္စာဖောက်များမှာ အင်္ဂလိပ်များ ပေးထား





သည့် ရာထူးရာခံနှင့် အခွင့်အရေးများကို မက်မောခုံမင်ကြပြီး ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဆိုသည့် လူစားမျိုးများပင်ဖြစ်သည်။

၎င်းတို့သည် အင်္ဂလိပ်များနှင့် တွေ့လျှင် ပါးစပ်မှ 'ဘုရား' ထူးနေကြသော်လည်း ဘုရားမသိသလို တရားရှိကြသူများလည်း မဟုတ်ကြပေ။

ထိုလိုလူစားများ၏ပံ့ပိုးအကူအညီပေးမှုများကြောင့် အင်္ဂလိပ်တို့၏အကြံအစည်အချို့ အောင်မြင်ကြခြင်းဆိုသော်မများပေ။

မကွေးမြို့၌ ရုံးစိုက်သော အရေးပိုင်ရုံး၌ မစ္စတာကင်းဘဲ ရုံးထိုင်ပြီး အရေးကြီးသောအမှုအခင်းများနှင့် ကိစ္စအရပ်ရပ်တို့ကို စီမံဆုံးဖြတ်ပေးရလေသည်။

၎င်းတို့အနေနှင့် တော်လှန်ရေးသမားများနှင့် သက်ဆိုင်သောအမှုများကိုသာ အရေးတယူ ဆောင်ရွက်လေ့ရှိပြီး ကျန်အမှုများကိုတော့ လက်အောက်ခံ အမှုထမ်းအရာထမ်းများနှင့် လွှဲထားလေ့ရှိသည်။

အရေးပိုင်ရုံးသည် နံနက်လင်းစကတည်းက လူဝင်လူထွက် ရှိနေတတ်ပြီး ရုံးချိန်ရောက်သည်နှင့် ကြိတ်ကြိတ်တိုးစည်ကားနေရာ ဘုရားပွဲတော်တမျှ လူစည်ကားလျက်ရှိပေသည်။

ထိုသို့လာသူများမှာ အမှုအခင်းကိစ္စများနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေကြပြီး အရေးပိုင်မင်း အစရှိသော အထက်



www.burmeseclassic.com

www.burmeseclassic.com



အရာရှိများအား လာဘ်သပ်ပကာထိုးရန် နည်းအမျိုးမျိုးနှင့် ကြိုးစားနေသူများဖြစ်သည်။

တစ်နေ့သ၌ အရေးပိုင်ရုံးခန်းအတွင်း၌ မစ္စတာကင်းဘဲ တစ်ယောက်တည်းရှိနေလေသည်။

သူသည် အခန်းတံခါးကို ပိတ်ထားပြီးနောက် ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်နေလေသည်။

ထိုသို့ထိုင်နေရင်းမှ ၎င်းတို့အတွက် အရေးမလှ ဖြစ်နေသော နိုင်ငံရေးအခြေအနေများနှင့် အကယ်၍ ထိုနေရာမှ အရေးပေါ် စွန့်ခွာရပါက မည်သို့မည်ပုံ ပြုလုပ်ရမည်ကိုပါ စီးကရက်ဖွာရင်း စဉ်းစားတွေးတောနေသည်။

အချိန်ကလည်း ညနေပိုင်း(၄)နာရီကျော်ပြီဖြစ်သော ကြောင့် ရုံးပေါ်မှာ လူအသွားအလာ ရှင်းသွားချေပြီ။

အရေးပိုင်မင်းရုံး၏ရုံးစောင့် စန္ဒရီများနှင့် ချာပလာစီများသာ ကျန်ခဲ့လေရာ တစ်ခါတစ်ရံ ဖြတ်သွားဖြတ်လာပြုသော ခြေသံအချို့ကိုသာ ကြားနေရလေသည်။

မစ္စတာကင်းဘဲသည် စီးကရက်ဖွာရင်း တစ်ယောက်တည်း စဉ်းစားခန်း ဝင်နေခိုက် အပြင်ဘက်မှ လျှောက်လာသော ဖိနပ်သံအချို့ကို ကြားရလေသည်။

ထိုဖိနပ်သံမှာ အလုပ်သမားများ စီးသော ဖိနပ်သံ မဟုတ်ဘဲ မျက်နှာဖြူအရာရှိများ စီးသော ဖိနပ်သံဖြစ်သော ကြောင့် သောက်လက်စ စီးကရက်ကို ပြာခံခွက်အတွင်း ထည့်လိုက်ပြီး အပေါက်ဝဘက်သို့ လှမ်းကြည့်နေသည်။





ခဏကြာတော့ တံခါးပေါက်အစောင့်၏ အလေးပြုသံ အရင်ကြားလိုက်ရပြီး တံခါးချပ် ပွင့်လာသည်။

အခန်းပေါက်ဝတွင် ရပ်နေသူနှစ်ယောက်မှာ အခြားသူ မဟုတ်ပေ၊ ခရိုင်ရာဇဝတ်ဝန်ကြီး မစ္စတာကယ်လီနှင့် ဒုရာဇဝတ်ဝန်ကြီး စမစ်တို့နှစ်ယောက်ဖြစ်ကြလေသည်။

၎င်းတို့နှစ်ယောက်က အခန်းပေါက်ဝ ရောက်သည်နှင့် အလေးပြု နှုတ်ဆက်လိုက်ပြီးနောက် အခန်းတွင်းသို့ ဝင်လာကြရာ မစ္စတာကင်းဘဲလည်း မိမိနှင့် စကားပြောဖော် တိုင်ပင်ဖော် ရပြီမို့ များစွာဝမ်းသာသွားကာ နေရာမှ ထ၍ ခရီးဦးကြိုပြုလေသည်။

"မောနင်း ကယ်ရီ. . . မောနင်း စမစ်၊ လာကြ. . . လာကြ၊ ကိုယ်လည်း တစ်ယောက်တည်း သောက်ရမှာ ပျင်းတာနဲ့ အဖော်စောင့်နေတာ၊ အခု ခင်ဗျားတို့ ရောက်လာတော့ အတော်ပဲဖြစ်သွားတာပေါ့"

ဟု ပြောကာ အခန်းအလယ်၌ ချထားသော စားပွဲ ကုလားထိုင်များတွင် နေရာပေးလိုက်ပြီး စီးကရက်ဗူး၊ မီးခြစ် စသည်တို့ကို စားပွဲပေါ် တင်ပေးလိုက်သည်။

ထို့နောက်. . .

အခန်းပေါက်ဝမှာ အဆင်သင့် စောင့်နေသော ချာပလာစီကို လှမ်းခေါ်ပြီး ဝီစကီပုလင်းနှင့် ဖန်ခွက်သုံးလုံး ယူခိုင်းလိုက်ရာ ထွက်သွားပြီး ခဏကြာတော့ စားပွဲပေါ် လာတင်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကင်းဘဲက ဖန်ခွက်ထဲသို့ အရက်များ ငှဲ့ထည့်ပေးလိုက်သည်။

"ကဲ. . . သောက်ကြ၊ ဘယ်လိုအရေးကိစ္စရှိလို့ အခုလိုရောက်လာကြတယ်ဆိုတာလည်း ပြောပြကြပါဦး"

ကယ်ရီနှင့်စမစ်တို့နှစ်ယောက်က ကင်းဘဲ ငှဲ့ထည့်ပေးသော အရက်ကို တစ်ကျိုက်တည်းနှင့် မော့သောက်လိုက်ပြီးမှ လာရင်းကိစ္စကို ပြောကြသည်။

"ခင်ဗျား အနားယူနေတဲ့အချိန်မှာ လာပြီးအနှောင့်အယှက်ပေးရတာတော့ ဆောရီးပဲဗျာ၊ ဒါပေမယ့် ကိစ္စက သိပ်အရေးကြီးနေတော့လည်း လာခဲ့ရတာပေါ့"

"တောင်းပန်စရာ မလိုပါဘူးဗျာ. . . အချင်းချင်းတွေပဲ၊ လာစရာရှိရင် အချိန်မရွေး လာပြီး ပြောစရာရှိရင်လည်း ပြောရမှာပေါ့၊ ဘာတွေများ အရေးတကြီးကိစ္စ ရှိနေလို့လဲဗျ"

"အခု မြန်မာနိုင်ငံအနှံ့အပြားမှာ ရေနံမြေ အရေးတော်ပုံ၊ တတိယအကြိမ် လုပ်ကြတဲ့ ကျောင်းသားသပိတ်နဲ့ တောင်သူလယ်သမားအရေးတော်ပုံ စတဲ့ အုံကြွမှုတွေဟာ ကျွန်ုပ်တို့ရဲ့ အုပ်ချုပ်ရေးကို အများကြီး ထိခိုက်နစ်နာစေတယ် မဟုတ်လား ကင်းဘဲ"

ခရိုင်ရာဇဝတ်ဝန်ကြီးစကားကို ဒုရာဇဝတ်ဝန်ကြီးကပါဝင်ရောက်ထောက်ခံလေသည်။

"ဝန်ကြီးပြောတာ အမှန်ပဲ၊ သူတို့က (၁၃၀၀)ပြည့်အရေးတော်ပုံလို့ ပြောပြီ၊ အလုပ်သမားတွေ၊ လယ်သမားတွေ၊





ကျောင်းသူကျောင်းသားတွေအားလုံး ပါဝင်ကြတော့ တစ်နိုင်ငံလုံးမှာ ရှိကြတဲ့လူတွေကလည်း အများကြီး စိတ်ဝင်စားလာကြတယ်"

ထိုစကားကြားသောအခါ မစ္စတာကင်းဘဲက အရက်ခွက်ကို ပြန်ချလိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်သည်။

မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်ပြီးနောက်. . .

"အဲဒါ ခက်တာပေါ့ဗျာ၊ ကျွန်ုပ်တို့တတွေက သူတို့ကိုကောင်းစေချင်လို့ စီမံပေးတာကို လက်မခံချင်ကြဘူး၊ ဒီလူတွေဟာ တကယ်တော့ ဘာမှ အသိဉာဏ်ရှိကြတဲ့လူတွေ မဟုတ်ပါဘူး"

ဟု ၎င်း၏ဝသီအတိုင်း မှို့ချိုးမှုစ်ချိုး ပြောလိုက်လေသည်။ ၎င်းတို့ ပြောသကဲ့သို့ပင် မြန်မာနိုင်ငံတဝှမ်းလုံးမှာ (၁၃၀၀)ပြည့်အရေးတော်ပုံ ပေါ်ပေါက်လာပြီးသည့်နောက်ပိုင်းကာလများတွင် အခြေအနေမှာ သိသိသာသာကြီး ပြောင်းလဲသွားလေတော့သည်။

မြန်မာသက္ကရာဇ်(၁၃၀၀)ပြည့်နှစ်၌ကား မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုကြီးများဖြစ်ကြသော ရေနံမြေအရေးတော်ပုံ၊ တတိယ ကျောင်းသားသပိတ်၊ တောင်သူလယ်သမားလှုပ်ရှားမှုစသည်တို့သည် တစ်နိုင်ငံလုံးအဲနေနှင့် ထိန်းမနိုင်သိမ်းမရ ပေါ်ပေါက်လာပြီး တက်ကြွစွာ ဆင်နွှဲလာပြန်သောကြောင့် မျက်နှာဖြူများအား များစွာအထိနာစေရုံမက အကျပ်အတည်းလည်းဖြစ်ကြရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၃၀၀)ပြည့်အရေးတော်ပုံ၊ အလုပ်သမားလှုပ်ရှားမှု၊ တောင်သူလယ်သမားလှုပ်ရှားမှု၊ ကျောင်းသားလှုပ်ရှားမှုများသည် တစ်နိုင်ငံလုံးရှိ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားများသာမက ပြည်သူပြည်သားများပါ တက်ကြွစွာ ပါဝင်လှုပ်ရှားလာသော ဆန့်ကျင်ရေးတိုက်ပွဲများဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် အခု အဲဒီအရှိန်က ဘယ်လိုပဲထိန်းထိန်း မရတော့ဘဲ တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာနေပြီ၊ တိုင်းမင်းကြီးကလည်း အဲဒီကိစ္စတို အမြန်ဆုံး ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်ဖို့ ကျွန်ုပ်တို့ကို အမိန့်ပေးနေပြီဗျ"

"သူပြောတာလည်း ပြောတာပေါ့ဗျာ၊ ဒီမှာ လုပ်ရတဲ့လူတွေက တကယ်လက်တွေ့ကျတော့ အခက်အခဲတွေ အများကြီးတွေ့ရတယ်၊ နောက်ပြီး ရေနံမြေသပိတ် ပေါ်တာ ရေနံချောင်းဘက်က စတာ မဟုတ်လား၊

မကွေးနဲ့ရေနံချောင်းက ဘယ်လောက်ဝေးတာမှတ်လို့ဗျာ"

"ဘာပဲဖြစ်ဖြစ်ပေါ့. . . တကယ်လို့ အခြေအနေမလှလို့ မြန်မာပြည်က ဆုတ်ခွာပေးရမယ်ဆိုရင် ကိုယ့်အတွက် စုဆောင်းမိအောင်တော့ ကြိုးစားကြနော်"

မစ္စတာကင်းဘဲက နောက်ထပ်အရက်တစ်ခွက် ထပ်ငှဲ့ရင်း ပြောလိုက်လေသည်။

ထိုစကားကြားသောအခါ မစ္စတာစမစ်က စားပွဲပေါ်သို့ ကိုယ်ကို ကိုင်း၍ လေသံတိုးတိုးဖြင့် ပြောလိုက်သည်။





"အခု ကျုပ်တို့ လာတာ ခင်ဗျားအတွက် ပြောစရာရှိလို့ လာခဲ့တာပဲဗျ"

"ဘာများလဲဗျ"

"မနေ့က ပွင့်ဖြူမြို့နယ်ဘက်မှာရှိတဲ့ မုံးချောင်းရွာသူကြီး ကျုပ်ဆီကို ရောက်လာပြီး သတင်းတစ်ခု လာပေးသွားတယ်"

"ဘယ်လိုသတင်းမျိုးလဲဗျ"

"မုံးချောင်းကမ်းပါးကို ရေတိုက်စားတော့ ကမ်းပါးတွေ ပြိုကျသွားပြီး မြေအောက်က ဘုရားပျက်ကြီးတစ်ဆူ ပေါ်လာတယ်၊ အဲဒီဘုရားပျက်ကြီးထဲက ဌာပနာတိုက်ထဲမှာ ရွှေသားနဲ့ လုပ်ထားတဲ့ ဘုရားရုပ်ပွားတော်တစ်ခု တွေ့ရတယ်လို့ ပြောတယ်"

"ဟင်"

"ဘုရားအရုပ်က (၅)ပေလောက် အမြင့်ရှိတယ် ပြောတယ်၊ တစ်ခုလုံး ရွှေသားနဲ့ လောင်းထားတာလို့ ပြောတယ်"

"ဒါဆိုရင် အလေးချိန် ဘယ်နည်းမှာလဲ၊ အခု အဲဒီ အရုပ်က ဘယ်မှာလဲ"

"ဘုရားပျက်ကြီးက မုံးချောင်းထဲ ပြိုကျသွားတော့ ဘုရားအရုပ်လည်း ပါသွားတာပေါ့"

"အဲဒီလူတွေက အရုပ်ကြီးကို ပြန်မဆယ်ကြဘူးလား"

"ဆယ်လို့မရဘူးလို့ ပြောတယ်၊ နောက်ပြီး ဘုန်းကြီးနဲ့ ရွာသူရွာသားတွေကလည်း အဆယ်ခံဘူးတဲ့"

"မုံးချောင်းရွာသူကြီးက အတော်ညံ့တဲ့လူပဲ၊ သူ့မှာ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ ပေးထားတဲ့အမိန့်အာဏာတွေ ရှိနေတာပဲ၊ ကန့်ကွက်တဲ့လူ မှန်သမျှ ဖမ်းချုပ်လိုက်ရင် ပြီးရောမဟုတ်လား"

မစ္စတာကင်းဘဲက အရက်ထည့်ထားသော အရက်ခွက်ကို ကောက်ယူပြီး မော့သောက်လိုက်သည်။

"ခင်ဗျားပြောတာလဲ ပြောတာပေါ့၊ အခုဆိုရင် လူတွေက ကျုပ်တို့ကို သိပ်ပြီးမလေးစားချင်တော့ဘူးဗျ၊ မကြာခင် ထွက်ပြေးကြရမယ်လို့ချည်း ထင်နေကြတာ"

"ဘာပဲဖြစ်ဖြစ်လေ. . . သူတို့ထင်တိုင်းရော ရမှာတဲ့လား၊ အခု လက်ရှိအခြေအနေက မြန်မာနိုင်ငံဟာ ကျုပ်တို့ ဗြိတိသျှအင်ပါယာ လက်အောက်မှာပဲ ရှိသေးတယ်မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ရဲ့အမိန့်အာဏာပဲ အတည်ဖြစ်စေရမှာပေါ့"

"အဲဒါဆိုရင်လည်း ခင်ဗျားအနေနဲ့ မုံးချောင်းရွာသူကြီးကို ခေါ်ပြီး စီစဉ်စရာရှိတာ အမြန်ဆုံး စီစဉ်ရအောင်လို့ ကျုပ်တို့ နှစ်ယောက်က လာပြီးအသိပေးတာဗျ"

"သင့်ခ်ယူးပဲ မစ္စတာစမစ်၊ ကျုပ် ဒီကိစ္စကို အမြန်ဆုံး အကောင်အထည်ဖော်အောင် ဆောင်ရွက်ပါ့မယ်"

"ကောင်းပြီလေ. . . တကယ်လို့ အောင်မြင်ရင်လည်း ကျုပ်တို့အတွက် မမေ့ဖို့ အရေးကြီးတယ်နော်"

"စိတ်ချစမ်းပါဗျာ. . . အချင်းချင်းတွေပဲ၊ အညီအမျှ ဖြစ်စေရမယ်လို့ ကတိပေးပါတယ်"

"အောင်မြင်ပါစေ မစ္စတာကင်းဘဲ"





ထို့နောက် သုံးယောက်သား အရက်ခွက်ချင်း တွေ့၍ မော့သောက်လိုက်ကြပြီးနောက် ခရိုင်ရာဇဝတ်ဝန်ကြီး မစ္စတာကယ်ရီနှင့် ဒုရာဇဝတ်ဝန် မစ္စတာစမစ်တို့မှာ အရေးပိုင်မင်း မစ္စတာကင်းဘဲအား နှုတ်ဆက်၍ ထပြန်သွားကြလေတော့သည်။

ဧည့်သည်နှစ်ယောက် ပြန်သွားသောအခါ မစ္စတာကင်းဘဲမှာ တစ်ယောက်တည်း အရက်ဆက်သောက်ရင်း ကုလားထိုင်ပေါ်မှာ ထိုင်ကာ အတွေးနယ်ချဲ့နေလေသည်။

အရက်မူးစပြုနေသော ကင်းဘဲ၏အာရုံထဲမှာ အမြင့် ပေ(၅)ပေခန့်ရှိသော ရွှေရုပ်ထုကြီးကိုသာ မြင်ယောင်နေမိသည်။

မစ္စတာကင်းဘဲသည် စီးကရက်ဖွာလိုက်၊ အရက်သောက်လိုက်နှင့် အပြင်ဘက်မှာ ညဦးပိုင်းအချိန်ရောက်နေသည်ကိုပင် သတိမပြုမိပေ။

ထိုအခိုက်မှာပင် အပြင်ဘက်မှ တဒေါက်ဒေါက်နှင့် လျှောက်လာသောဖိနပ်သံကို ကြားရပြန်သည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

ဖိနပ်သံမှာ သူ့အခန်းရှိရာဘက်သို့ လျှောက်လာသော အသံဖြစ်သည်။

ကင်းဘဲစိတ်ထဲမှာ မျက်နှာဖြူအရာရှိတစ်ဦးဦး လာနေသည်ဟု ထင်သဖြင့် အခန်းပေါက်ဝသို့ လှမ်းကြည့်လိုက်သည်၊

အခန်းပေါက်ဝမှာ အရုံသင့်ပင် စောင့်နေကြသော နှော



www.burmeseclassic.com

www.burmeseclassic.com



ပလာစီ၏အသံပင် မကြားလိုက်ရဘဲ အခန်းတံခါးမှာ ကျွိကနဲ ပွင့်လာသည်။

အခန်းပေါက်ဝမှာ မီးအလင်းရောင် နည်းနေသော ကြောင့် မည်သူမည်ဝါမှန်း သဲသဲကွဲကွဲ မမြင်ရသော်လည်း မျက်နှာဖြူအရာရှိတစ်ဦးမှန်းတော့ သိလိုက်သည်။

သို့ကြောင့် နှုတ်ဆက်ရန် နေရာမှ ထရပ်လိုက်သည်။

ထိုအခိုက်မှာပင် အခန်းပေါက်ဝမှာ ရပ်နေသူက အခန်း တွင်းသို့ တစ်လှမ်းချင်း ဝင်လာသည်။

၎င်းဝတ်ဆင်ထားသောဝတ်စုံမှာ မျက်နှာဖြူအရာရှိ တစ်ဦး ဝတ်ဆင်သည့်ဝတ်စုံဖြစ်သော်လည်း မျက်နှာကတော့ သူ မသိသော မျက်နှာဖြစ်သည်။

စိတ်ထဲမှာတော့ ယခုမှ အသစ်ပြောင်းရွှေ့လာသော အရာရှိတစ်ဦးက မိတ်ဆက်ရန် ဝင်လာသလားဟု ထင်လိုက်မိ သည်။

"ခင်ဗျားဘယ်သူလဲ"

"ကျုပ်နာမည် ကပ္ပတိန်ဖော့စ်ပါ"

"ဟင်. . . ကပ္ပတိန်ဖော့စ် ဟုတ်လား၊ ခင်ဗျားက ဘယ် မှာ တာဝန်ကျနေတာလဲ"

"အရင်ကတော့ မကွေးနဲ့ရှမ်းပြည်နယ်က တော်လှန် ရေးသမားတွေကို တိုက်ခိုက်ရတဲ့တပ်တွေမှာ တာဝန်ယူခဲ့ရပါ တယ်၊ အဲဒီလို တိုက်ခိုက်ရင်းနဲ့ သာစည်လမ်းခွဲတိုက်ပွဲမှာ ကျဆုံး ခဲ့ရတာပါ"





"ဟင်. . ."

ထိုစကားကြောင့် ကင်းဘဲမှာ များစွာတုန်လှုပ်သွားလေ သည်။

စောစောက မှုန်နေသောအရက်အရှိန်ကလေးပင် လွင့် စဉ်သွားသကဲ့သို့ ထင်ရလေသည်။

ထိုအခါမှ အသေအချာ ကြည့်လိုက်သောအခါ ထိုသူ ၏မျက်နှာမှာ လူသေမျက်နှာမျိုးကဲ့သို့ ဖြစ်နေသည်ကို သတိပြုမိ လိုက်သည်။

"ခင်. . ခင်ဗျားဘာလာလုပ်တာလဲ"

"ကျုပ်လာတာ တခြားမဟုတ်ပါဘူး၊ ခင်ဗျားကို ပြော စရာရှိလို့ပါ"

"ဘာ. . ဘာပြောမှာလဲ"

"ခင်ဗျားတို့ အခု ကြံစည်နေတဲ့ကိစ္စကို ဆက်မလုပ်ကြဖို့ လာပြီးသတိပေးတာပါ၊ တကယ်လို့ ဆက်လုပ်မယ်ဆိုရင် ကျုပ် လိုပဲ အသေဆိုးနဲ့ သေရလိမ့်မယ်"

"ခင်ဗျားက ဘယ်လိုသေခဲ့ရတာလဲ"

"ကျုပ်လည်း ဒီနယ်ကို ရောက်စက ဘုရားဟောင်း တစ်ဆူကို ဖျက်ဆီးပြီး ဌာပနာတွေ ထားတဲ့ ရွှေငွေရတနာတွေကို ယူခဲ့ဖူးတယ်၊ အဲဒီလို ယူပြီး မကြာခင်မှာပဲ သာစည်လမ်းခွဲတိုက်ပွဲ မှာ အသေဆိုးနဲ့ သေခဲ့ရတယ်"

ထိုစကားကြားသောအခါ ကင်းဘဲမှာ အံ့သြတုန်လှုပ် သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

“ခင်ဗျားက ဒါတွေကို ဘယ်လိုသိတာလဲ”

“ကျုပ်က ဝိညာဉ်ဘဝ ရောက်နေပြီဆိုတော့ ခင်ဗျားတို့ ပြောဆိုတိုင်ပင်နေတာကို သိနိုင်ပါတယ်၊

ကျုပ်ပြောတာကို လက်ခံပါ၊ သူတို့တွေ ယုံကြည်ကိုးကွယ်တဲ့ ဘာသာတရား၊ ဘုရားပုထိုးတွေ စေတီတွေကို ဖျက်ဆီးရင် အန္တရာယ်ဆိုးနဲ့ တွေ့ရမှာ မုချပဲ၊ ကျုပ်တို့ ယုံကြည်ကိုးကွယ်တဲ့ ဘုရားသခင်လည်း မကယ်နိုင်ဘူး”

“ဘာကြောင့်လဲ. . . သူတို့က ကျိန်စာဆိုထားလို့လား”

“တချို့နေရာတွေမှာလည်း ကျိန်စာဆိုထားတာ ရှိတယ်၊ တချို့နေရာတွေမှာတော့ မရှိဘူး၊ ဒါပေမယ့် ကျိန်စာဆိုထားတာထက်ပိုပြီး ကြောက်စရာကောင်းတာတွေရှိတယ်”

“အဲဒါဘာတွေလဲ”

“တခြားမဟုတ်ဘူး. . . မြန်မာလူမျိုးတွေရဲ့ ဖြူစင်သန့်ရှင်းတဲ့ စေတနာတရားနဲ့ သဒ္ဓါတရားတွေပါပဲ၊

သူတို့က ဘုရားကို လှူရင် အဲဒီစေတနာသဒ္ဓါတရားတွေနဲ့ လှူကြတာဆိုတော့ အဲဒါတွေကို ဖျက်ဆီးတဲ့အခါ ကြောက်စရာကောင်းတဲ့ အန္တရာယ်ဆိုးတွေနဲ့ ကြုံတွေ့ရမှာ မုချပဲ”

ထိုသို့ပြောပြီးနောက် ကပ္ပတိန်ဖော့စ်ဆိုသူမှာ နေရာမှာတရွေ့ရွေ့နှင့် ပြန်လည်ထွက်ခွာသွားရာ အခန်းပေါက်ဝ ရောက်သောအခါ ဖျပ်ကနဲ ပျောက်ကွယ်သွားလေတော့သည်။

မစ္စတာကင်းဘဲမှာ မယုံကြည်နိုင်စရာကောင်းလှသော





အဖြစ်အပျက်များကြောင့် ပါးစပ်အဟောင်းသား ဖြစ်ကာ ကျန်ခဲ့လေသည်။



www.burmeseclassic.com



www.burmeseclassic.com



## အခန်း(၃)

# သဲပုံနှင့်အစွဲ ရေဲခံမည်သူ

မကွေးတိုင်း မကွေးမြို့နယ်တွင် ရှေးဟောင်းဘုရားစေတီပုထိုးတော်များစွာရှိလေသည်။

ထင်ရှားသောသမိုင်းစေတီဘုရားများနှင့် ရှေးဟောင်းနေရာများ ရှိပေရာ မကွေးမြသလွန်၊ စက္ကတိန်းတည်းစေတီတော်၊ မင်းဘူးနဂါးပွက်တောင်၊

ရွှေစက်တော်ဘုရား၊ ကျောင်းတော်ရာစေတီတော်ကြီးအစရှိသည်တို့ ပါဝင်ပေမည်။

ရွှေစက်တော်မှာ မြတ်စွာဘုရားခြေတော်ရာ ရှိသောနေရာဖြစ်ပြီး ကျောင်းတော်ရာစေတီ တည်ရှိသောနေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟာပုဏ္ဏ ရဟန္တာအရှင်မြတ်၏ အဓိဋ္ဌာန်ပြုချက်အရ ပေါ်ပေါက်လာသော သေလာမယကျောက်စေတီနှင့် ဘုရားရှင်သိတင်းသုံးတော်မူရာ ပလ္လင်နေရာဖြစ်သည်။

ယင်းစေတီတော်ကြီးအနီးတွင် ထောင့်လေးထောင့်တွင် မူလ စန္ဒကူးနံ့သာကျောင်းတော်ကြီး၏ အကျယ်အဝန်းကို မဟာပုဏ္ဏရဟန္တာအရှင်မြတ်၏ အဓိဋ္ဌာန်ပြုချက်အရ ပေါ်ပေါက်လာသော မှတ်တိုင်လေးချက်ရှိသည်။

ကျောင်းတော်ရာစေတီတော်၏ဘုရားဝတ္တက မြေမှာလည်း များစွာကျယ်ဝန်းလှသည်။

ဘုရားကြီးကို အတွင်းပြု၍ အရှေ့အနောက် ကိုးမိုင်ခန့်၊ တောင်နှင့်မြောက် ငါးမိုင်ခန့်၊ အရှေ့တောင်ဘက်နှင့် အနောက်မြောက်ထောင့်တွင် ခုနစ်မိုင်ခန့်၊

အနောက်တောင်ထောင့်နှင့် အရှေ့မြောက်ထောင့် ရှစ်မိုင်ခန့် ကျယ်ဝန်းလေရာ စုစုပေါင်း အကျယ်အဝန်း မြေဧက (၂၃၅၀၉) ဧရိယာခန့် အကျယ်အဝန်းရှိပေသည်။

ဘုရားဝတ္တက မြေအတွက် သတ်မှတ်ထားသောနေရာများကိုလည်း ကျောက်တိုင်များ စိုက်ထူထားသည်။

ထိုကျောက်တိုင်များကို မည်သည့်နည်းနှင့်မှ ဖယ်ရှား၍ မရပေ။

အရှေ့မြောက်ထောင့်၌ စိုက်ထူထားသော ကျောက်တိုင်နှင့် ပတ်သက်သည့် ထူးခြားဆန်းကြယ်မှုတစ်ခု ရှိခဲ့ဖူးသည်။ ၎င်းကျောက်တိုင်မှာ လယ်ကွင်းတစ်ခု၏ကန်သင်းထောင့်နား၌





တည်ရှိလေသည်။

၎င်းလယ်ကို လုပ်သောသူသည် ကျောက်တိုင်နှင့် ကန်သင်းကြား တွန်တုံးမလှည့်သာသောကြောင့် ကျောက်တိုင်ကို နှုတ်ယူပြီး ကန်သင်းအဝေါ်သို့ ရွှေ့စိုက်လိုက်လေသည်။

ထိုသူသည် အလုပ်ကိစ္စပြီး၍ အိမ်သို့ပြန်သွားရာ အိမ်ပေါ် ရောက်သည်နှင့် မျက်စိတစ်ဖက်မှာ အလိုလို နိမ့်ကျသွားလေတော့သည်။

ထိုအခါ ရွာ၌ ရှိသော ဆေးဆရာကြီးအား သွားရောက်ပြသရာ ဆရာကြီးက စမ်းသပ်ကြည့်သောအခါ မျက်စိနှင့် ပတ်သက်၍ ရောဂါတစ်စုံတစ်ရာ ရှာမတွေ့သဖြင့် အံ့သြသွားလေသည်။

"မင်းမှာ မျက်စိဝေဒနာနဲ့ ပတ်သက်ပြီး ဘာမှမရှိဘူး၊ အမှားအယွင်းတစ်ခုခုများ လုပ်ခဲ့မိသလား"

ဟု မေးလေသည်။

"တခြားတော့ ဘာမှမလုပ်မိဘူး ဆရာကြီး၊ လယ်ကွက်ထဲမှာ စိုက်ထားတဲ့ ဘုရားဝတ္တကမြေ သတ်မှတ်ထားတဲ့ ကျောက်တိုင်ကို ထွန်တုံးနဲ့ မလွတ်တဲ့အတွက် နှုတ်ပြီး ကန်သင်းပေါ်မှာ ရွှေ့စိုက်ထားခဲ့ပါတယ်"

"အဲဒါမျိုးက မလုပ်ကောင်းဘူး၊ ရှေးတ လှူဒါန်းထားခဲ့တဲ့ဘုရင်တွေက ဘုရားဝတ္တကမြေ သတ်မှတ်တဲ့အခါမှာ ကျိန်စာဆိုပြီး စိုက်ထားခဲ့ကြတာဆိုတော့ မင်းတော့ ကျိန်စာသင့်ခဲ့ပြီနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"မင်းရွှေ့ခဲ့တဲ့ကျောက်တိုင်ကို မူလနေရာ ပြန်စိုက်လိုက်ရင် မင်းရဲ့မျက်စိ ပြန်ကောင်းသွားလိမ့်မယ်"

ဟု ပြောသဖြင့် လယ်ကွင်းထဲသို့ ချက်ချင်းပြန်သွားပြီးနောက် ရွှေ့ပြောင်းထားခဲ့သောကျောက်တိုင်ကို မူလနေရာသို့ ပြန်လည်စိုက်ထူလိုက်သောအခါမှ နိမ့်ကျနေသောမျက်လုံးမှာလည်း မူလအတိုင်း ပြန်ကောင်းသွားလေတော့သည်။

ကျောင်းတော်ရာစေတီတော် တည်ရှိသောနေရာမှာ လယ်ကိုင်းမြို့အတွင်း၌ဖြစ်သည်။

လယ်ကိုင်းမြို့မှာ စကုမြို့မှ မြောက်ဘက်(၆)မိုင်ခန့်အကွာ၌ တည်ရှိလေသည်။ လယ်ကိုင်းမြို့မှ အရှေ့ဘက် (၄)မိုင်ခန့် ခရီးဆက်သောအခါမှသာ ကျောင်းတော်ရာစေတီတော်တည်ရှိသောနေရာသို့ ရောက်နိုင်ပေသည်။

ကျောင်းတော်ရာစေတီတော်ကြီးမှ အရှေ့ဘက် ငါးဖာလုံခန့် ကွာဝေးသောနေရာ၌ မုံးမြစ်ကမ်းရှိသည်။

မုံးမြစ်ကမ်း၌ ဘူးသည်ရွာရှိပြီး ထိုဘူးသည်ရွာ၏ ဆင်ခြေဖုံး မြစ်ကမ်းပါး၌ ဝါတွင်းကာလ ရောက်သည်နှင့် ဘုရားဖူးငါးကြီးများ လာရောက်လေ့ရှိသည်။

မိုးတွင်းကာလ ရောက်လျှင် မုံးမြစ်ရေများ လျှံတက်လာလေ့ရှိသည်။ ထိုကဲ့သို့ မြစ်ရေတိုးသော မိုးကာလအချိန်သို့ ရောက်လျှင် မကွေး၊ မင်းဘူး၊ ပခုက္ကူ၊ အောက်ဆင်ပေါင်ဝဲ၊ မိကျောင်းရဲ အစရှိသောမြို့များမှ ရေလမ်းခရီးဖြင့် ဘုရားဖူး





ဆင်းလာကြသည်။

ငါးကြီးများ ရောက်လာချိန်နှင့် ကြုံပါက ငါးစာကျွေးရသည်မှာ ပျော်စရာကောင်းလှသည်။

ရွှေစက်တော်မှာ မန်းချောင်း၊

ကျောင်းတော်ရာမှာ မုံးချောင်းတို့မှာ ဘုရားဖူး လာသူများအတွက် ပျော်စရာကောင်းသောနေရာများဖြစ်သည်။

ကျောင်းတော်ရာစေတီတော်မြတ်ကြီးသို့ ဝါတွင်းကာလ ဘုရားဖူးလာကြသော ငါးကြီးများအား ငါးစာကျွေးရင်း ကုသိုလ်လည်းရ ပျော်စရာလည်း ကောင်းလှပေသည်။

ထိုအချိန်မျိုးတွင် ဘုရားရင်ပြင်တော်နှင့် တန်ဆောင်း၊ ဇရပ်များ၌ ဘုရားဖူးများဖြင့် ပြည့်နေတတ်သည်။

ကျောင်းတော်ရာဘုရားသို့ နှစ်စဉ် ဝါတွင်းကာလအချိန်ကျလျှင် လာရောက်လေ့ရှိသော ဘုရားဖူးငါးကြီးများမှာ ငထွေငါးကြီးများဖြစ်သည်။

အကောင်အရေအတွက် မည်မျှမည်မျှ ရှိသည်ကို မသိရသော်လည်း အတော်များသည်။

ထိုငါးကြီးများ၏ထူးခြားသောအချက်များမှာ. . .

ဝါတွင်းကာလ၌သာ ဘုရားဖူး လာရောက်လေ့ရှိပြီး အခြားအချိန်များတွင် လာရောက်လေ့မရှိပေ။

ဝါမထပ်လျှင် ပဌမဝါဆိုလပြည့်နေ့ ရောက်၍ သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့တွင် ပြန်ကြလေသည်။ ဝါထပ်လျှင် ဒုတိယဝါဆိုလပြည့်နေ့မှ ရောက်၍ သီတင်းကျွတ်လပြည့်



www.burmeseclassic.com

www.burmeseclassic.com



ကျော်(၁)ရက်နေ့တွင် ပြန်ကြသည်။

အစာကျွေးရာမှာလည်း မုန့်ပဲသွားရည်စာ၊ ဖွဲနုဆုပ်၊ ထန်းသီးမုန့် စသော သက်သက်လွတ်အစာမျိုးသာကျွေးရ၏၊ အညှီအဟောက်အသားများ မကျွေးရပေ။ ဘုရားဘက်ကမ်းမှသာ ကျွေးရ၏၊ တစ်ဖက်ကမ်းမှ ကျွေးလျှင် မစားကြပေ။

အစာစားရသည်ဖြစ်စေ၊ မစားရသည်ဖြစ်စေ၊ တစ်ဝါတွင်းကာလပတ်လုံး နေ၏။ ဤဒေသ၌ အချို့နှစ်များတွင် တစ်ဝါတွင်းလုံး မလာရောက်နိုင်သဖြင့် အစာမကျွေးနိုင်ကြပေ၊ သို့သော် ယင်းငါးများသည် မပြန်ဘဲ တစ်ဝါတွင်းလုံး ရှိနေကြပေသည်။

ရင်းငါးများသည် အကိုင်လည်း ခံ၏။ ပါးစပ်ထဲ လက်သွင်း၍ အစာခွံ့လျှင် လက်နှုတ်မှ အစာဝါး၏။ ကလေးလူကြီးများ ငါးစာကျွေးရင်း ရေများနှင့် ချော်၍ ငါးအုပ်ထဲ ကျသွားသော်လည်း မည်သို့မျှ အန္တရာယ်မပြုပေ။ ဆူးတောင်များ ရုတ်ထား၍ ဆူးတောင်များနှင့်ပင် မခြစ်မိချေ။

အချို့ပုဂ္ဂိုလ်များသည် ရေခါးလောက် နက်သည့်တိုင်အောင် ဆင်း၍ ငါးအုပ်ထဲတွင် အစာကျွေးကြ၏။

အချို့ငါးပေါသော အောက်ပြည်အောက်ရွာဒေသနေပုဂ္ဂိုလ်နှင့် နိုင်ငံခြားသားတို့သည် ရေရှင်(စီးဆင်းနေသော မြစ်ချောင်းတွင်း)၌ နေသောငါးများအား ခေါ်၍ အစာကျွေးလို့ရသည်။

'အချိန်မှန်မှန် ဝါတွင်းကို သိ၍လာသည်' ဆိုခြင်းကို





မယုံကြည်ခဲ့၍ ကိုယ်တိုင်လာရောက်ပြီး လေ့လာကြရာတွင် တွေ့မြင်သွားမှ ယုံကြည်သွားကြလေသည်။

ရှေးမြန်မာဘုရင်များလက်ထက်အခါက ဘုရားဆရာတော်သည် ဘုရားငါးကြီးများအနက် အကြီးဆုံးတစ်ကောင်အား ဦးခေါင်းတွင် ရွှေချလွှတ်လိုက်ရာ နှစ်ပေါင်းအတန်ကြာအောင် ရင်းငါးကြီးသည် ဆက်၍ပါလာသည်ကို တွေ့မြင်ကြရလေသည်။

ယင်းငါးများသည် ရှေးအခါက ရင်းတို့ ဝင်ချိန်ထွက်ချိန်တွင် မုံးချောင်းအတွင်း ပိုက်ဖြတ်ချထားလျှင် ဘုရားဆရာတော်ထံ အိပ်မက်ပေး၏၊ ဆရာတော်သည် လှေနှင့် စုန်ဆင်း၍ ပိုက်များကို ဖော်စေ ဖယ်ရှားစေရ၏။

ဤဒေသ၌ ရှေးမြန်မာမင်းများလက်ထက်မှ ယနေ့တိုင်အောင် ငါးဝင်ချိန်ထွက်ချိန်ဖြစ်သော ဝါဆိုလဆန်း(၈)ရက်မှ လဆုတ်(၈)ရက်အထိနှင့် သီတင်းကျွတ်လဆန်း(၈)ရက်မှ လဆုတ်(၈)ရက်အထိကာလတို့တွင် မြစ်ဝမှ ဘုရားအထက်ဝတ္တကနယ်မြေအဆုံးအထိ ပိုက်မချရသော ဒေသန္တရဥပဒေရှိလေသည်။

ယနေ့တိုင်အောင်ပင် စည်းကမ်းမလိုက်နာပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပုဂ္ဂိုလ်တို့မှ ဖမ်းဆီးအရေးယူခြင်းကို ခံရလေသည်။

ယင်းငါးများသည် အမျိုးအစားအားဖြင့် ငါးထွေများဟု ခေါ်ဝေါ်ပြောဆိုနေကြလေသည်။ သို့သော် မြစ်ထဲမှ ရိုးရိုး



www.burmeseclassic.com

www.burmeseclassic.com

ငါးထွေများနှင့် မတူပေ၊ ယခုငါးများမှာ ဦးခေါင်းရှည်၏၊ ညိုစော်မန်၊ အခြားမျိုးကွဲငါးများ လုံးဝမပါဝင်ပေ၊ အရောင်အဆင်းဆွတ်ဆွတ်ဖြူ၏၊ (ကြွေရောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူသော ငါးတစ်ကောင်ပင် ပါဝင်၏) တစ်ခါတစ်ရံမှသာ ပေါ်လာ၏၊ အကိုင်ခံ၏၊ ယဉ်ပါး၏၊

ယင်းဘုရားငါးများကို မဖမ်းမသတ်ဝံ့ကြပေ။ (သတ်မိလျှင် ဒုက္ခရောက်ကြရ၏) တံငါသည်များပင် ဘုရားငါး မိလျှင် ပြန်လွှတ်ကြ၏။ ဤသို့မပြုမိပါက တံငါဖြစ်လျှင် လှေရောပိုက်ပါ ပြုတ်၍ မွဲတေ ဒုက္ခရောက်၏ဟု အယူရှိကြ၏။

ယင်းငါးများ မပြန်မီ မုံးချောင်းအတွင်း ရေနည်းသွားခဲ့သော် ပြန်ချိန်ရောက်ပါက ငါးများ ပြန်ထွက်လောက်အောင် မုံးချောင်းရေများက တိုးပေးရလေသည်။

ယင်းငါးများသည် ဝါတွင်းကာလတွင် ဤကျောင်းတော်ရာဘုရား၌သာ ရှိနေကြပြီး ပြန်သွားသောအခါ မြန်မာပြည် တစ်ပြည်လုံး မည်သည့်နေရာတွင်မှ မပေါ်၊ မတွေ့ရှိတော့ပေ၊

မည်သည့်အချိန်မှစ၍ ဤငါးများ လာကြသည်ဟု မည်သူတစ်ဦးတစ်ယောက်မျှ မပြောပြနိုင်သောကြောင့် ဘုရားကြွစဉ်အချိန်နှင့် တပါတည်း ငါးများပါ ဘုရားဖူး လာကြသည်ဟု ယူဆဖွယ်ရှိသည်။

ဤသို့ ရေရှင်(ဝါ)စီးဆင်းနေသောရေ၌ နေသော အဟိတ် တိရစ္ဆာန်ငါးသတ္တဝါများသည်ပင် အချိန်မှန်မှန်လာ၍ ဝါတွင်းကာလ ဘုရားဖူးကြရခြင်းမှာ မြန်မာပြည်၌ ဤကျောင်း





တော်ရာစေတီတော်ကြီးတစ်ဆူသာ ရှိနေသောကြောင့် အလွန်ထူးခြား၍ တန်ခိုးကြီးမားလှသည်၊

ဤငါးများ လာခြင်းသည် ဝါတွင်းကာလဖြစ်ပြီး ဤကျောင်းတော်ရာ စန္ဒကူးနံ့သာကျောင်းတော်ကြီး ဖြစ်ပေါ်လာခြင်း၊ မြတ်စွာဘုရား သီတင်းသုံးတော်မူခြင်းကလည်း ဝါတွင်းကာလဖြစ်သောကြောင့် အဋ္ဌကထာများ၌ လာသောစကားအရ မြတ်စွာဘုရား ကျောင်းတော်ဆောက်ရန် စန္ဒကူးနံ့သာသစ်တုံးများကို စန္ဒကူးတောမှ ခုတ်ယူ၍ စူဠပုဏ္ဏာသူကြွယ်အမှူးပြုသော ကုန်သည်ငါးရာတို့သည် ရွက်သင်္ဘောဖြင့် သယ်ဆောင်ခဲ့ကြသောကြောင့် ကျွန်းစောင့်နတ်ဘီလူးများသည် အမျက်ထွက်သဖြင့် ဖျက်ဆီးရန် လိုက်၍နှောင့်ယှက်ကြရာတွင် မဟာပုဏ္ဏရဟန္တာအရှင်မြတ်၏တန်ခိုးတော်ကြောင့် ၎င်းနတ်ဘီလူးတို့၏ အကြံသည် မအောင်မြင်ခဲ့ဘဲ လွှတ်လိုက်ရကြောင်း ပါရှိလေသည်။

ထို့ကြောင့် အဘိဓမ္မာဒေသနာတော်လာ ကံကမ္မနိမိတ်ကတိနိမိတ်သဘောအရ နတ်ဘီလူးတို့သည် စုတိစိတ်ကျခါနီးအခါတွင် သယ်ဆောင်ယူသွားခြင်း ခံရသော ၎င်းတို့၏စန္ဒကူးသစ်များကို အာရုံစွဲ၍ စုတိစိတ်ကျသောကြောင့် ရွက်သင်္ဘောသွားရာကို ရေထဲမှ လိုက်နိုင်သော ငါးသတ္တဝါများဖြစ်လျက် ၎င်းတို့၏စန္ဒကူးသစ်များရှိရာ ဤကျောင်းတော်ရာဌာနသို့ လိုက်ပါခဲ့ခြင်းများ ဖြစ်လေမလားဟု ယူဆစရာအကြောင်းရှိပေသည်၊

အကြောင်းမှာ ဓမ္မပဒအဋ္ဌကထာ၌ ယောသကသူဌေး


www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတွင် ယောသကအလောင်း သူဆင်းရဲသည် အစာကြောင့် စားပိုးနင့်နေစဉ်အချိန်တွင် အစာစားနေသော ခွေးမကြီးကို အာရုံပြု၍ ဝိညာဉ်ချုပ်သွားသောကြောင့် ခွေးမကြီး၏ဝမ်းထဲတွင် ခွေးကလေးဖြစ်သွားရလေသည်။

တစ်ဖန် ၎င်းယောသကအလောင်း ခွေးကလေးသည် ပင် ခွေးဘဝတွင် ရှင်ပစ္စေကဗုဒ္ဓါတစ်ပါးကို ခွေးတို့ဘာဝ ခင်မင် တွယ်တာလျက် ရှိနေပေသည်။

တစ်နေ့သော် ရှင်ပစ္စေကဗုဒ္ဓါသည် ဈာန်အဘိညာဉ် တန်ခိုးဖြင့် ကောင်းကင်ခရီး ကြွသွားသဖြင့် ယောသက အလောင်း ခွေးကလေးသည် မလိုက်နိုင်ဘဲ ခင်မင်တွယ်တာမှု ဖြင့် ရှင်ပစ္စေကဗုဒ္ဓါ ကြွသွားရာသို့ ကြည့်၍အူနေစဉ် ရင်ကွဲနာကျ ၍ သေသွားသောအခါ ကုသိုလ်အာရုံကြောင့် နတ်ပြည်၌ ယောသကနတ်သားဖြစ်လေသည်။

ဤဝတ္ထုသာဓကကို ထောက်လျှင် သတ္တဝါများသည် ကံ ကမ္မနိမိတ်၊ ဂတိနိမိတ်သဘောအရ အာရုံစေစားရာ စွဲလမ်း ရာမှာ(အရိယာ မဖြစ်သေးသမျှ) ပုထုဇဉ်သဘာဝအရဖြစ်ရ ကြောင်း ထင်ရှားလှပေသည်။

သို့ဖြစ်၍ ဤယောသကဝတ္ထုကို ထောက်ဆလျှင် ဤ ကျွန်းစောင့်နတ်ဘီလူးများသည် ၎င်းတို့၏စန္ဒကူးသစ်များ သယ် ဆောင်ယူသွားရာ ဤဌာနသို့ အာရုံစွဲလမ်းမိစဉ် စုတိကျ၍ ငါးများဖြစ်ခြင်းလောဟု ယူဆဖွယ်ရှိလေသည်။

ကျောင်းတော်ရာဘုရားကြီးနှင့် ပတ်သက်၍ အခြား





ထူးဆန်းသော အကြောင်းအရာတစ်ခုလည်း ရှိပေသည်။

ရှေးအခါက ကျောင်းတော်ရာဘုရား၏စိန်ဖူးတော်၌ အလွန်အဖိုးထိုက်တန်သော စိန်အစစ်တစ်လုံးကို တပ်ဆင် လှူဒါန်းထားလေသည်။

ထိုစိန်ပွင့်ကြီးမှာ နေထွက်လာပြီး နေရောင်ခြည်နှင့် ထိ တွေ့သည်နှင့် အရောင်တဖျပ်ဖျပ် တောက်ပလျက် ရှိနေချေ သည်။

ဘုရားကို စောင့်ရှောက်လည်း နေ့စဉ်ဘုရားရင်ပြင် တော်အပေါ် သွား၍ တံမြက်လှည်း ဝတ်ပြုရင်း ၎င်းစိန်ဖူးတော် အား ကြည့်ရှုလေ့ရှိသည်။

တစ်နေ့သ၌ ဘုရားရင်ပြင်တော်ပေါ် ရောက်ပြီး စိန်ဖူး တော်အား ကြည့်သောအခါ မတွေ့ရတော့ပေ။ ဆရာတော် လည်း အောက်သို့ ပြုတ်ကျလေသလားဟု ရင်ပြင်တော်အနှံ့ လိုက်လံရှာဖွေရင်းနှင့် ရာဟုထောင့်သို့ ရောက်သောအခါ ရင်ပြင် တော်ပေါ်မှာ ပုံထားသည့် သဲပုံတစ်ပုံကို တွေ့ရလေသည်။

ဤသို့ဖြင့် နှစ်အတန်ကြာသောအခါ စိန်ဖူးတော်အား ခိုးယူသွားသူသည် တစ်ကိုယ်လုံး နူနာရောဂါများ စွဲကပ်ကာ သေဆုံးကာနီးအချိန်ရောက်သောအခါမှ ဆည်ပုံးဆရာတော်ကြီး ဦးပေသလာစာရထံ ရောက်လာပြီး ၎င်းမိုက်ပြစ်အား ဝန်ချ တောင်းပန်လေသည်။

ဆရာတော်ကြီးက ဘယ်ပုံဘယ်နည်း ခိုးယူခဲ့သလဲဟု မေးသောအခါ စိန်ဖူးတော်အား ရအောင်ခိုးယူပုံကို ပြောပြလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ထိုသူသည် ဆင်းရဲလွန်းသောကြောင့် ဘုရားတွင် တပ်ဆင်ထားသော စိန်ဖူးတော်အား ခိုးယူရန် စိတ်ကူးပေါ်လာသဖြင့် ဘုရားပေါ် တက်ရန် ပစ္စည်းကိရိယာများ ပြုလုပ်၍ သွားလေသည်။

အဝေးမှ ကြည့်စဉ်က စိန်ဖူးတော်ကို လှမ်းမြင်ရသော်လည်း ဘုရားရင်ပြင်တော်သို့ ရောက်သောအခါ စိန်ဖူးတော်ကို မမြင်ရပေ။

အောက်မှ ကြည့်၍ မမြင်ရလေသလားဟု တွေးတောကာ ဘုရားပေါ် တက်ပြီး စိန်ဖူးတော်ကို ရှာဖွေသော်လည်း ထီးတော်ရှိရာ ရောက်သည့်တိုင် စိန်ဖူးတော်ကို ရှာမတွေ့ပေ။

တစ်ခါ အောက်သို့ ပြန်ဆင်းလာပြီး အဝေးမှ လှမ်းကြည့်သောအခါ စိန်ဖူးတော်အား အတိုင်းသား လှမ်းမြင်ရပြန်သည်။

မကျေနပ်၍ ဘုရားပေါ် ပြန်တက်ပြီး ရှာပြန်တော့ စိန်ဖူးတော်အား မတွေ့ရပြန်ချေ။

ဤသို့ဖြင့် အကြိမ်ကြိမ် ရှာဖွေသော်လည်း စိန်ဖူးတော်အား ရှာမတွေ့ဘဲ ရှိလေရာ နောက်ဆုံး ကြံစည်ရာ ရှာမတွေ့တော့သည့်အဆုံး ဘုရားခြေတော်ရင်းမှာ သဲတစ်ပြည်ခန့် ပုံပြီး. .

"ဤသဲပုံသဲလုံးနှင့်အမျှ ခံပါမည်ဘုရား၊ ဤအကြောင်းကြောင့် တပည့်တော်အလိုဆန္ဒ ပြည့်ဝပါစေသား"





ဟု သစ္စာပြုပြီး ဘုရားပေါ် တက်သွားသောအခါမှ စိန်ဖူးတော်အား တွေ့ရသဖြင့် ဖြုတ်ယူခဲ့ပေသည်။

ရင်းစိန်ဖူးတော်အား ရောင်းချစားသောက်ခဲ့ရာ မကြာခင်မှာပင် နူနာရောဂါများ စွဲကပ်လာပြီး လူတောမတိုးဝံ့အောင်ဖြစ်လာပြီး နောက်ဆုံး အသက်သေရမည့် အခြေအနေသို့ ရောက်ရှိခဲ့တော့မှ နောင်တရကာ ဆရာတော်ကြီးထံ ရောက်လာပြီး ဝန်ချတောင်းပန်ပြီး အကြောင်းစုံ ပြောပြသွားခဲ့ခြင်းဖြစ်သည်။

၎င်းအား စိန်ဖူးတော် ခိုးယူရန် အကြံပေးပြီး ဘုရားပေါ် တက်ရန် အကြံပေးသူများမှာလည်း ဆင်းရဲမွဲတေမှုများဖြစ်ကာ ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ရလေသည်။

တကယ်တော့ နောင်တဟူသည် နောင်မှ ရစမြဲ ဖြစ်လေရာ ဖြစ်မှုဝဋ်ကြွေးကတော့ မလွတ်သာတော့ပြီ။

သဲတစ်ပွင့် ဘဝတစ်ခုနှင့် တစ်ပြည်ခန့် ရှိသော သဲပွင့်အရေအတွက်အတိုင်း ယခုလို ဘဝဆိုးများနှင့် ကြုံလိုက်၊ သေသည်နှင့် ငရဲကျလိုက်နှင့် ရှိပေရာ သံသရာတစ်လျှောက်လုံး ခံရတော့မည်သာ ဖြစ်သည်။

ကြောက်မက်ဖွယ်ကောင်းလှပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၄)

# ရေအောက်မှ ထူးဆန်းသော ရွှေဆင်းတုတော်

မုံးချောင်းမြစ်ကမ်းတစ်လျှောက်တွင် ရှေးကတည်းက တည်ရှိခဲ့သော ရွာဟောင်းကြီးများရှိလေသည်။

ထိုကျေးရွာကြီးများမှာ လယ်ယာမြေများ ကောင်းမွန်သောကြောင့် စည်သည်၊ အတော်များများမှာ အိမ်ကြီးအိမ်ကောင်းများရှိကြလေသည်၊

ရှေးဟောင်းရွာကြီးများ ဖြစ်သည်နှင့်အညီ ဘုရား၊ စေတီ၊ ကျောင်း၊ ကန် စသည်တို့လည်း အနည်းနှင့်အများ ရှိကြပေသည်၊ ရွာများ၌ ဘုန်းတော်ကြီးကျောင်းများကို ကြီးမားခိုင်ခံ့



www.burmeseclassic.com

www.burmeseclassic.com

စွာ ဆောက်လုပ်လေ့ရှိကြသည့်အတိုင်း ရွာတစ်ရွာသို့ ဝင်လိုက်သည်နှင့် စုလစ်မွတ်ချွန်တို့ဖြင့် တင့်တယ်လှသော ဘုန်းကြီးကျောင်းများကို အရင်တွေ့မြင်ကြရလေသည်။ ဘုန်းတော်ကြီးကျောင်းရှိသည်နှင့် စေတီ၊ ဘုရားတို့လည်း ရှိပေသည်။

မုံးမြစ်ကမ်းပါးတစ်လျှောက်တွင် ရှေးနှစ်ပေါင်းများစွာကတည်းက ရှေးဟောင်းစေတီအတော်များများ ရှိပေသည်။ ထိုစေတီများမှာ ရှေးက ကျောင်းတော်ရာစေတီတော်သို့ ဘုရားဖူးလာသော ဘုရင်များ တည်ထားခဲ့သည့် စေတီဘုရားများလည်း ပါသည်။

ရှေးဘုရင်အဆက်ဆက်တို့သည် ကျောင်းတော်ရာစေတီတော်ကြီးကို လာရောက်ဖူးမြော်ရင်း ပြုပြင်ခဲ့သော မှတ်တမ်းများအရ ထိုနေရာပတ်ဝန်းကျင်တစ်ဝိုက်တွင် ဘုရား၊ ပုထိုး၊ စေတီအများအပြား ပေါ်ပေါက်ခဲ့ပေသည်။ သက္ကရာဇ်(၆၆၈) ခုနှစ်တွင် အလောင်းစည်သူမင်းမှ စကာ သက္ကရာဇ်(၁၂၄၂)ခုနှစ်တွင် သီပေါမင်းက လယ်ကိုင်းမြို့စား သေနတ်ဝန် ကင်းဝန်မင်းကြီးကို စေလွှတ်၍ ထီးတော်တင်လှူစေခြင်းအထိ ရှေးမင်းအဆက်ဆက်တို့ ကောင်းမှုတော် များခဲ့လေသည်။

ထိုနှင့်အမျှ ပုဂံမှာကဲ့သို့ တစ်နေရာတည်းမှာ စေတီဘုရားများ ရှိနေခြင်းမျိုး မဟုတ်ဘဲ လယ်ကိုင်းကျောင်းတော်ရာနယ်တစ်ဝိုက်တွင် နေရာအနှံ့ စေတီဘုရားများစွာတို့ ရှိခဲ့လေသည်။

ထိုအထဲတွင် ပျက်စီးသွားသော စေတီဘုရားများ၊ ကမ်း





ပါးပြိုသဖြင့် ရေအောက်၊ မြေအောက်သို့ ရောက်သွားသော စေတီဘုရားများကလည်း မနည်းလှပေ။

မုံးမြစ်ကမ်းတစ်နေရာတွင် မုံးချောင်းရွာရှိသည်။ မုံးချောင်းရွာသည် ရှေးဟောင်းရွာကြီးတစ်ရွာဖြစ်ကာ လူနေအိမ်ခြေများပြားလှသည်။

ထိုနေရာတွင် နေထိုင်ကြသူများမှာ အများအားဖြင့်တော့ လယ်ယာလုပ်ငန်း လုပ်ကိုင်သူ များလေသည်။

အချို့လည်း မုံးမြစ်အတွင်း ဆင်း၍ သားငါးရှာဖွေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပြုသူအချို့လည်း ရှိပေသည်။ ထိုရွာကို အုပ်ချုပ်သော သူကြီးမှာ ဦးနေဒွန်းဖြစ်သည်။ ဦးနေဒွန်းသည် အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး အသားမည်းမည်းနှင့် မျက်နှာပေါ်မှာ ကျောက်ပေါက်မာများ ရှိသဖြင့် ရုပ်ဆိုးသူတစ်ဦးဖြစ်သည်။

ထို့အတူ စရိုက်ကလည်း ကြမ်းသည်။

၎င်းသည် မုံးချောင်းရွာသူကြီးဟုသာ အမည်တပ်ထားစေကာမူ ဒိုင်နယ်တစ်ခုလုံးကို အုပ်ချုပ်ရသော ဒိုင်နယ်သူကြီးတစ်ယောက်လည်းဖြစ်သည်။

ဦးနေဒွန်းသည် နယ်သူနယ်သားများကို အုပ်ချုပ်ရာတွင် နာမည်ကြီးသလောက် မျက်နှာဖြူအစိုးရကို ဖားရာမှာလည်း နှစ်ယောက်မရှိသူဖြစ်သည်။

မျက်နှာဖြူအရာရှိများက ပေးထားသော နာရီ၊ ငွေဓား၊ သေနတ်၊ နာမည်ကောင်းလက်မှတ်၊ အမှုထမ်းကောင်း လက်



www.burmeseclassic.com

www.burmeseclassic.com



မှတ်များကိုလည်း ရရှိထားသူဖြစ်သည်။

မကြာခဏဆိုသလို မကွေး၊ ပွင့်ဖြူ အစရှိသောမြို့များမှ မျက်နှာဖြူအရာရှိများကို ဖိတ်ကြားကာ ကျွေးမွေးဧည့်ခံလေ့ရှိသည်။

မျက်နှာဖြူများကလည်း ဦးနေဒွန်းကို ကျွန်ယုံလက်ရင်းတစ်ယောက်ကဲ့သို့ သဘောထားကာ လုပ်ပိုင်ခွင့်အာဏာများကို ပေးထားသဖြင့် မောက်မာချင်တိုင်း မောက်မာလျက် ရှိနေတော့သည်။

ရပ်ရွာတွင် အမှုကိစ္စများဖြစ်ပေါ်လာပါက သူ့စကားတစ်ခွန်းနှစ်ခွန်းနှင့် အမှုကိစ္စ ပြီးနိုင်သောအခြေအနေ ရှိရာတစ်နယ်လုံးက ကြောက်ရွံ့နေကြရသည်။

မုံးချောင်းရွာ တည်ရှိနေသောနေရာမှာ မုံးမြစ်နှင့် မဝေးလှပေ။

ရှေးနှစ်ပေါင်းများစွာ မုံးမြစ်မှာ ထိုကဲ့သို့ မကျယ်ဘဲ တစ်ဖက်ကမ်းနှင့်တစ်ဖက်ကမ်း လှမ်းစကားပြောလျှင် ကြားနိုင်လောက်သော အကျယ်အဝန်းရှိသည့် ချောင်းတစ်ခုသာဖြစ်သည်။ သို့ကြောင့် ထိုမုံးချောင်းကို အစွဲပြုပြီး မုံးချောင်းဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။

ရွာတည်စ,က မုံးချောင်းနှင့် လယ်ယာမြေများပင် ခြားနေသေးသည်။ နောက်ပိုင်း နှစ်ကြာလာသည်နှင့်အမျှ မုံးချောင်းကမ်းပါးတစ်လျှောက်မှာ ရေတိုက်စားသဖြင့် တဖြည်းဖြည်းနှင့်ပြိုကျလာကာ ချောင်းအဖြစ်မှ မြစ်အသွင်သို့ ပြောင်းလဲလာလေ





တော့သည်။

ရှေးက ချောင်းကမ်းပါးတွင် တည်ထားသော ရွာများမှာလည်း တဖြည်းဖြည်းနှင့် အပေါ်ဘက်သို့လည်းကောင်း၊ အခြားနေရာများသို့လည်းကောင်း ရွှေ့ပြောင်းခဲ့ရသည်။ ယခင်ရွာများတွင် တည်ထားကိုးကွယ်ခဲ့သော စေတီဘုရားများမှာလည်း ရေတိုက်စားမှုကြောင့် ပြိုကျကာ ရေအောက်၊ မြေအောက်သို့ ရောက်သွားကြလေတော့သည်။

အချို့လည်း ရေတိုက်စား၍ ကမ်းပြိုမှ ဘုရားဟောင်းရှိသောနေရာဖြစ်မှန်း သိကြရသည်။

မုံးချောင်းရွာကတော့ ရွာတည်စကတည်းက ချောင်းကမ်းပါးနှင့် ဝေးသည်ကတစ်ကြောင်း၊ ၎င်းရွာရှိသောနေရာ တစ်ဝိုက်မှာလည်း ရေတိုက်စားမှု နည်းသည်ကတစ်ကြောင်းကြောင့် ရွာရွှေ့ပြောင်းရသည့် အနေအထားမျိုးတော့ မရောက်သေးပေ။ သို့စေကာမူ မိုးရာသီရောက်၍ မြစ်ရေတိုးလာသည်နှင့် မြစ်ကမ်းတစ်လျှောက်မှာတော့ အနည်းနှင့်အများဆိုသလို ကမ်းပြိုမှုများက ရှိနေရာ ယခုအခါ မြစ်ကမ်းမှာ ရွာနှင့် အနီးဆုံးနေရာသို့ပင် ရောက်နေချေပြီ။

အချိန်ကား (၁၉၄၀)ခုနှစ်၊ ဇူလိုင်လ(၄)ရက်။ (၁၃၀၂)ခု၊ ဝါဆိုလဆန်း(၁)ရက်၊ ကြာသပတေးနေ့ နံနက်စောစောအချိန်တွင် ရွာအစွန်ဘက်ရှိ တောင်ကုန်းနှင့် တောချုံများ ဖုံးနေသော မြစ်ကမ်းပါးကြီး ပြိုကျသံကို တစ်ရွာလုံး ကြားလိုက်ရလေသည်။

ထိုကမ်းပါးပြိုသံကြီးမှာ ခါတိုင်း ကမ်းပါးပြိုသံနှင့် မတူ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ လိုဏ်ခေါင်းသံကြီး ပါသောကြောင့် တစ်ရွာလုံးက ကြားရခြင်း ဖြစ်သည်။

နောက်တစ်နေ့ နံနက်စောစောအချိန်တွင် မုံးချောင်းရွာသူရွာသားများက ထိုနေရာသို့ သွားရောက်ကြည့်ရှုကြလေသည်။ ထိုနေရာရောက်သောအခါ အံ့သြဖွယ်ရာမြင်ကွင်းတစ်ခုကို တွေ့မြင်ကြရသည်။

ပြိုကျသွားသောနေရာမှာ ရှေးဟောင်းဘုရားပျက်ကြီး တစ်ဆူဖြစ်သည်။

နှစ်ပေါင်းများစွာ မြေအောက်၌ နစ်မြုပ်နေပြီး အပေါ်မှ သစ်ပင်ချုံပင်များ ဖုံးအုပ်နေသောကြောင့် ဘုရားပျက် ရှိနေမှန်း မသိကြရဘဲ ယခု ကမ်းပါးပြိုသွားတော့မှ ဘုရားပျက် ရှိမှန်း သိကြရလေသည်။

၎င်းတို့ တွေ့ရသောမြင်ကွင်းမှာ ရှေးခေတ် အုပ်ချပ် အကျိုးအပဲ့များနှင့် လိုဏ်ခေါင်းတစ်ခုအပြင် ၎င်းလိုဏ်ခေါင်း အတွင်း၌ ရုပ်ပွားတော်မှာ မတ်ရပ်ရုပ်ပွားတော်ဖြစ်ပြီး အမြင့်က (၅)ပေခန့် ရှိသည်။

ရုပ်ပွားတော်မှာ အုတ်ကျိုးအုတ်ပဲ့များကြားမှ တဝက်တပျက် ပေါ်နေခြင်းဖြစ်ပြီး ပေါ်နေသောနေရာမှာလည်း ရွှေရောင်များ ဝင်းနေလေသည်။

"ဒီနေရာမှာ ဘုရားပျက်ကြီး ရှိတာ ငါတို့တောင် မသိပါလား"

"ရှေးလူကြီးပြောခဲ့ဘာ ငါတို့ရွာထိပ်မှာ အလောင်းစည်သူမင်းကြီး ဖောင်တော်ဆိုက်ကပ်တုန်းက တည်ထားခဲ့တဲ့စေတီတစ်ဆူ ရှိတယ်ဆိုတာ အခု ပြိုကျသွားတဲ့ဘုရားကြီးပဲ ဖြစ်မှာပေါ့ဟ"





"မြေကြီးအောက် ရောက်ပြီး သစ်ပင်ချုံနွယ်တွေ ဖုံးအုပ်နေလို့သာ သတိမထားမိကြတာဖြစ်မယ်၊ ဒါထက် ဟိုလိုဏ်ခေါင်းအပေါက်ဝမှာ ပေါ်နေတာ ရုပ်ပွားတော်တစ်ဆူ မဟုတ်လား"

"ဟုတ်မယ်ထင်တယ်. . . ရွှေရောင်ကတော့ ဝင်းနေတာပဲ"

"ကြည့်ရတာ ရွှေသားနဲ့ ထုထားတဲ့ ရုပ်ပွားတော်ကြီးများ ဖြစ်နေမလား မသိဘူး. . . ဘယ်လိုလုပ်ကြမလဲ"

"အမြန်ဆယ်ယူရမှာပေါ့. . . နောက်တစ်ကြိမ် ကမ်းပါးပြိုလို့ ရေထဲ ကျသွားရင် ဆယ်လို့ရမှာ မဟုတ်တော့ဘူး"

ရုပ်ပွားတော် ပေါ်သောနေရာမှာ ရေစပ်နားတွင်ဖြစ်သည်။

"ငါတို့သဘောနဲ့တော့ လုပ်လို့မဖြစ်ဘူး၊ ဒီအကြောင်းကို ဘုန်းတော်ကြီး သွားလျှောက်ရမှာပေါ့. . . မကောင်းဘူးလား"

"ကောင်းပါတယ်. . . ဒါပေမယ့် သူကြီးကိုလည်း အသိပေးဦးမှ၊ သူ့ကို အသိမပေးဘဲနဲ့ ကိုယ့်သဘောနဲ့ လုပ်လို့မဖြစ်ဘူး၊ တော်ကြာ အပြစ်ရှာနေလိမ့်မယ်"—

ဟု ပြောဆိုကာ ဘုန်းကြီးကျောင်း သွားသူကသွား၊ သူကြီးအိမ် သွားသူက သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာသောအခါ သူကြီးဦးနေဒွန်းနှင့် ရှင်းတပည့်များ ရောက်လာကြသည်။

ဘုရားပေါ်နေသောနေရာမှာ ကမ်းစပ်နှင့် အနည်းငယ်ဝေးသောနေရာ၌ ရှိသည်။

ကမ်းပေါ်မှ ပြိုကျသွားသောမြေသားများက ရေထဲရောက်နေပြီး ရေပေါ်မှာ တစ်ချို့တစ်ဝက် ပေါ်နေသည်။

ရုပ်ပွားတော်မှာလည်း မြေအောက်မှာတစ်ပိုင်း၊ ရေထဲမှာ တစ်ပိုင်းဖြစ်နေလေသည်။

ထိုအချိန်မှာ တဖွဲဖွဲရွာနေသော မိုးက စဲသွားပြီဖြစ်သောကြောင့် အရှေ့ဘက်ကောင်းကင်ပေါ်မှာ အလင်းရောင်များ ဖြာကျလာသည်။

နေရောင်ခြည်က ရုပ်ပွားတော်ပေါ်သို့ တစွန်းတစ ကျလာလေရာ ရွှေရောင်များတဝင်းဝင်းနှင့် ရုပ်ပွားတော်ကို လှမ်းမြင်သောအခါ မျက်နှာတစ်မျိုးပြောင်းသွားလေသည်။

"ဟန်ကျတာပဲ. . . ဒီရွှေဆင်းတုတော်ကို ဆယ်ယူပြီး သခင်ကြီးတွေကို အပ်ရမယ်"

ထိုစကားကြားသောအခါ ရွာသူရွာသားများမှာ သဘောမကျသော်လည်း ရွာသူကြီးဖြစ်သောကြောင့် ဘယ်သူကမှ မပြောဝံ့ကြပေ။

ထိုအခိုက်မှာပင် ရွာဦးကျောင်းဆရာတော် ဦးပညာသာမိ ကြွလာလေသည်။

ဆရာတော်ကြွလာသောအခါ ရွာသူရွာသားများက





လမ်းဖယ်ပေးကြလေသည်။

ဆရာတော်က ရေထဲမှာ တစ်ပိုင်းတစ်စ ပေါ်နေသော ရုပ်ပွားတော်ကို မြင်သောအခါ လက်အုပ်ချီ၍ကန်တော့လိုက်သည်။

"အင်း. . . ပေါ်ချိန်တန်တော့လည်း ပေါ်လာရတာပေါ့လေ"

ဟု ရေရွတ်ပြောဆိုလိုက်ရာ နံဘေးနားမှာ ရပ်နေသော ဒကာတစ်ဦးက မေးလိုက်လေသည်။

"ဘယ်လိုအခြေအနေထူးလို့လဲ ဘုရား"

"ဒါ ရှေးဟောင်းဘုရားတစ်ဆူပဲ၊ မြေအောက်မှာ နစ်မြုပ်နေတာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ၊ အခု ပေါ်ချိန်တန်လို့ ပေါ်လာခဲ့တာ"

ထိုအခါ သူကြီးဦးနေဒွန်းက ဘုန်းကြီးအနားလာပြီး လျှောက်သည်။

"အရှင်ဘုရား. . . တပည့်တော်တို့ ဒီဘုရားကို ရေထဲက ဆယ်ပြီး သက်ဆိုင်ရာ အပ်ရပါလိမ့်မယ်ဘုရား"

"ဒကာကြီး ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုး မဟုတ်ဘူးလား၊ ဗုဒ္ဓဘာသာဝင်တွေ ကိုးကွယ်တဲ့ဘုရားကို ဘာသာမတူတဲ့ အင်္ဂလိပ်တွေလက်ထဲ အပ်ဖို့ ကြံစည်တာ တော်ရော့လား"

ဘုန်းကြီးက ထိုသို့မေးလိုက်သောအခါ ဦးနေဒွန်းမှာ မျက်နှာပျက်သွားလေသည်။

"တပည့်တော်က ဒီသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com

ဘုရား၊ ဒီလိုကိုစွမျိုးတွေက အရေးပိုင်မင်းရဲ့အမိန့်အာဏာနဲ့ လုပ်ရတာမျိုးမို့ သူတို့ကို အကြောင်းကြားရမယ်လို့ ပြောတာပါ ဘုရား"

"အေး. . . ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ဒီဘုရားကို တစ်နေရာ ရွှေ့ပြီး ဖျက်ဆီးဖို့ ကြိုးစားရင်တော့ ဘေးအန္တရာယ်ဆိုးတွေနဲ့ ကြုံတွေ့ရမှာ မုချပဲ"

ဘုန်းကြီးက ထိုသို့ပြောသောအခါ ဦးနေဒွန်းလည်း ဘာမှပြန်မပြောတော့ဘဲ သူ့တပည့်များ ခေါ်၍ ပြန်သွားလေတော့သည်။ ထိုအခါ ဘုန်းကြီးက ထိုကမ်းစပ်တွင် ကနဖျင်းထိုးစေပြီး ရွာသူရွာသားအချို့ကို အစောင့်ထားကာ ပြန်ကြွသွားလေသည်။ ရွာသားများလည်း နှစ်ယောက်တစ်တွဲစီ အလှည့်ကျ စောင့်ကြလေသည်။

ထိုနေ့က ညဦးပိုင်း အလှည့်ကျသူမှာ ထွန်းမောင်နှင့် စိန်သန်းတို့ဖြစ်ကြသည်။

သူတို့သည် ကနဖျင်းထဲမှာပင် မီးဖိုဖို၍ ရေနွေးကြမ်းကျိုသောက်ရင်း စကားတပြောပြောနှင့် စောင့်ကြလေသည်။ သူတို့ရှိနေသော ကမ်းစပ်မှ လှမ်းကြည့်လျှင် ဘုရားရုပ်ပွားတော်ရှိသောနေရာကို လှမ်းမြင်နေရသည်။

ညဦးပိုင်းအချိန် မိုးလေကင်းနေသောကြောင့် အလင်းရောင်အချို့ ရနေသည်။

ဝါဆိုလဆန်းစဖြစ်သောကြောင့် ကောင်းကင်မှာ လရောင်မရှိသေးသော်လည်း ပတ်ဝန်းကျင်ကို လှမ်းမြင်နိုင်





သော သဘာဝ အလင်းရောင်တော့ ရှိနေသေးသည်။

ထွန်းမောင်နှင့် စိန်သန်းတို့နှစ်ယောက်မှာ စကားပြောရင်းနှင့် ရုပ်ပွားတော် ရှိရာသို့ လှမ်းကြည့်ကြရသည်။

အဘယ်ကြောင့်ဆိုသော် မုံးမြစ်ရေနှင့် ပါသွားမည် စိုးသောကြောင့်ဖြစ်သည်။

ညဦးပိုင်း လွန်လာသောအခါ ထွန်းမောင်က ပြောသည်။

"စိန်သန်း. . . ငါ့မျက်စိပဲ အကြည့်မှားနေရော့သလား၊ သေသေချာချာ ကြည့်ပါဦးကွ"

"ဘယ်ဟာကို ကြည့်ရမှာလဲ"

"ဟိုရေထဲမှာ မြုပ်နေတဲ့ရုပ်ပွားတော်က တဖြည်းဖြည်းနဲ့ အပေါ်ကို ပေါ်လာသလိုပဲ"

"မဟုတ်တာ. . . ရေကျသွားလို့ ပေါ်လာတာ ဖြစ်မှာပေါ့"

"ငါ သေသေချာချာ ကြည့်ပြီးပါပြီ၊ ရေလည်း မကျပါဘူး၊ ဟိုမှာ ကမ်းနဲ့အညီအတိုင်းပဲ ရှိနေတာပဲ"

စိန်သန်းက ကမ်းစပ်ကို လှမ်းကြည့်တော့ ရေက အတိုးအလျော့ မရှိဘဲ ကမ်းခြေနှင့် တညီတည်း ရှိနေလေသည်။

"ဘယ်လိုပေါ်လာတာလဲ"

"ငါ ညနေပိုင်း အချိန်ကောင်းတုန်းက ရုပ်ပွားတော်ကို သေသေချာချာ ကြည့်ထားတော့ ရေက ပခုံးတော်နားလောက်အထိ ရှိနေတယ်၊ အခု ခါးလောက်အထိ ပေါ်လာနေပြီ၊ ရေကျ



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ရင်တော့ ရုပ်ပွားတော် အပေါ်ကို ကြွတက်လာတာ အမှန်ပဲ"

ဟု ထွန်းမောင်က ပြောသဖြင့် စိန်သန်းကပါ သေသေချာချာ ကြည့်လေသည်။

ရုပ်ပွားတော်မှာ ကမ်းဘက်သို့ မျက်နှာလှည့်ထားကာ ခါးနေရာလောက်အထိ ပေါ်နေလေသည်။

အလင်းရောင် တစွန်းတစကြောင့် ရုပ်ပွားတော်မှ အလင်းရောင်အချို့လည်း ထွက်နေသည်။

စိန်သန်းက ဇဝေဇဝါနှင့် ကမ်းစပ်သို့ ကြည့်ပြန်တော့လည်း ရေက လျော့ကျမသွားသည့်အပြင် အနည်းငယ်တောင် တိုးလာသကဲ့သို့ ရှိလေသည်။

"အင်း. . . ဟုတ်တော့ ဟုတ်တယ်၊ ရေမကျတာ သေချာသွားပြီဆိုတော့ ရုပ်ပွားတော်က အပေါ်ကို ပေါ်လာတာ အမှန်ပဲ၊ အတော်ထူးဆန်းသဟ"

ဟု ပြောဆိုကာ နှစ်ယောက်သား တအံ့တဩနှင့် လှမ်းကြည့်နေကြစဉ် အလင်းရောင် တစွန်းတစ ပေါ်နေသော မြစ်ရေပြင်ပေါ်မှာ လှုပ်ရှားနေသောအရာများကို လှမ်းမြင်ကြရပြန်သည်။

အခြားမဟုတ်ပေ. . .။

ရေပေါ်မှာ ကူးခတ်သွားလာနေကြသော ငါးကြီးများပင်ဖြစ်သည်။

ငါးကြီးများမှာ အချို့မြင်ရပြီး အချို့ကတော့ ရေပေါ်မှာ





တစွန်းတစ ပေါ်နေသော ငါးဆူးတောင်များကိုသာ လှမ်းမြင်ရသည်။

"ထူးဆန်းလိုက်တာ. . . ဘုရားဖူး လာတဲ့ငါးကြီးတွေများ ရောက်လာရော့သလား"

ဟု စိန်သန်းက ပြောလိုက်လေသည်။

"မင်းကလည်း. . . မုံးချောင်းရွာမှာ နေလာတာ သေပဲ သေတော့မယ်၊ ဘုရားဖူး လာတဲ့ ငါးကြီးတွေက ဘယ်တုန်းတ အစောကြီး ရောက်လာဖူးလို့လဲ၊ ဝါဆိုလပြည့်နေ့ ရောက်မှ လာကြတာလေ၊ အခုမှ ဝါဆိုလဆန်း(၁)ရက်နေ့ပဲ ရှိသေးတဲ့ဟာ"

မုံးချောင်းအတွင်းသို့ ဘုရားဖူးလာသော ငါးကြီးများမှာ နှစ်စဉ် ဝါဆိုလပြည့်နေ့မှ ရောက်လာလေ့ရှိသည်၊ အကယ်၍ ဝါထပ်နှစ်ဖြစ်လျှင် ပထမဝါဆိုလပြည့်နေ့တွင် မရောက်ပဲ ဒုတိယ ဝါဆိုလပြည့်နေ့မှ ရောက်လာလေ့ရှိပြီး သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့တွင် နှစ်စဉ်ပြန်လေ့ရှိသည်။

"ဟုတ်တော့ ဟုတ်တယ်၊ ဘုရားဖူးငါးကြီးတွေက ဝါဆိုလပြည့်မှ လာနေကျပဲ၊ အခုမြင်နေရတဲ့ငါးကြီးတွေက ဘယ်ကလဲ"

"ချောင်းထဲက ငါးဖြစ်မှာပေါ့"

ထွန်းမောင်က ထိုသို့ပြောလိုက်သော်လည်း အသေအချာ ကြည့်လိုက်သောအခါတွင် ဘုရားပတ်ပတ်လည် ရေပြင်ပေါ်မှာ ကူးခတ်နေသော ငါးကြီးများမှာ ငါးအရွယ်အစား၊ ပုံပန်းသဏ္ဌာန်မှအစ ဆူးတောင်ပုံစံအထိ ဘုရားဖူး လာသောငါးကြီး



www.burmeseclassic.com

www.burmeseclassic.com



များနှင့် တထေရာတည်း တူနေလေသည်။

ထိုသို့ကြည့်နေရင်းမှာပင် ရေအောက်မှာ မြုပ်နေသည့် ရုပ်ပွားတော်မှာ ရေအောက်မှ တစ်စုံတစ်ယောက်က မ,တင်ပေးလိုက်သည့်ပမာ အပေါ်သို့ တဖြည်းဖြည်း ပေါ်လာလေသည်။ ထိုကဲ့သို့ ထူးဆန်းစွာ ပေါ်လာသည်ကို ထွန်းမောင်ရော စိန်သန်းပါ ကောင်းစွာမြင်နေရလေသည်။

ရုပ်ပွားတော်မှာ အပေါ်သို့ တဖြည်းဖြည်းနှင့် ပေါ်လာရာ နောက်ဆုံးခြေဖဝါးတော်အထိ ရုပ်ပွားတော်တစ်ဆူလုံး ပေါ်လာခြင်းဖြစ်လေသည်။

တစ်စုံတစ်ယောက်က ရေအောက်မှ လက်ဖြင့် မ,တင်ထားသကဲ့သို့ ငြိမ်သက်စွာဖြင့် ပေါ်နေခြင်းဖြစ်လေသည်။ ထွန်းမောင်နှင့်စိန်သန်းတို့နှစ်ယောက်မှာလည်း အံ့ဩဖွယ်ရာမြင်ကွင်းကြောင့် အတန်ကြာအောင် ငေးကြည့်နေပြီး နောက်မှ သတိရကြသဖြင့် လက်အုပ်ချီ၍ကန်တော့လိုက်ကြလေသည်။

ရုပ်ပွားတော်မှာ မတ်ရပ်တော်ဖြစ်ပြီး ဗျာဒိတ်ပေးနေသည့် မုဒြာမျိုးဖြစ်သည်။

တစ်ဆူလုံး ရွှေအပြည့်ချထားလေသလား၊ ဒါမှမဟုတ် ရွှေသားအစစ်နှင့် သွန်းလုပ်ထားလေသလား အသေအချာ မသိရသော်လည်း တစ်ဆူလုံးကတော့ ရွှေရောင်များ ဝင်းအိလျက်ရှိသည်။ အတန်ကြာသောအခါ ရေအောက်သို့ တဖြည်းဖြည်းနှင့် ပြန်မြုပ်သွားလေရာ မူလပေါ်နေသည့် ပခုံးတော်နေရာလောက်ရောက်သောအခါ ရုပ်တန့်သွားလေသည်။





ထိုအခါ စောစောက ရေပြင်ပေါ်မှာ ကူးခတ်နေကြသည့် ငါးကြီးများလည်း ပျောက်ကွယ်သွားရာ ရေပြင်ပေါ်၌ ပုံမှန်ရေစီးနေမှုမှလွဲ၍ အခြားဘာမှမတွေ့ရတော့ပေ။





www.burmeseclassic.com



www.burmeseclassic.com



အခန်း(၅)

# ငါးရှာပေးသော ငါးများ

မုံးမြစ်ရေပြင်ပေါ်မှာ လှေတစ်စင်းရှိနေလေသည်။ လှေမှာ ငါးဖမ်းလှေတစ်စင်းဖြစ်ပြီး လှေပေါ်တွင် ရှိနေသူမှာ နီမောင်ပင်ဖြစ်သည်။

နီမောင်မှာ မုံးချောင်းရွာသားတစ်ဦးဖြစ်ပြီး ဆင်းရဲလွန်းသောကြောင့် မိဘနှစ်ပါးကို သားငါးရှာဖွေကျွေးနေရသူဖြစ်လေသည်။

ယခုလည်း ငါးပိုက်ချရန် မုံးမြစ်အတွင်းသို့ ရောက်နေသည်။ သူတို့ရွာတွင် မြစ်ရေတိုက်စားသဖြင့် ကမ်းပါးပြိုကျမှုမှ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပွားတော်တစ်ဆူ ပေါ်လာရာ တစ်ရွာလုံး စိတ်ဝင်တစား ရှိနေကြသည်။

အချို့လည်း အလုပ်မဆင်းဘဲ ဘုရားပေါ်ရာသို့ ရောက်နေကြသည်။ နီမောင်အနေနှင့်လည်း ဘုရားပေါ်ရာသို့ သွားကာ လိုအပ်တာ လုပ်ပေးချင်သော်လည်း ဝမ်းစာရေးအတွက် အလုပ်ဆင်းနေရလေသည်။ အဘယ်ကြောင့်ဆိုသော်. . .

ဝါဆိုလဆန်း(၈)ရက်နေ့မှ၊ လဆုတ်(၈)ရက်နေ့အထိ ငါးကြီးများ ဘုရားဖူး ဝင်ရောက်ချိန်ဟု သတ်မှတ်ကာ မုံးမြစ်ဝမှ ဘုရားဝတ္တကနယ်မြေထိအောင် ပိုက်မချရသော ဒေသန္တရ ဥပဒေ သတ်မှတ်ထားသောကြောင့်ဖြစ်သည်။

အကယ်၍ ပိုက်ချသူများက ထိုစည်းကမ်းသတ်မှတ်ချက်ကို မလိုက်နာဘဲ ဖောက်ဖျက်ကျူးလွန်ပါက အရေးယူခြင်းခံကြရမည်။ သို့ကြောင့် နီမောင်တို့လို တစ်နေ့လုပ်မှ တစ်နေ့စားရသူများအဖို့ ဝါဆိုလဆန်း(၈)ရက်နေ့ မတိုင်မီ ဝမ်းစာစုမိအောင် ရှာဖွေထားကြရခြင်းဖြစ်သည်။

ယခုလည်း မြစ်ထဲမှာ ပိုက်ချထားပြီး အေးအေးဆေးဆေး လှဲနေလေသည်။

အချိန်မှာ ညနေစောင်းအချိန်ဖြစ်သော်လည်း မုံးမြစ်ထဲမှာ အုံ့မှိုင်းမှိုင်းဖြစ်နေလေသည်။

နီမောင်သည် အသက်နှစ်ဆယ့်ငါးနှစ်ခန့်အရွယ်ရှိပြီး မုံးချောင်းရွာသားတစ်ဦးဖြစ်သည်။

ငယ်ရွယ်စဉ်က ဘာသာရေးနှင့် ပတ်သက်မှုများကို





စိတ်ဝင်စားသဖြင့် ကိုရင်ဘဝနှင့် အမြဲနေရန် စိတ်ကူးခဲ့ဖူးသည်။ သို့သော် မိဘများက စီးပွားရေး အဆင်မပြေသောကြောင့် ကိုရင်ဘဝမှ လူဝတ်လဲကာ ဖခင်ဖြစ်သူနှင့်အတူ အလုပ်လုပ်ရလေသည်။

နီမောင်ငယ်စဉ်က မိဘများမှာ လယ်ယာလုပ်ငန်း လုပ်သော်လည်း နောက်ဆုံး စီးပွားရေးကြပ်တည်းမှုကြောင့် လယ်ကွက်ကို ရောင်းချပြီး လှေတစ်စင်းနှင့် ပိုက်တစ်ဖုံ ထူထောင်ကာ သားငါးရှာခြင်းအလုပ်ကို လုပ်ကိုင်ကြရသည်။

နောက်ပိုင်း အသက်အရွယ်ကြီးရင့်လာသော ဖခင်ကြီးက အလုပ်မဆင်းနိုင်သောအခါ ငါးဖမ်းခြင်းအလုပ်ကို နီမောင်က ဆက်လုပ်ရလေသည်။

ယခုလည်း သူရှာဖွေရသော သားငါးကို ရောင်းချကာ မိသားစုသုံးဦး ချို့ချို့တဲ့တဲ့နှင့်ပင် နေထိုင်စားသောက်ကြရသည်။

နီမောင်စိတ်ထဲမှာတော့ သားငါးရှာဖွေသောအလုပ်ကို တစ်သက်လုံး လုပ်ရန် ရည်ရွယ်မထားပေ။

ငွေကြေးပြည့်စုံလာသော တစ်နေ့တွင် အခြားအလုပ်တစ်ခုကို ပြောင်းလဲလုပ်ကိုင်ရန်လည်း အမြဲတစေ ကြံစည်စိတ်ကူးထားသူဖြစ်သည်။

ယခု ဝါဆိုလဆန်းပြီမို့ မကြာခင် မြစ်ထဲ ငါးရှာခွင့် ပိတ်တော့မည်ဖြစ်ရာ ထိုရက်မတိုင်ခင် ဝမ်းစာရရန်အတွက် အလုပ်ဆင်းလာခဲ့ခြင်းဖြစ်သည်။

နီမောင်သည် ပိုက်ချထားစဉ် အခြားအလုပ်မရှိသည်ဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောင်း၊ ကောင်းကင်မှာ မိုးလေကင်းနေသည်က တစ်ကြောင်းကြောင့် လှေဝမ်းထဲမှာ လဲလျောင်းနေရင်း မိမိတို့၏နောက်ခံလှသော ဘဝအခြေအနေအကြောင်းကို စဉ်းစားနေလေသည်။ မြစ်ပြင်ပေါ်မှာ လှိုင်းကြက်ခွပ်ကလေးများ ရှိသောကြောင့် ပုခက်ထဲမှာ အိပ်ရသကဲ့သို့ဖြစ်ကာ လေကလေး တဖြူးဖြူးနှင့် မကြာခင် အိပ်ပျော်သွားစဉ် အိပ်မက်လိုလို မြင်ကွင်းတစ်ခုကို မြင်တွေ့ရသည်။

အခြားမဟုတ်ပေ။

မုံးမြစ်၏ရေအောက်မြင်ကွင်းအချို့ပင် ဖြစ်သည်။ ရေအောက်တစ်နေရာတွင် လှေပေါ်မှ ချထားသော သူ့ပိုက်များကို မြင်ရသလို မြစ်ဝဘက်မှ ရေဆန်တက်လာသော ငါးအုပ်ကြီးကို လှမ်းမြင်ရသဖြင့် ဝမ်းသာသွားသည်။

"ဟန်ကျတာပဲ. . . ဒီငါးတွေသာ ပိုက်ထဲ တိုးလိုက်တော့ နောက်ရက်တွေမှာ အလုပ်ဆင်းစရာ မလိုတော့ဘူး"

ဟု စိတ်ထဲမှာ တွေးလိုက်သည်။

သို့သော်လည်း တဖြည်းဖြည်း တက်လာသော ငါးအုပ်ကြီး အနီးရောက်သောအခါ များစွာအံ့ဩသွားလေသည်။

ထိုငါးအုပ်ကြီးမှာ ဘုရားဖူးငါးများပင် ဖြစ်သည်။

"အလို. . . အချိန်မကျသေးဘဲ ဘုရားဖူးငါးအုပ်ကြီးက ရောက်လာပါလား၊ ဟုတ်မှဟုတ်ရဲ့လား မသိဘူး"

ထိုသို့ ဇဝေဇဝါ တွေးနေစဉ် ငါးအုပ်ကြီးက ပိုက်နားရောက်လာသောအခါ တန့်သွားလေသည်။





ရေအောက်မှ ငါးဖြူတစ်ကောင်က အပေါ်သို့ ကူးတက်လာပြီး သူ့လှေနံဘေး၌ လာပေါ်သောအခါ လူမျက်နှာမျိုးဖြစ်သွားသည်။

"ဟင်. . ."

"ငါတို့ သွားမယ့်လမ်းကို ဖွင့်ပေးပါ"

"ဘာကြောင့် ဖယ်ပေးရမှာလဲ၊ ကျုပ်ဘာသာ ပိုက်ချထားတာပဲ"

"မင်း ပိုက်ချထားတော့ ငါတို့ ဝင်လို့မရဘူး၊ အခုတောင် ငါတို့အထဲက တစ်ကောင် ပိုက်မှာ မိနေတယ်. . . ပြန်လွှတ်ပေးပါ"

"ပိုက်ထဲမှာ ငါးမိတာ အဆန်းလား၊ ဘုရားဖူး လာတဲ့ငါးတွေဆိုရင်တော့ လွှတ်ပေးရမှာပေါ့"

"ငါတို့က နှစ်စဉ်လာနေကျ ဘုရားဖူးငါးတွေပဲ"

"မဖြစ်နိုင်ဘူး. . . ဘုရားဖူးလာတဲ့ငါးကြီးတွေက နှစ်စဉ် ဝါဆိုလပြည့်နေ့မှ မုံးချောင်းထဲ ဝင်နေကျပဲ၊ အခုမှ ဝါဆိုလဆန်းပဲ ရှိသေးတယ်"

"ငါတို့ အခုလာတာ ကျောင်းတော်ရာဘုရား လာဖူးတာ မဟုတ်သေးဘူး၊ ပေါ်တော်မူ ရွှေဆင်းတုတော်ကို လာဖူးကြတာ"

"ဟင်. . ."

ထိုစကားကြားသောအခါ နီမောင်မှာ များစွာအံ့ဩသွားလေသည်။

"ငါတို့ကို လမ်းဖွင့်ပေးပါ၊ ငါတို့အထဲက ပိုက်မှာ မိနေတဲ့



www.burmeseclassic.com

www.burmeseclassic.com

တစ်ကောင်ကိုလည်း ပြန်လွှတ်ပေးပါ၊ မဟုတ်ရင် မင်းဗိုက် ရောတ်လိမ့်မယ်"

ဟု ပြောဆိုကာ ရေအောက်သို့ ပြန်ငုပ်သွားလေသည်။

ထိုအခါ နီမောင်လည်း အိပ်ပျော်နေရာမှ နိုးလာပြီး ကပျာကယာ ထထိုင်လိုက်လေသည်။

လှေနံဘေးကို ငုံ့ကြည့်တော့ ဘာမှမတွေ့ရပေ။

ပိုက်ကို လက်ဖြင့် ကိုင်ကာ စမ်းကြည့်တော့ ငါးမိနေသောကြောင့် ရုန်းနေသောလက္ခဏာမျိုး တွေ့ရသည်။ သို့ကြောင့် ပိုက်ကို ဆွဲတင်ကြည့်သောအခါ ပိုက်ထဲ၌ ငါးထွေငါးကြီး တစ်ကောင် မိနေသည်ကို တွေ့ရသည်။

"ဟင်. . ."

တကယ်ဆို သူ သားငါးရှာဖွေသူတစ်ဦးအနေနှင့် ငါး တစ်ကောင် မိနေခြင်းအတွက် ဝမ်းသာရမည်ဖြစ်သော်လည်း စိတ်ထဲမှာ ထိတ်လန့်သွားမိသည်။

အိပ်မက်ပေးသကဲ့သို့ တကယ်ပဲ ဘုရားဖူး လာသော ငါးကြီးများ ဖြစ်နေရော့သလား။

ပြန်လွှတ်ပေးရမှာလား။

ဒါမှမဟုတ် ဒီအတိုင်း ယူသွားရမှာလား စိတ်ထဲမှာ ချီတုံချတုံဖြစ်နေစဉ် လှေနံဘေးတစ်ဝိုက်မှာ ထမင်းအိုး ဆူပွက်သကဲ့သို့ ရေပွက်များ ထလာသည်ကို အရင်မြင်ရသည်။ ပြီးမှ လှေကို ပတ်ချာလှည့်ကာ ကူးနေသော ငါးဆူးတောင်ကြီးများကို တွေ့ရ တော့မှ ပိုက်ထဲမှာ မိနေသောငါးကြီးကို ကပျာကယာ ဖြုတ်ကာ





ရေထဲသို့ ပြန်ချပေးလိုက်လေသည်။ ထိုအခါမှပင် လှေနံဘေးမှာ ကူးခတ်နေသော ငါးဆူးတောင်များလည်း တဖြည်းဖြည်းနှင့် ပျောက်သွားလေတော့သည်။ နီမောင်လည်း ဆက်၍ ပိုက်မချလို တော့သဖြင့် ပိုက်ဆွဲတင်ပြီးနောက် ရွာဘက်သို့ ပြန်လာခဲ့လေ သည်။

အပြန်တွင် ရေဆန်ဖြစ်နေသောကြောင့် ကမ်းနံဘေးမှ ကပ်ကာ လှေကို လှော်လာရာ ဘုရားပြိုကျနေသောနေရာသို့ ရောက်လာသည်။

ထိုနေရာရောက်သောအခါ ကမ်းစပ်တွင် ကနဖျင်း ထိုးထားပြီး မီးဖိုနှင့် ရေနွေးကျိုနေကြသော လူနှစ်ယောက်ကို တွေ့ရ သဖြင့် လှေကို ကမ်းစပ်၌ ကပ်ကာ ကမ်းပေါ် တက်သွားလေ သည်။

ထိုနေ့ညက ကမ်းစပ်တွင် လာရောက်စောင့်နေသူမှာ မုံးချောင်းရွာသားနှစ်ယောက်ဖြစ်သည်။

တစ်ဦးက ကံလှဖြစ်ပြီး ကျန်တစ်ဦးက ဦးဘသာဖြစ် သည်။ ၎င်းတို့က နီမောင် တက်လာတာ မြင်တော့ လှမ်းခေါ်ကြ သည်။

"လာဟေ့ နီမောင်၊ ငါးရှာက ပြန်လာပြီလား"

"ဟုတ်တယ် အဘ"

"ဒီမှာ ရေနွေးကျိုထားတာ ရှိတယ်. . . လာသောက် လှည့်ဦး"

ဟု ခေါ်သဖြင့် ကနဖျင်းထဲသို့ ဝင်သွားသည်။


www.burmeseclassic.com

www.burmeseclassic.com



"မင်းလာတာနဲ့ အတော်ပဲ၊ မင်းဒီမှာ ခဏစောင့်နေပေးပါ၊ ငါတို့နှစ်ယောက် ရွာထဲ ခဏသွားပြီး ထမင်းစားလိုက်ဦးမယ်"

ဟု ပြောကာ ထွက်သွားသဖြင့် နီမောင်တစ်ယောက်တည်း ကနဖျင်းထဲမှာ ထိုင်စောင့်ရင်း ကျန်ခဲ့လေသည်။

မြစ်ကမ်းပါးပြိုကျသဖြင့် ဘုရားရုပ်ထု ပေါ်လာသည်မှာ နှစ်ရက်ရှိပေပြီ။

သူကြီးဦးနေဒွန်းကတော့ သူ့သဘောနှင့် ဆယ်ယူခွင့်မရသောကြောင့် မကွေးအရေးပိုင်ရုံးသို့ သွားကာ သတင်းပို့နေချေပြီ။

ဘုန်းကြီးဦးပညာသာမိကတော့ ရုပ်ပွားတော်ကို ကမ်းပေါ် ရောက်အောင် ဆယ်ယူရန်အတွက် ရွာသူရွာသားများနှင့် တိုင်ပင်နေကြလေသည်။

ထိုအချိန်အတောအတွင်းမှာ ရုပ်ပွားတော်၏အခြေအနေကို စောင့်ကြည့်ရန်အတွက် ရွာသားများကို အလှည့်ကျစောင့်ခိုင်းထားသည်။

ယခုညအဖို့တော့ ဦးဘသာနှင့် ကံလှတို့နှစ်ယောက်ကျပြီး နီမောင်ရောက်လာသဖြင့် ရွာထဲ ခဏပြန်သွားကြခြင်းဖြစ်လေသည်။

နီမောင်က မီးပုံနံဘေးမှာ ထိုင်၍ လက်ဖက်ရည်ကြမ်းသောက်ရင်း ရေထဲမှာ တစွန်းတစ ပေါ်နေသော ရုပ်ပွားတော်ရှိရာသို့ လှမ်းကြည့်နေသည်။

အချိန်မှာ ညဦးပိုင်းအချိန်ရောက်လာပြီမို့ အမှောင်ရိပ်





များ လွှမ်းစပြုလာပြီဆိုစေကာမူ ကောင်းကင်ပေါ်မှာ လဆန်းစလရောင်ကလေးရှိနေသောကြောင့် ပတ်ဝန်းကျင်ကို အတန်အသင့် လှမ်းမြင်နိုင်ပေသည်။

အထူးသဖြင့် ရေပြင်ပေါ်မှာ အလင်းရောင်အချို့က ထင်ဟပ်နေလေသည်။

ထိုသို့ကြည့်နေရင်းမှာပင် ရေထဲ မြုပ်နေသော ရုပ်ပွားတော်က အပေါ်သို့ တဖြည်းဖြည်း ကြွတက်လာသည်ကို လှမ်းမြင်ရသဖြင့် အံ့ဩသွားသည်။

ပထမတော့ မိမိမျက်စိများ အကြည့်မှားလေရော့သလားဟု ထင်လိုက်မိသော်လည်း အသေအချာ ကြည့်တော့မှ ခါးနေရာလောက်အထိ တဖြည်းဖြည်း ပေါ်လာသည်ကို လှမ်းမြင်ရလေသည်။

ပထမညက စောင့်သော ထွန်းမောင်နှင့်စိန်သန်းတို့နှစ်ယောက်လည်း ထိုကဲ့သို့ တွေ့မြင်ရကြောင်း ပြောသံကြားတော့ ကြားလိုက်မိသည်။

ယခုတော့ သူကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သဖြင့် နီမောင်က ကပျာကယာ နေရာမှ ထသွားကာ ကမ်းစပ်မှာ ရပ်ကာ ကြည့်နေလေသည်။

ရုပ်ပွားတော်က တဖြည်းဖြည်းနှင့် ပေါ်လာစဉ် ၎င်းနံဘေးပတ်လည်၌ ထမင်းအိုး ဆူပွက်သကဲ့သို့ ရေပွက်များ ထလာပြီး ခဏကြာတော့ ငါးဆူးတောင်ကြီးများကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ရေပေါ်မှာ ကူးခတ်နေသော ငါးကြီးများကိုပါ အတိုင်းသား လှမ်းမြင်ရသည်။

ထိုငါးကြီးများမှာ ဘုရားဖူး လာသောငါးကြီးများနှင့် ပုံပန်းသဏ္ဍာန်များစွာတူလှပေသည်။

"ငါ့ကို အိပ်မက်ပေးတဲ့ငါးကြီးတွေများ ဖြစ်လေရော့သလား"

ဟုလည်း စိတ်ထဲမှ တွေးလိုက်မိသည်။

ထိုအခိုက်မှာပင် ရေအောက်မှာ တဖြည်းဖြည်း ပေါ်လာသောရုပ်ပွားတော်က ခြေဖျားအထိ တစ်ဆူလုံး ပေါ်လာလေရာ ရေအောက်၌ မည်းမည်းသဏ္ဍာန်ကြီးကိုပါ တွေ့ရလေသည်။

အလင်းရောင် သိပ်မရှိသောကြောင့် ရေအောက်မှ မြင်ကွင်းကို သဲသဲကွဲကွဲ မမြင်ရပေ။

အလင်းရောင် သိပ်မရသည့်အပြင် မြစ်ရေကလည်း နောက်နေသောကြောင့် ဘုရားအောက်ခြေမှာ ရှိနေသောအရာကို သစ်တုံးကြီးတစ်တုံးဟု ထင်လိုက်မိသေးသည်။

နောက် အသေအချာကြည့်တော့မှ မဟုတ်မှန်း သိရလေသည်။ ဘုရားရုပ်ပွားတော် ရှိနေသော ရေအောက်မှ မည်းမည်းသဏ္ဍာန်သည် အလွန်ကြီးသော ငါးကြီးတစ်ကောင်ပင်ဖြစ်သည်။

ဆူးတောင် ကြွတက်လာတော့မှ ငါးရွှေကြီးတစ်ကောင်ဖြစ်မှန်း သိရလေတော့သည်။

ငါးရွှေမှာ (၁၂)တောင် လှေငယ်တစ်စင်းခန့် အလျား





ရှိပြီး ဦးခေါင်းပိုင်းက ခွဲတောင်းတစ်လုံးခန့် ကြီးသည်။ ရုပ်ပွားတော်က ဦးခေါင်းအပိုင်းပေါ်မှာ ရပ်တော်မူအနေအထားနှင့် ရှိနေခြင်းဖြစ်သည်။

ရေအောက်၌ ရှိနေသော ငါးရွှေကြီးမှာ ရေငုတ်သင်္ဘောကြီးတစ်စင်းပမာ ငြိမ်သက်စွာရှိနေသော်လည်း နှုတ်ခမ်းမွေး၊ မျက်လုံးနှစ်လုံးနှင့် အမြီးရေယက်များကတော့ လှုပ်နေလေသည်။

နီမောင်မှာ ရေအောက်မှ ငါးရွှေကြီးကို တွေ့မြင်ရသော်လည်း ကြောက်လန့်မှု မဖြစ်မိပေ။

ရုပ်ပွားတော်ကိုသာ အာရုံရောက်နေသည်။

သူ့တစ်သက်တွင် ထိုမျှ ထူးဆန်းအံ့ဩဖွယ်ရာကောင်းလှသည့် မြင်ကွင်းမျိုးကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးမတွေ့ဖူးသေးပေ။

သို့ကြောင့် ကမ်းနဖူးစပ်မှာ ထိုင်ပြီးကန်တော့လေသည်။ စိတ်ထဲမှလည်း အလိုရှိသောဆုကို တောင်းလေသည်။

"ဘုရားတပည့်တော် အတိတ်ဘဝက မကောင်းခဲ့လို့ ယခုဘဝမှာ ဆင်းရဲလွန်းသဖြင့် သူတစ်ပါးအသက်ကို သတ်ပြီး အသက်မွေးဝမ်းကျောင်းပြုရပါသည်၊

ထိုအလုပ်များအား တပည့်တော်စိတ်ဆန္ဒ မပါပဲ ပြုလုပ်နေရခြင်းဖြစ်ပါသည်၊

ဤမှန်သောသစ္စာစကားကြောင့် ဆင်းရဲတွင်းမှ လွတ်မြောက်ရပါစေဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဆိုတောင်း၍ ကန်တော့လိုက်ပြီးသောအခါ ရေအောက်မှ ငါးရွှေကြီးက တဖြည်းဖြည်းနှင့် ပြန်မြုပ်သွားရာ မူလအနေအထားအတိုင်း ပခုံးတော်နေရာလောက် ရောက်သောအခါ ရပ်တန့်သွားလေတော့သည်။

ရေပြင်ပေါ်မှာ ကူးခတ်သွားလာနေသော ငါးဆူးတောင်များကိုလည်း မတွေ့ရတော့ပေ။

ယခုအခါမှာ ရေပြင်သည် သာမန်လှုပ်ရှားမှုများမှလွဲ၍ ပကတိ ငြိမ်သက်နေလေသည်။

နီမောင်က ကနဖျင်းတဲ ရှိရာသို့ ပြန်လျှောက်လာပြီး မီးဖိုနားမှာ ထိုင်ရင်း စောစောက မြင်လိုက်ရသော ထူးဆန်းအံ့သြဖွယ်ရာများကို စဉ်းစားနေသည်။

ထိုအခိုက်မှာပင် ကမ်းစပ်ဘက်ရှိ ချုံတောများထဲမှ လူနှစ်ယောက် တိုးထွက်လာသည်။

နီမောင့်စိတ်ထဲမှာ ကံလှနှင့်ဦးဘသာတို့ ပြန်လာသည်ဟု ထင်လိုက်မိသော်လည်း ကနဖျင်းနား ရောက်လာတော့မှ မဟုတ်မှန်း သိရလေသည်။

နှစ်ယောက်စလုံး အသားမည်းမည်း ကတုံးပြောင်ပြောင်နှင့် ကိုယ်ပေါ်မှာ အကျီမပါဘဲ ပုဆိုးတိုတို ဝတ်ထားကြသည်။ ၎င်းတို့ ဝတ်ထားသောပုဆိုးနှင့် ကိုယ်ပေါ်မှာ ရေများစိုနေသောကြောင့် ရေထဲမှ ယခုပင် တက်လာဟန်ရှိလေသည်။ ပထမတော့ နီမောင့်စိတ်ထဲမှာ မိမိကဲ့သို့ ငါးဖမ်းသမားများဖြစ်မည်ဟု ထင်လိုက်မိသည်။





နှစ်ယောက်စလုံး ကနဖျင်းထဲ မဝင်သေးဘဲ အပြင်မှာ ရပ်နေသောကြောင့် နီမောင်က လှမ်းခေါ်လိုက်သည်။

“အထဲကို ဝင်ခဲ့ပါဗျ၊ အချမ်းပြေ မီးလှုံလို့လဲ ရပါတယ်”

ထိုအခါ တစ်ယောက်က ပြန်ပြောသည်။

“ငါတို့က မီးနဲ့ မတည့်တော့ မီးဖိုနား လာလို့မရဘူး ငါ့ညီရ”

“ဒီလိုဆိုရင်လည်း အချမ်းပြေ ရေနွေးကြမ်း သောက်သွားကြပါဦး”

“ငါတို့က ရေထဲမှာ နေတာများတော့ မချမ်းလှပါဘူး၊ ရေနွေးကြမ်းလည်း မသောက်တော့ပါဘူး၊

ငါ့ညီကို ပြောစရာရှိလို့ လာခဲ့တာပါ”

နီမောင်က တအံ့တသြနှင့် လှမ်းကြည့်နေသည်။

“တခြားမဟုတ်ပါဘူး. . . စောစောက မင်းပြောနေသံကို ငါတို့ကြားလိုက်လို့ပါ”

မိမိဆုတောင်းသံမှာ ပါးစပ်မှ အသံထွက်ရုံလေး ဆုတောင်းခြင်းဖြစ်သည်ကို သူတို့က ဘယ်နေရာက ကြားတာပါလိမ့်။

“မင်းက တကယ်ပဲ ဒီအလုပ်ကို မလုပ်ချင်တော့တာလား”

“မလုပ်ချင်တော့ပါဘူးဗျာ. . . မလွှဲသာလို့သာ လုပ်နေရပေမယ့် သူတစ်ပါးအသက် သတ်ရတဲ့ အကုသိုလ်အလုပ်မျိုးတွေ မလုပ်ချင်တော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"တကယ်မလုပ်ချင်ရင် မင်းကိုယ်တိုင် ဖြတ်မှ ရမှာပေါ့၊ စိတ်ထဲက မလုပ်ချင်ဘူး ပြောနေပေမယ့် လူက လုပ်နေမှတော့ ဘယ်ဖြစ်မလဲ"

"ကျွန်တော်တို့မှာ ဒီအလုပ်ပဲ ရှိတာ၊ ဒီအလုပ်မှ မလုပ်ရင် ကျွန်တော့်မိဘတွေ ဒုက္ခရောက်မှာပေါ့"

"မင်းက မိဘလုပ်ကျွေးနေတဲ့လူဆိုတော့ အကုသိုလ် အလုပ် လုပ်နေရတယ်ဆိုပေမယ့် ကုသိုလ်က အများကြီး ရနေတာပဲ၊ မင်းက ဒီအလုပ်ကို မလုပ်ချင်ဘူးဆိုပေမယ့် လုပ်ရမယ့် အချိန်က ကျန်နေသေးတော့ ဆက်လုပ်ရဦးမှာပဲကွ"

ထိုစကားကြားသောအခါ စိတ်ထဲမှာ အံ့ဩသွားသော်လည်း တစ်ဖက်မှ စိတ်ပျက်သွားမိလေသည်။

"ဒီလောက်လည်း စိတ်မပျက်ပါနဲ့၊ အချိန်တန်တော့လည်း လွတ်ရမှာပေါ့၊ အရေးကြီးတာက လုပ်ရတဲ့အလုပ်ထက် စိတ်ထားကောင်းဖို့ပဲ လိုတယ်၊ မင်းအနေနဲ့ မိဘကို လုပ်ကျွေးနေရလို့သာ လုပ်နေရပေမယ့် ဒီအလုပ်ကို မလုပ်ချင်မှန်းလည်း အားလုံးသိကြပါတယ်"

"ဟင်. . . ဘယ်သူတွေက သိတာလဲဗျ"

"မင်းမသိမမြင်ရတဲ့လူတွေက မင်းအကြောင်းကို သိမြင်နေကြတာပေါ့ကွာ၊ ဒီတော့ ကိုယ်လုပ်ရမယ့်အလုပ်ကိုသာ ဆက်လုပ်၊ ငါတို့ မင်းကို အကူအညီပေးပါ့မယ်"

"ဘယ်လို အကူအညီပေးမှာလဲ"

"မင်း ပိုက်ချတဲ့အခါ ငါးတွေအများကြီး ရအောင် အကူ





အညီပေးမှာပေါ့"

နီမောင်က ကနဖျင်းအပေါက်ဝမှာ ရပ်နေသော လူနှစ်ယောက်ကို တအံ့တဩ ကြည့်လိုက်လေသည်။

"သိပ်လည်း အံ့ဩမနေပါနဲ့ကွာ၊ ငါတို့က မင်းကို ကူညီနိုင်လို့ အကူအညီပေးတာပါ၊ မင်း ဒီကနေ့ ငါတို့ကို အကူအညီပေးရတဲ့အတွက် ငါးတစ်ကောင်မှ မရခဲ့ဘူး မဟုတ်လား"

"ဟုတ်. . . ဟုတ်တယ်၊ ကျွန်တော်က ခင်ဗျားတို့ကို ဘယ်မှာ အကူအညီပေးခဲ့ဖူးလို့လဲ"

"ညနေတုန်းက ငါတို့ ဝင်လာလို့ မင်းပိုက်တွေ ဖယ်ပေးခဲ့ရတာလေ၊ ဒါကြောင့် ငါးတစ်ကောင်မှ မရခဲ့ဘူး မဟုတ်လား"

"ဟင်. . . ဒါ. . ဒါဖြင့် ခင်ဗျားတို့က. . ."

"ငါတို့ ဘယ်သူတွေလဲဆိုတာ မသိချင်ပါနဲ့တော့ကွာ၊ ငါတို့လည်း ဘဝ ဝဋ်ကြွေးရှိလို့ ဒီဘဝမျိုး ရောက်နေရတယ်လို့ပဲ စိတ်ထဲမှာ မှတ်ထားလိုက်ပေါ့၊ အခုလာတာ မင်းကို အကူအညီပေးမလို့ လာခဲ့တာကွ"

"ဘယ်လိုအကူအညီပေးမှာလဲဟင်"

ထိုအခါ လူနှစ်ယောက်က ဘာမှပြန်ပြောဘဲ ကမ်းစပ်သို့ သွားကာ ရေထဲ ခုန်ဆင်းသွားကြလေသည်။

"ဝုန်း. . . ဝုန်း"

ရေလှိုင်းများ ထသွားပြီးနောက် ရေအောက်သို့ ငုပ်သွားကြလေတော့သည်။

နီမောင်ကလည်း ထူးဆန်းသောမြင်ကွင်းကြောင့် ကမ်း



www.burmeseclassic.com

www.burmeseclassic.com



နဖူးအစပ်သို့ သွားကာ ငုံ့ကြည့်နေသည်။

အတန်ကြာသောအခါ နှစ်ယောက်စလုံး ရေပေါ်သို့ ပြန်ပေါ်လာကြသည်။

ကမ်းပေါ်သို့ တက်လာသောအခါ အချိန်ဆယ်ပိဿာခန့် အလေးချိန် ရှိလောက်သည့် ငါးချောင်းကြီးတစ်ကောင် ပါလာလေသည်။

နှစ်ယောက်သား ငါးကြီးကို ဦးခေါင်းနှင့်အမြီးမှ ကိုင်ကာ တက်လာပြီး နီမောင်ရှေ့သို့ ပစ်ချပေးသည်။

"ရော့. . . ဒါက မင်းအတွက် ငါတို့က ပြန်ပြီးအကူအညီပေးတဲ့လက်ဆောင်ပဲ"

နီမောင်မှာ မမျှော်လင့်ဘဲ ငါးချောင်းကြီးတစ်ကောင် ရလိုက်သည်ထက် ထိုလူနှစ်ယောက်၏အမူအယာကို ကြည့်ပြီး အံ့ဩနေခြင်းဖြစ်သည်။

"ဘာမှအံ့ဩမနေနဲ့တော့၊ နောက်ပိုင်း မင်းအလုပ်ဆင်းတဲ့အခါမှာလည်း ငါတို့နဲ့ ကြုံကြိုက်ရင် အကူအညီပေးပါမယ်၊ ကဲ. . . ငါတို့ သွားတော့မယ်ဟေ့"

ဟု ပြောဆိုနှုတ်ဆက်ကာ နှစ်ယောက်စလုံး ရေထဲသို့ ခုန်ချသွားလေတော့သည်။

၎င်းတို့ ခုန်ဆင်းသွားမှုကြောင့် ရေပြင်ပေါ်မှာ ရေလှိုင်းများ ထသွားသော်လည်း ခဏကြာတော့ ပြန်လည်ငြိမ်သက်သွားလေတော့သည်။

နီမောင်ရှေ့မှာတော့ အချိန်ဆယ်ပိဿာခန့်အလေးချိန်





ရှိသော ငါးချောင်းကြီးက အဖွေးသား ရှိနေလေသည်။

ထိုအချိန်မှာပင် ဦးဘသာနှင့်ကလျတို့ ပြန်ရောက်လာကြသည်။

၎င်းတို့နှင့်အတူ လူသုံးယောက်လည်း ပါလာသည်။

နီမောင်ရှေ့မှ ငါးကြီးကို မြင်သောအခါ တအံ့တဩနှင့် မေးကြသည်။

"နီမောင်. . . ဒီငါး ဘယ်က ရတာလဲဟ"

"စောစောက မီးအိပ်မက်,မက်ပြီး ဒီနားမှာ လာပေါ်နေလို့ ဆယ်တင်လိုက်တာ"

နီမောင်က အဖြစ်မှန်ကို မပြောလိုသဖြင့် အဆင်ပြေသလို ပြောလိုက်ခြင်းဖြစ်သည်။

ငါးများ မီးအိပ်မက် မက်သည်ဆိုခြင်းမှာ အိပ်ပျော်နေသကဲ့သို့ဖြစ်ကာ မလှုပ်မယှက်နှင့် ရေပေါ်မှာ ပက်လက်အနေအထား ပေါ်နေခြင်းဖြစ်၏။

အဝေးမှ ကြည့်ပါက ပုပ်၍ပေါ်နေသကဲ့သို့ ထင်ရသည်။ တစ်စုံတစ်ခုနှင့် ထိလိုက်မှ လန့်နိုးသကဲ့သို့ဖြစ်ကာ ရေအောက်သို့ ပြန်ငုပ်သွားတတ်ကြသည်။

အချို့ကံကောင်းသူများမှာ သွားရင်းလာရင်းနှင့် ရေပြင်ပေါ်မှာ ပေါ်နေသော ငါးကြီးများကို ရတတ်ကြလေသည်။

"မင်းကတော့ အတော်ကံကောင်းတာပဲ၊ ကမ်းနဖူးမှာ ထိုင်နေရင်းနဲ့တောင်မှ မီးအိပ်မက်,မက်ပြီး မျောလာတဲ့ငါး ရလိုက်သေးတယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



“ကြည့်ပါဦး. . . ရတဲ့ငါးကလည်း သေးသေးမဟုတ်ဘူး၊ အနည်းဆုံး အချိန်တစ်ဆယ်အောက်တော့ မလျော့ဘူး၊ မင်းတော့ ဟန်ကျတာပဲ နီမောင်ရေ”

ဟု ဝိုင်းဝန်းပြောဆိုနေကြရာ နီမောင်လည်း ထွေထွေထူးထူး ဘာမှထပ်မပြောတော့ဘဲ ငါးကြီးကို ဆွဲကာ မိမိလှေရှိရာသို့ ပြန်လာခဲ့လေတော့သည်။







## အခန်း(၆)

# ရုပ်ထုတော်စောင့် ငါးရွေး

အချိန်က ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာချေပြီ။ ညဦးပိုင်း ပေါ်ထွက်လာသော ဝါဆိုလဆန်းစ လရောင်ကလည်း တဖြည်းဖြည်းနှင့် ပြန်လည်ပျောက်ကွယ်သွားလေတော့သည်။

ကောင်းကင်ပြင်ပေါ်မှာ တိမ်တိုက်များ ဖုံးအုပ်နေပြီး မိုးဖွဲကလေးများပင် ကျဆင်းလျက်ရှိနေသည်။

ယခုကဲ့သို့ ရာသီဥတု ဆိုးဝါးသောအချိန်တွင် မြစ်ထဲတွင် လှေသွားလှေလာ ကင်းရှင်းနေ၏။

(၁၃၀၂)ခု၊ ဝါဆိုလဆန်း (၁)ရက်၊ ကြာသပတေးနေ့

www.burmeseclassic.com



မနက်ပိုင်းတွင် ကမ်းပြိုရာမှ ပေါ်လာသော ရွှေရုပ်တုတော်မှာ ရေထဲမှာပင် ရှိနေသေးသည်။

ယနေ့ပါဆိုလျှင် ရုပ်ထုတော် ပေါ်လာသည်မှာ သုံးရက်ရှိချေပြီ။

ဆရာတော် ဦးပညာသာမိက ရေထဲမှာ ရှိနေသော ရုပ်ပွားတော်ကို ဆယ်ယူပြီး ၎င်း၏ကျောင်းသို့ ပင့်ဆောင်ထားရန် ရွာသူရွာသားများနှင့် တိုင်ပင်ဆွေးနွေးလျက်ရှိသည်။

သူကြီးဦးနေဒွန်းကတော့ မကွေးမြို့ အရေးပိုင်ရုံးသို့ သွားကာ မျက်နှာဖြူအရာရှိများ အမိန့်အာဏာဖြင့် ရွှေရုပ်ထုတော်ကို ဆယ်ယူပြီး ၎င်းတို့ အပိုင်သိမ်းရန် ကြိုးစားဆောင်ရွက်လျက်ရှိနေလေသည်။

ထိုရက်အတောအတွင်းမှာတော့ ကမ်းစပ်၌ ကနဖျင်းထိုးကာ ရွာသားများအား အလှည့်ကျ စောင့်စေသည်။

ယခုည အလှည့်ကျသူမှာ ဦးဘသာနှင့် ကံလှတို့နှစ်ယောက် ဖြစ်သည်။

၎င်းတို့နှစ်ယောက်မှာ သူကြီးဦးနေဒွန်းလူများဖြစ်ကြသည်။ ယခုလည်း သူတို့နှစ်ယောက်အပြင် သူကြီးအိမ်မှာ အလုပ်,လုပ်နေသော လူသုံးယောက်ကိုပါ အဖော်ခေါ်ထားလေသည်။ ထိုသူသုံးယောက်မှာ ဖိုးတော၊ ထွန်းနှင့်သာဇံတို့ဖြစ်ကြသည်။

လူစုံသောအခါ ဦးဘသာက ပြောပြသည်။

"မင်းတို့သုံးယောက်ကို ခေါ်ရတာ အခြားမဟုတ်ဘူး၊





ဒီည ငါတို့အစီအစဉ်တွေ အောင်မြင်အောင် လုပ်ကြရမှာမို့ ခေါ်ရတာဝဲ"

"ဘာအစီအစဉ်လဲ အဘသာရဲ့"

"သူကြီးက မြို့မသွားခင် ငါ့ကို အသေအချာ မှာသွားခဲ့တယ်"

"ဘာတွေများလဲ"

"အခု ရွာဦးဘုန်းကြီးကျောင်းက ရွာသူရွာသားတွေနဲ့ တိုင်ပင်ပြီး ပေါ်တော်မူဘုရားကို ဆယ်ယူဖို့ လုပ်နေတယ် မဟုတ်လား"

"ဟုတ်တယ်လေ. . . ဆယ်ပြီး ကျောင်းမှာ ထားမယ်လို့ ပြောသံကြားတာပဲ"

"သူကြီးက အဲဒီလို မလုပ်ချင်ဘူး၊ ရုပ်ပွားတော်ကို ဆယ်ပြီး အရေးပိုင်မင်းလက်ထဲကို အပ်ချင်စိတ်ရှိတယ်"

"ဒီလိုအပ်လို့ ဘာအကျိုးထူးမှာလဲ၊ သူတို့က ဗုဒ္ဓဘာသာဝင်မှ မဟုတ်တာ"

"မင်းအတော်အ,သေးတာပဲ ဖိုးတောရာ၊ အဲဒီရုပ်ပွားတော်က သာမန်ရုပ်ပွားတော် မဟုတ်ဘူး၊ ရွှေသားအစစ်နဲ့ လုပ်ထားတာလို့ ပြောသံကြားတယ်၊ ပိဿာချိန်နဲ့ တွက်မယ်ဆိုရင်တောင် နည်းမယ်မဟုတ်ဘူး"

"ဟုတ်ရဲ့လား အဘရဲ့"

"ဟုတ်ပါတယ်ကွာ. . . ရွာမှာ ရှိတဲ့ ဆေးဆရာ ဦးဗန်တောင်းက ဘုန်းကြီးကို လျှောက်နေသံကို ငါကိုယ်တိုင် ကြားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဒီလိုအပ်လိုက်တော့ သူတို့က ဘာလုပ်ကြမှာလဲ"

"သူတို့ဘာလုပ်မယ်ဆိုတာတော့ ငါမသိဘူး၊ လောလောဆယ် သူကြီးခိုင်းတဲ့အတိုင်း အောင်မြင်အောင် လုပ်ပေးရင် လုပ်ကိုင်စားဖို့ လယ်တစ်ကွက်နဲ့ နွားတစ်ရှဉ်းပါ ပေးမယ်လို့ သူကြီးက မှာသွားတယ်"

ထိုစကားကြားသောအခါ ကျန်လေးယောက်မှာ များစွာ စိတ်ဝင်စားသွားလေသည်။

"အမှန်ပဲလားဗျ အဘသာ"

"အမှန်ပေါ့ကွာ. . . ဒါတင်မကသေးဘူး၊ အကြံအစည် အောင်မြင်ရင် ဆယ်အိမ်ခေါင်းရာထူး ဆယ်အိမ်စုမှူးရာထူးတွေပါ ပေးဦးမှာတဲ့"

"ဒီအတိုင်းသာ မှန်ရင်တော့ ဘာမလုပ်ဝံ့စရာ ရှိသလဲဗျာ၊ အဲဒီလို ရာထူးရမှပဲ အရက်ပုန်းများများချက်ပြီး ဖဲဝိုင်းခံစားရတော့မှာပဲ"

ဟု အရက်သမား ငထွန်းက အားရပါးရ ပြောလိုက်လေသည်။

"ကဲ. . . ဒါတွေထားပါတော့၊ အခု ဘာလုပ်ရမှာလဲ ပြောပါ"

"တခြားမဟုတ်ပါဘူး. . . အခု ရေထဲမှာ ရှိနေတဲ့ ရုပ်ပွားတော်ကို ရအောင်ဆယ်ယူကြရမှာ"

"လွယ်ပါ့မလား"





"ရအောင်လုပ်ရမှာပေါ့"

"မတော်လို့ ရေထဲ မြုပ်သွားရင် ကျုပ်တို့တာဝန်ဖြစ်နေလိမ့်မယ်ဗျ"

"ဒီတော့လဲ ရေတိုက်စားလို့ မြုပ်သွားတယ်လို့ ပြောရုံရှိတာပေါ့ကွာ"

"အဘသာ တာဝန်ယူရင် ပြီးတာပဲ၊ ကျုပ်တို့ကတော့ နွားတစ်ရှဉ်းနဲ့ လယ်တစ်ကွက် ရမှာဆိုတော့ ဘာပဲခိုင်းခိုင်း လုပ်မှာပဲ၊ ဘယ်လိုလုပ်ရမလဲဆိုတာသာပြော"

သာဇံက စိတ်မြန်လက်မြန် ပြောလိုက်ရာ ဦးဘသာက ပြုလုပ်ရမည့်အစီအစဉ်များအား အသေးစိတ် ပြောပြလေသည်။

ထို့နောက်. . .

ဦးဘသာ ခေါင်းဆောင်သော လူငါးယောက်တို့သည် ချောင်းကမ်းစပ်ဘက်သို့ ဆင်းလာကြသည်။

၎င်းတို့ထံတွင် ကြိုးခွေများနှင့်ဝါးလုံးများ၊ သစ်သားချောင်းများ ပါလာကြသည်။

ဘုရားပြိုကျနေသောကမ်းစပ်သို့ ရောက်သောအခါ တိုင်ငုတ်များ စိုက်၍ ကြိုးဒလက်များ တပ်ဆင်ကြသည်။ ကြိုးဒလက်မှာ ရေထဲမှာ မြုပ်နေသည့်သစ်လုံးကို အပေါ်သို့ ရောက်စေရန် လူအင်အားသုံး၍ ဒလက်လှည့်ကာ ဆွဲတင်ရာတွင် အသုံးပြုသောပစ္စည်း ဖြစ်သည်။

၎င်းတို့သည် ကမ်းစပ်တွင် တိုင်ငုတ်များ အခိုင်အခန့် စိုက်ပြီးနောက် ရေထဲမှာ ပေါ်နေသော ရုပ်ပွားတော် ရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



ကူးသွားပြီး ကြိုးများဖြင့် ခိုင်ခံ့အောင် ချည်ရန်ဖြစ်သည်။

ထိုတာဝန်ကိုတော့ အရက်အနည်းငယ် မူးနေသည့် ဖိုးတေနှင့်ငထွန်းတို့နှစ်ယောက်က တာဝန်ယူပြီး လုပ်ကြမည်ဖြစ်သည်။

"မင်းတို့နှစ်ယောက်တည်းနဲ့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် အဘသာရဲ့၊ ရေထဲ မြှုပ်နေတဲ့ သစ်လုံးတွေကို ရေထဲ ငုတ်ပြီး ကြိုးနဲ့ ရအောင်ချည်လာခဲ့တာ၊ ဘုရားက ရေပေါ်မှာ ပေါ်နေတာပဲ၊ ဘာခက်တာမှတ်လို့"

ငထွန်းက အရက်ကလေး တထွေထွေနှင့် ပြောလိုက်သည်။

"ဂရုစိုက်ပြီး လုပ်ကြနော်၊ တစ်ခုခုဖြစ်သွားရင် မကောင်းဘူး၊ တော်ကြာ သူကြီးပြန်လာလို့ သူခိုင်းခဲ့တဲ့အလုပ် မအောင်မြင်ရင် ဆုလာဘ်မရဘဲ ထိပ်တုံးခတ်တာ ခံနေရဦးမယ်"

"ရပါတယ်ဗျာ. . . ဒီလောက်လည်း စိတ်ပူမနေပါနဲ့"

ဟု ပြောကာ ကြိုးခွေများကို ခါးမှာ ချိတ်ပြီး နှစ်ယောက်သား ရေထဲ ဆင်းသွားကြသည်။

မုံးမြစ်ရေမှာ ရေစီးသန်နေပြီဆိုသော်လည်း ကမ်းစပ်နှင့် နီးသောနေရာမှာတော့ ဝဲကတော့များ ထိုးနေပြီး သိပ်မစီးလှပေ။

ကမ်းပြိုထားသောနေရာဖြစ်သောကြောင့် ဝဲပြန် ဝဲကတော့များကတော့ ရှိနေသည်။

ရုပ်ပွားတော် ရှိသောနေရာမှာ ကမ်းနှင့် မဝေးလှပေ၊





ထို့ပြင် ရေစူးလည်း သိပ်မနက်လှပေ။

နှစ်ယောက်သား ရုပ်ပွားတော်အနီးသို့ ရောက်သောအခါ ခြေထောက်မိသောနေရာမှာ ရပ်၍ တစ်ယောက်က ရုပ်ပွားတော်ကို ကိုင်ထားပြီး ကျန်တစ်ယောက်က ရုပ်ပွားတော်ကို ကြိုးဖြင့် တုပ်လေသည်။

ထိုသို့တုပ်ရာမှာ ရေဖြင့် ချောနေသောကြောင့် တော်တော်နှင့် မရဘဲရှိနေသည်။

"ဖိုးတေ. . . ခြေထောက်နင်းထားတဲ့ အောက်က တလှုပ်လှုပ်နဲ့ ဘာလဲ မသိဘူး"

ရုပ်ပွားတော်ကို ကိုင်ပေးထားသော ငထွန်းက ပြောလိုက်သည်။

"ရေတိုက်လို့ အုတ်ခဲပုံတွေ လှုပ်နေတာဖြစ်မှာပေါ့"

"မဟုတ်ဘူးကွ. . . ချောကျိချောကျိနဲ့ ဘာလဲ မသိဘူး၊ ဟော. . . ပြောရင်းနဲ့ လှုပ်လာပြန်ပြီ"

ငထွန်းက အလန့်တကြား ပြောနေရင်းမှာပင် အောက်မှ နင်းထားသောအရာက လှုပ်လာလေရာ ရုပ်ပွားတော်မှာလည်း ယိမ်းထိုးလှုပ်ရှားလာလေသည်။

"ဟ. . ဟ. . ဘာကြီးလဲ မသိဘူး၊ ငါ့ခြေထောက်ကို ဆွဲနေပြီ၊ လုပ်ပါဦး ဖိုးတေရ"

ငထွန်းမှာ ပြောရင်းနှင့် ရေအောက်သို့ မြုပ်သွားရာ ရုပ်ပွားတော်ကို ကြိုးဖြင့် ပတ်ချည်နေသောဖိုးတေက လှမ်းဆွဲလိုက်သော်လည်း မမီတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ငထွန်း . . . ငထွန်း"

ငထွန်းမှာ အော်ရင်းဟစ်ရင်းနှင့် ရေအောက်သို့ တဖြည်းဖြည်း နစ်မြုပ်သွားရာ ကမ်းစပ်မှ ကြည့်နေသော ဦးဘသာတို့လည်း ဘယ်လိုလုပ်ရမှန်း မသိတော့ပေ။

ခဏကြာတော့ ထိုနေရာတွင် ရေသွေးပွက်ကြီးများ ထလာသည်။ ထိုအချိန်မှာ ဝဲကတော့ကြီးများ ထလာပြီး ရုပ်ပွားတော်မှာလည်း ယိမ်းထိုးနေလျက်ရှိရာ ဖိုးတေမှာ ရုပ်ပွားတော်ကို ဖက်တွယ်ထားရလေသည်။

"အဘသာ လုပ်ပါဦးဗျ"

ဖိုးတေက လှမ်းအော်သည်။

"ဝဲကတော့တွေ ထနေပြီ၊ လှေကလည်းမရှိနဲ့ ငါတို့လည်း ဘယ်လိုလုပ်ရမလဲ"

ထိုသို့အော်နေစဉ် ဝဲက မှုတ်ထုတ်လိုက်သောအရှိန်ဖြင့် ရေထဲမှ မည်းမည်းသဏ္ဌာန်ကြီးတစ်ခုက ဝဲကနဲ မြောက်တက်လာပြီး ဦးဘသာတို့အပေါ်သို့ လာရောက်ကျလေတော့သည်။

"ဝုန်း"

"အမယ်လေးဗျ"

ဦးဘသာ၊ ကံလှနှင့် သာဇံတို့သုံးယောက်စလုံးမှာ မည်းမည်းသဏ္ဌာန်ကြီးက သူတို့အပေါ် တည့်တည့်ကျလာသောကြောင့် သုံးယောက်စလုံး လဲကျသွားလေတော့သည်။

နောက်မှ ကပျာကယာ ထပြီး မီးရောင်ဖြင့် ကြည့်လိုက်သောအခါ ထိုမည်းမည်းသဏ္ဌာန်ကြီးမှာ အခြားမဟုတ်ဘဲ ရုပ်





ပျက်ဆင်းပျက် အသက်ပျောက်နေသော ငထွန်း၏အလောင်း ဖြစ်နေသည်ကို တွေ့ကြရသည်။

ထိုအခါမှပင် သုံးယောက်စလုံး ကြောက်ရွံ့ထိတ်လန့်သွားကြလေတော့သည်။

"ဟော့ . . . ဖိုးတေ၊ မင်းတစ်ယောက်တည်း မဖြစ်ဘူး၊ ဒီကို ပြန်လာခဲ့ဟ"

ဦးဘသာက အလန့်တကြား လှမ်းအော်လေသည်။

"ဝဲကတော့တွေ ထနေတော့ ဘယ်လိုလာရမလဲဗျ"

ဖိုးတေက ရုပ်ပွားတော်ကို ဖက်ထားရင်း ပြန်ပြောသည်။

"ငါတို့ ဒီကနေ ကြိုးတစ်စ လှမ်းပစ်ပေးလိုက်မယ်၊ အဲဒီကြိုးကို ကိုင်ထား၊ ဒီက ဆွဲတင်မယ်"

ဟု ပြောကာ ကြိုးဖြင့် လှမ်းပစ်ပေးသည်။

သို့သော် ကြောက်ကြောက်လန့်လန့်ဖြင့် ပစ်ရသောကြောင့် တော်တော်နှင့် မရောက်ပေ။

ထိုအခိုက်မှာပင် ဖိုးတေရပ်နေသောနေရာဘေးမှ ရေပွက်ကြီးများ ထလာကာ ငါးကြီးတစ်ကောင်၏ဦးခေါင်းပိုင်းကြီး ပေါ်လာလေတော့သည်။

"အမယ်လေး . . . လုပ်ကြပါဦးဗျ၊ ငါးကြီးပေါ်လာပြီ"

ဖိုးတေက အော်ဟစ်ရင်း ကြည့်လိုက်ရာ ငါးကြီး၏ ဦးခေါင်းမှာ ခွဲတောင်းနီးပါး ကြီးပြီး နီရဲနေသော မျက်လုံးနှစ်ဖက်မှာ လင်းကွင်းငယ်လောက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရေပေါ်သို့ ပေါ်နေသော ဆူးတောင်ပင်လျှင် တစ်တောင်ကျော်ကျော်ခန့် ရှည်လေသည်။

"အဘသာ. . . လုပ်ပါဦး၊ ငါးကြီးက ကျုပ်တို့ကို မြိုတော့မယ်"

ငါးကြီး၏ဦးခေါင်းပိုင်းမှာ သူနှင့် အနီးဆုံးမှာ ရှိနေပြီးအကယ်၍ လှည့်ဟပ်လိုက်ပါက လူတစ်ကိုယ်လုံး ငါးပါးစပ်ထဲသို့ ရောက်သွားမည်မှာ သေချာလှသည်။

ဦးဘသာတို့ကလည်း ကြိုးစကို ဖိုးတေရှိရာသို့ လှမ်းပစ်ပေးကြသော်လည်း ကြောက်ကြောက်လန့်လန့်နှင့် ဖြစ်နေသောကြောင့် တော်တော်နှင့် မရောက်ဘဲ ရှိနေလေသည်။

ထိုအချိန်မှာ ဖိုးတေနံဘေးမှာ ပေါ်နေသော ငါးရွှေကြီးက လှုပ်ရှားလာပြီး စက်ဝိုင်းသဏ္ဍာန် ပတ်ကာ ကူးခတ်နေလေရာ ရေပွက်ကြီးများက ထနေလေသည်။

ဖိုးတေမှာလည်း ထိုအခါမှာ ကြောက်ကြောက်လန့်လန့်နှင့် ရုပ်ပွားတော်ကို ဖက်ထားလေသည်။

သို့သော်လည်း ရေများဖြင့် ချောနေသောကြောင့် မကြာခဏ လျှောကျနေလေသည်။

"ကယ်ကြပါဦး. . . လုပ်ကြပါဦးဗျို့၊ ဒီမှာ ငါးကြီးဟပ်လို့ သေရပါတော့မယ်"

ဖိုးတေ အော်သံက တိတ်ဆိတ်နေသောအချိန်မှာ အတော်ဝေးဝေးမှပင် ကြားနိုင်လောက်ပေသည်။

ထိုအချိန်မှာ မိုးကလည်း တဖြည်းဖြည်းနှင့် သည်းလာ





ချေပြီ၊ အတန်ကြာတော့မှ ရုပ်ပွားတော်ကို လှည့်ပတ်ကူးနေသော ငါးရွှေကြီးမှာ တဖြည်းဖြည်းနှင့် ရေအောက်သို့ ငုတ်သွားလေတော့သည်။

ထိုအခါမှပင် ဦးဘသာတို့ လှမ်းပစ်ပေးသော ကြိုးစကဖိုးတေရှိရာသို့ ချောချောမောမော ရောက်သွားတော့သည်။

ဖိုးတေက ကြိုးစကို ဆွဲမိသည်နှင့် ကမ်းပေါ်မှ ဆွဲယူကြရာ အတန်ကြာသောအခါ ကမ်းပေါ် ပြန်ရောက်လာသည်။

ဖိုးတေမှာ ကမ်းပေါ် ပြန်ရောက်သည်နှင့် ငါးကိုက်ခံရသဖြင့် ရုပ်ပျက်ဆင်းပျက် သေဆုံးနေသော ထွန်းအလောင်းကို မြင်သောအခါ မျက်လုံးပြူးသွားလေသည်။

"ဟင်. . ထွန်းသေပြီ. . ထွန်းသေပြီ၊ ငါးကိုက်လို့ သေရပြီ. . ငါးကိုက်ခံရလို့ သေရပြီ"

ဖိုးတေမျက်လုံးမှာ မှုမမှန်တော့ပေ။

"ဖိုးတေ. . . သတိထားလေ"

"ဟိုမှာ ငါးရွှေကြီး လာနေပြီ၊ ငါးရွှေကြီး လာနေပြီဗျ၊ လုပ်ကြပါဦး. . . ကယ်ကြပါဦး"

ဟု အော်ဟစ်ကာ သွေးရူးသွေးတန်းနှင့် ထပြေးလေရာ ကျန်သုံးယောက်က ဝိုင်းဆွဲထားရသည်။

"ဖိုးတေ. . . သတိထားဦးလေ"

"ကျုပ်ကို မဆွဲကြနဲ့. . . မဆွဲကြနဲ့၊ ဟိုမှာ ငါးရွှေကြီး လာနေပြီ. . . လာနေပြီ"

ဟု အော်ဟစ်ကာ ပုဆိုးပင် မဝတ်နိုင်တော့ဘဲ ပြေးပြန်



www.burmeseclassic.com

www.burmeseclassic.com



ရာ ဦးဘသာတို့သုံးယောက်မှာ ဝိုင်းဆွဲထားရလေသည်။

အကယ်၍ ဖိုးတေ လွတ်သွားပြီး ရွာထဲ ရောက်သွားပါက သူတို့အကြံအစည်ကို ရွာသူရွာသားများ ရိပ်မိမှာစိုးသောကြောင့် နောက်ဆုံး ဖိုးတေကို ဝိုင်းဖမ်းပြီး ကနဖျင်းတိုင်မှာ ကြိုးဖြင့် ချည်ထားလိုက်ရတော့သည်။

စောစောက ရုပ်ပွားတော်အား ကြိုးဖြင့် အထပ်ထပ်တုပ်ချည်ခဲ့သောဖိုးတေမှာ ယခုတော့ သူကိုယ်တိုင် ကြိုးဖြင့် အချည်ခံနေရပေပြီ။

ဝဋ်ကြွေးဆိုသည်ကား ဘဝမခြားဘဲ ရောက်လာတတ်ပေပြီ။





အခန်း(၇)

# ဘဝမလှတဲ့ အညာကြာလူတစ်ယောက်

နောက်တစ်နေ့နံနက်လင်းသောအခါ ထွန်းသေသည့်ကိစ္စနှင့် ပတ်သက်ပြီး တစ်ရွာလုံး အုတ်အော်သောင်းနင်းဖြစ်ကြတော့သည်။

ဦးဘသာတို့ကတော့ သူ့ဖာသာ အရက်မူးလွန်ပြီး ရေထဲ ကျသေသည်ဟု ဖုံးထားသည်။

သို့သော် မည်သူကမှ မယုံကြည်ကြပေ။

အဘယ့်ကြောင့်ဆိုသော်. . .

ထွန်းကိုယ်ပေါ်တွင် ငါးကိုက်ခံရသော ဒဏ်ရာဒဏ်



www.burmeseclassic.com

www.burmeseclassic.com

ချက်များက တစ်ကိုယ်လုံးတွင် ပွနေသောကြောင့်ဖြစ်သည်။

ထိုမနက်ပိုင်းအချိန်မှာပင် ရွာဦးကျောင်းသို့ ဆေးဆရာကြီး ဦးဗန်ကောင်း ရောက်လာပြီး ဆရာတော်ကို လျှောက်ထားလေသည်။

"အရှင်ဘုရား. . . ထွေထွေထူးထူး မရှိဘူးထင်တယ်၊ ကိုယ်ပေါ်မှာလည်း ငါးကိုက်ခံရတဲ့ဒဏ်ရာတွေ တွေ့ရတယ်၊ တစ်ကိုယ်လုံးလည်း ငါးညှီစော်တွေ နံနေတာပဲ"

ထိုအခါ ဆရာတော်ဦးပညာသာမိက ပြောသည်။

"သူတို့ ရုပ်ပွားတော်ကို ဆင်းယူရင်းနဲ့ အန္တရာယ်တွေ့ကြတာ ဖြစ်မှာပေါ့ ဒကာကြီးရဲ့"

"ဒီလိုဆိုရင်တော့ ရုပ်ပွားတော်ကို အမြန်ဆယ်မှ ဖြစ်မယ်ဘုရား၊ တော်ကြာ မသမာသူတွေလက်ထဲ ပါသွားမှဖြင့် ခက်နေလိမ့်မယ်"

"စိတ်မပူပါနဲ့ ဒကာကြီးရယ်၊ သူတို့ ယူလို့မရပါဘူး"

"အရှင်ဘုရားက ဘယ်လိုသိနေတာလဲဘုရား"

"သက်ဆိုင်သူတွေနဲ့ တွေ့ပြီး သိတန်သလောက် သိပြီးပါပြီ"

ဆရာတော်၏အမူအယာမှာ အေးအေးဆေးဆေးပင်ရှိသည်။

"ဒါဖြင့် ဘယ်တော့လောက် ဆယ်ယူမှာလဲ ဘုရား"

"ဒီကနေ့ပဲ ဆယ်ယူဖို့ ကျုပ်စီစဉ်ထားပြီးပါပြီ၊ ရွာထဲက လူတွေ ခေါ်ပြီး ကမ်းစပ်ကို လိုက်လာခဲ့ပေတော့"





ဟု ပြောသဖြင့် ဦးဗန်ကောင်းလည်း ကျောင်းပေါ်မှ ပြန်ဆင်းလာခဲ့လေသည်။

သူသည် ဘုရားဆယ်ယူရန်အတွက် ရွာထဲမှ လူများကို လိုက်လံနှိုးဆော်ပြီးနောက် နီမောင်တို့အိမ်ဘက်သို့ သွားလေသည်။ အိမ်ရောက်တော့ နီမောင်နှင့် အဆင်သင့်ပင် တွေ့ရသည်။

"မင်းအလုပ်မဆင်းဘူးလား နီမောင်"

"မဆင်းတော့ဘူး အဘ၊ မနေ့က ငါးတစ်ကောင် ရလိုက်တာ အိမ်မှာ စားသောက်ဖို့ စရိတ်ကလေး ရတယ်လေ၊ နောက်ပြီး မြစ်ထဲမှာလည်း ဘုရားဖူး ငါးကြီးတွေ လာတော့မှာဆိုတော့ ပိုက်မဆင်းတာပဲ ကောင်းပါတယ် အဘရယ်"

"မင်းကတော့ တကယ့်လူပဲဟေ့၊ ဒါထက် ရွာထဲက ထွေထွေထူးထူး ကြားပြီးပြီလား"

"တစွန်းတစတော့ ကြားမိတယ် အဘ၊ ဘယ်လိုဖြစ်တာတဲ့လဲ"

"သူတို့ပြောတာတော့ အရက်မူးလွန်ပြီး ရေထဲ ကျသေတာလို့ ပြောတယ်၊ ငါတော့ အဲဒီလိုမထင်ဘူး၊ ရေထဲက ရုပ်ပွားတော် ဆင်းယူရင်းနဲ့ တစ်ခုခုဖြစ်တာလို့ ထင်တာပဲ"

ထိုစကားကြောင့် နီမောင်မှာ မနေ့ညက သူကြုံတွေ့ခဲ့ရပုံများကို ပြန်လည်သတိရမိလေသည်။

"ညတုန်းက မင်း အဲဒီဘက် ရောက်ခဲ့သေးတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရောက်ခဲ့တယ် အဘ၊ ပိုက်ချရာက အပြန် ဝင်တော့ သူတို့ ရွာထဲ ပြန်သွားလို့ ခဏစောင့်ပေးခဲ့ရသေးတယ်"

"မင်းစောင့်နေတုန်း ဘာတွေထူးခြားတာ တွေ့ခဲ့ရသေးလဲ"

နီမောင်က ညက သူမြင်တွေ့ခဲ့ရသောအကြောင်းများကို ဦးဇနကောင်းအား ပြောပြလိုက်လေသည်။

ဦးဇနကောင်းက နီမောင်ပြောသမျှကို နားထောင်ပြီး မှတ်ချက်ချသည်။

"ဒီအတိုင်းဆိုရင် ငါထင်တာ မမှားဘူး၊ ငထွန်းသေတာ ငါးကိုက်ခံရတာပဲဖြစ်မယ်၊ ကဲ. . . အခု ငါတို့ ဘုရားဆယ်ဖို့ လုပ်နေကြတယ်၊ မင်းပါ လိုက်ခဲ့ပေတော့"

ဟု ခေါ်သဖြင့် နီမောင်လည်း ဦးဇနကောင်းနှင့်အတူ လိုက်ခဲ့လေသည်။

ဆိပ်ကမ်းရောက်သောအခါ ရွာသူရွာသားအတော်များများ ရောက်နေကြသည်။

ဆရာတော်က ကမ်းနဖူးထိပ်တွင် ရာဇမတ်များ ကာ၍ ကန်တော့ပွဲများ ပြင်ဆင်ထားစေသည်။

အားလုံးအဆင်သင့်ဖြစ်သောအခါ ရွာသားများဘက်သို့ လှည့်ပြောသည်။

"ဘုရားကို ပူဇော်ဖို့ ကန်တော့ပွဲ ပြင်ဆင်ထားပြီးပြီ၊ ရေထဲ ဆင်းပြီး ရုပ်ပွားတော်ကို ပင့်ကြရမယ်"

ထိုစကားကြားသောအခါ ရွာသားများမှာ မလှုပ်ဝံ့ကြ





တော့ပေ။ အဘယ်ကြောင့်ဆိုသော်. . .

ဝဲကတော့ထိုးနေသော ရေအောက်တွင် (၁၂)တောင် လှေတမျှကြီးသော ငါးမွေးကြီး ရှိသည်ဆိုသောသတင်းကို တစွန်းတစ ကြားကြရသောကြောင့်ဖြစ်သည်။

ထို့ပြင် ညကမှ ငထွန်းတစ်ယောက် ငါးကိုက်ခံရသဖြင့် သေသွားသောအခါ ဆင်းဝံ့သူ မရှိအောင် ဖြစ်နေတော့သည်။

ကမ်းစပ်မှာတော့ လှေနှစ်စင်းရှိနေပြီး ထိုလှေနှစ်စင်းပေါ်မှာ ဝါးတန်းများနှင့် တွဲချည်ကာ ပိုပစ်ထားလေသည်။

သို့သော် ရေအောက်သို့ ငုတ်ပြီး ရုပ်ပွားတော်ကို ကြိုးဖြင့် သိုင်းချည်ပြီးမှ လှေဖြင့် ဆွဲယူရမည်ဖြစ်သည်။

ခဏကြာတော့ နီမောင်က ရှေ့သို့ ထွက်လာသည်။

"ရေအောက် တပည့်တော် ဆင်းပါ့မယ်ဘုရား"

ထိုစကားကြားတော့ ရွာသူရွာသားများက နီမောင့်ကို ဝိုင်းကြည့်နေကြသည်။

နီမောင်က ဆရာတော်ကို ကန်တော့ပြီး လှေသမားများကို ခေါ်ကာ ရုပ်ပွားတော်ရှိရာသို့ သွားကြလေသည်။

ရုပ်ပွားတော်မှာ ရေအောက်မှ ပခုံးတော်အထိသာ ပေါ်နေလေရာ ရေအောက်သို့ ငုတ်၍ ကြိုးဖြင့် သိုင်းချည်ပေးရမည်ဖြစ်သည်။

အနီးသို့ ရောက်သောအခါ လှေသမားများက ထိုးဝါးတိုင်စိုက်သူစိုက်၊ ကမ်းမှ ကြိုးဖြင့် ဆွဲသူကဆွဲပြီး လှေနှစ်စင်းကို ရေစီးနှင့် ပါမသွားစေရန် ထိန်းထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က ကြိုးခွေများကို ခါးမှာ ချိတ်ပြီး ရေထဲသို့ ခုန်ဆင်းကာ ရေအောက်သို့ ငုတ်သွားလေသည်။

မိုးရာသီရောက်စပြုပြီမို့ မိုးမြစ်ရေမှာ နွေရာသီကဲ့သို့ မကြည်လင်တော့သော်လည်း ရေအောက်အခြေအနေကိုတော့ အတန်အသင့် မြင်နိုင်သေးသည်။

ရေအောက်ရောက်တော့ အံ့သြဖွယ်ကောင်းသော မြင်ကွင်းကို မြင်တွေ့ရသည်။

ရုပ်ပွားတော် ရှိနေသောနေရာမှာ ကမ်းစပ်မှ ပြိုကျလာသော အုတ်ကျိုးအုတ်ပျက်များ၏အစွန်းတစ်ခုပေါ်တွင် ရှိနေခြင်းဖြစ်သည်။

အုတ်စွန်းတစ်ခုပေါ်၌ ရုပ်တော်မှာအနေအထားနှင့် ရှိနေရာ မည်သည့်အမှီအတွင်မှ အနားမှာ မရှိချေ။

အကယ်၍သာ ရေစီးဖြင့် ရှေ့သို့ ယိုင်လဲကျသွားပါက နက်ရှိုင်းသောချောက်အတွင်း ရောက်သွားဖို့သာရှိတော့သည်။

နီမောင်က အခြေအနေကို ကြည့်နေစဉ် ရေနက်ပိုင်းတစ်နေရာမှ တက်လာသော မည်းမည်းသဏ္ဌာန်ကြီးကို အရင်လှမ်းမြင်ရသည်။

ထိုမည်းမည်းသဏ္ဌာန်ကြီးမှာ အခြားမဟုတ်ပေ၊ ကြီးမားလှသော ငါးရွှေကြီးတစ်ကောင်ပင်ဖြစ်သည်။ ငါးရွှေကြီးတက်လာတာ မြင်တော့ နီမောင်မှာ ဘယ်လိုလုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။ ရေပေါ် ပြန်တက်ပြေးဖို့ကလည်းမဖြစ်၊ အခြားနေရာ ရှောင်တိမ်းပြေးဖို့ကလည်း အချိန်မရ





တော့ပေ၊ သို့ကြောင့် ရုပ်ပွားတော်အနီးမှာပင် ဒီအတိုင်းပဲ ငြိမ်၍ ရပ်နေလိုက်သည်။

မလှမ်းမကမ်း ရောက်လာသောငါးကြီးမှာ ပါးစပ်ကြီးကို အစွမ်းကုန် ဖြဲလျက် သူရှိရာသို့ ကူးခတ်လာသည်။

ထိုမျှကျယ်ပြန့်သောပါးစပ်ကြီးဖြင့် ကိုက်မြိုလိုက်ပါက လူတစ်ယောက်တော့ အသာကလေး ဝင်သွားနိုင်ပေသည်။

နီမောင်အနီးသို့ ရောက်သောအခါ ငါးရွှေကြီးတအရှိန်တန့်သွားသည်။

ဟထားသောပါးစပ်လည်း ပြန်မိတ်ထားသည်။

သို့သော် နီးကပ်စွာ ရှိနေသောကြောင့် ၎င်းကိုယ်လုံးကြီးကို အတိုင်းသား မြင်နေရသည်။

တစ်ခါတစ်ရံ အနီးမှ ကူးသွားစဉ် ငါးကိုယ်လုံးနှင့်ပင် ထိသွားလေသည်။

ခဏကြာတော့ ငါးရွှေကြီးက သူ့အနီးမှ ပြန်ကွေ့ထွက်သွားလေသည်။

ဒီတော့မှ ရုပ်ပွားတော်အောက်ခြေကို ကြိုးဖြင့် သိုင်းကာ အပေါ်မှ လူများကို အချက်ပြလိုက်ရာ အပေါ်မှ ဆွဲယူကြလေသည်။

ရုပ်ပွားတော်က တဖြည်းဖြည်း ကြွတက်လာပြီးနောက် ကမ်းစပ်သို့ ဆွဲယူသွားကြလေသည်။

ကမ်းပေါ် ရောက်အောင်တော့ လူအင်အားသုံး၍ ဝိုင်းမ,တင်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကနဖျင်းထဲ သယ်ယူသွားကြသည်။

ကနဖျင်းထဲ ရောက်မှ ရေဖြင့် ဆေးကြောသုတ်သင်ကြည့်သောအခါ ရုပ်ပွားတော်မှာ ရွှေသားများဖြင့် သွန်းလုပ်ထားသော ရုပ်ပွားတော်ဖြစ်မှန်း သိရလေသည်။

မတ်ရုပ်ပုံတော်ဖြစ်ပြီး ဗျာဒိတ်ပေးနေသောမုဒြာမျိုးဖြစ်ပြီး ငါးပေခန့်အမြင့်ရှိသည်။

ဆရာတော် ဦးပညာသာမိနှင့် ရွာသူရွာသားများက ရုပ်ပွားတော်ကို ကန်တော့ကြသည်။

ထို့နောက်တွင် ရုပ်ပွားတော်ကို ကျောင်းတော်သို့ ပင့်ဆောင်သွားကြလေသည်။

ကျောင်းပေါ် ရောက်သောအခါ သီးသန့်နေရာတွင်ထားကာ ရွာသူရွာသားများ လာရောက်ပူဇော်ခွင့် ရနိုင်အောင် ပြင်ဆင်ထားပေးလေသည်။

ကျောင်းပေါ် ရောက်သောအခါမှ ဦးပန်ကောင်းက ဆရာတော်ကို လျှောက်သည်။

“အရှင်ဘုရား. . . ဒီရုပ်ပွားတော်က သာမည မဟုတ်ပါဘူး ဘုရား၊ ရွှေဟောင်းရုပ်ပွားတော်တစ်ဆူဖြစ်ပါတယ်”

“ပြောပါဦး ဒကာကြီးရဲ့”

“တပည့်တော် မှတ်တမ်းတွေမှာ လေ့လာကြည့်တဲ့အခါ ဘုရားဒါယကာက အလောင်းစည်သူမင်းကြီးဖြစ်ပါတယ်၊

အလောင်းစည်သူမင်းကြီးဟာ ကျောင်းတော်ရာ စေတီတော်ကြီးကို ပူဇော်ဖို့ ကြွလာတဲ့အခါမှာ မုံးချောင်းရွာနား ရောက်တဲ့အခါ ကြီးမားတဲ့ငါးကြီးတစ်ကောင်ရဲ့တားဆီးမှုကြောင့် ဖောင်တော် ရှေ့ဆက်မသွားနိုင်ဘဲဖြစ်ရပါတယ်၊

ဒီတော့ ပညာရှိအမတ်တွေ မေးတဲ့အခါမှာ ဒီနေရာမှာ စေတီတစ်ဆူ တည်ပေးရမယ်လို့ လျှောက်ကြတဲ့အတွက် စေတီတော်တစ်ဆူ တည်စေပါတယ်”

“အင်း. . . ပြောပါဦး ဒကာကြီးရဲ့”

“ဌာပနာကတော့ ဖောင်ပေါ်မှာ ပူဇော်ဖို့ တင်ဆောင်လာတဲ့ ရွှေသားနဲ့ ထုလုပ်ထားတဲ့ ရုပ်ပွားတော်ကို ဌာပနာခဲ့တယ်လို့ အဆိုရှိပါတယ်ဘုရား”

“ဒါဖြင့် ဒီရုပ်ပွားတော်ဟာ ရှေးဟောင်းဘုရားတစ်ဆူဆိုတာ အမှန်ပဲပေါ့”

“အမှန်ပါပဲဘုရား. . . ရှေးဟောင်းရုပ်ပွားတော် ဖြစ်သလို တန်ခိုးလည်း ကြီးပါတယ်၊ အလောင်းစည်သူမင်းကြီးဟာ ဒီရုပ်ပွားတော်ကို လှူဒါန်းခဲ့စဉ်က ရုပ်ပွားတော်ကို ဖျက်ဆီးဖို့ကြံရင် တူသောအကျိုးပေးပါစေလို့ ကျိန်စာဆုတောင်းလည်း ထားခဲ့ပါတယ်”

“တယ်ကြောက်စရာကောင်းတဲ့ ကျိန်စာပါလား”

“ရှေးတုန်းကလည်း ဌာပနာတိုက်ထဲမှာ ရွှေသားရုပ်ထုတော် ရှိမှန်းသိလို့ ဖောက်ယူဖို့ ကြိုးစားခဲ့သူတွေ ရှိပါတယ်၊ အားလုံး အန္တရာယ်ဆိုးတွေနဲ့ သေကြလို့ နောက်ထပ် ဘယ်သူမှ မလုပ်ဝံ့တော့ဘဲ နောက်ဆုံး ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးပြီး ကွယ်ပျောက်သွားခဲ့ရတာပါ”







www.burmeseclassic.com

www.burmeseclassic.com



"ငထွန်းသေရတာ ဘုရားကို တစ်ခုခု ကြံစည်မိလို့ သေရတာ ဖြစ်မလား"

"ဖြစ်နိုင်ပါတယ် ဘုရား၊ နောက်ထပ်ကြံစည်တဲ့လူတွေလည်း ဘေးဒုက္ခအမျိုးမျိုးနဲ့ ထပ်ပြီးကြုံကြရဦးမှာပါဘုရား"

ဟု လျှောက်ထားလေသည်။

ထိုနောက်ပိုင်းတွင် ရုပ်ပွားတော်ကို ကျောင်းဆောင်တစ်ခုပေါ်မှာ ထားရာမှ ရွာသူရွာသားများ ပူဇော်နိုင်ရန် သိမ်တိုက်အတွင်းသို့ ရွှေ့ပြောင်းထားပေးသည်။ ရွာသူရွာသားများကလည်း ပန်းရေချမ်းဆီမီး အစရှိသော လှူဖွယ်ပစ္စည်းများနှင့် လာရောက်လှူဒါန်းကြလေသည်။

တစ်နေ့တော့ မြလေးမှုအပါအဝင် မိန်းကလေးတသိုက်ဘို့ လှူဖွယ်ပစ္စည်းများနှင့် လာရောက်လှူဒါန်းကြလေသည်။

မြလေးမှုမှာ အသက်(၁၉)နှစ်ဝန်းကျင်အရွယ်ခန့်ရှိပြီး လှပချောမောသူဖြစ်သည်။

မိဘများက လယ်ပိုင်ယာပိုင်များနှင့် ကြီးပွားချမ်းသာကြပြီး ရွာမျက်နှာဖုံးများဖြစ်ကြသဖြင့် မြလေးမှုမှာ ရုပ်ကလေး လှသလောက် မာနကြီးလှသူဖြစ်သည်။

ဆင်းရဲသူဆင်းရဲသားများဆိုလျှင် အဖက်မတန်သလိုဆက်ဆံလေ့ရှိလေသည်။

သူမတို့တတွေ ရောက်လာသောအချိန်မှာ နီမောင်က ဘုရားအနီးမှာ ဝေယျာဝစ္စ ဆောင်ရွက်ပေးနေသောအချိန်ဖြစ်သည်။





မြလေးမှုနှင့် အဖော်ပါလာသော မိန်းကလေးသုံးယောက်တို့က ၎င်းတို့ ယူဆောင်လာသော ပန်း၊ သစ်သီးများကို နီမောင်လက်ထဲသို့ ကမ်းပေးလိုက်ပြီး ဘုရားကို လှူဒါန်းစေသည်။

နီမောင်က ပန်းများကို ပန်းအိုးထဲ စိုက်ပြီး သစ်သီးများကို ရုပ်ပွားတော်ရှေ့မှာ ချထားသော ပန်းများထဲသို့ ထည့်ပေးလေသည်။

အခြားသူများကသာ ပေးသော်လည်း မြလေးမှုကတော့ သူမ ယူလာသောပန်းနှင့် သစ်သီးများကို လှမ်းမပေးချေ။

"မြလေး. . . ပေးလိုက်လေ"

အနားမှာ ရှိသော ခင်မှုံက သတိပေးလိုက်သည်။

"အို. . . မပေးချင်ပါဘူး"

"ဟဲ့. . . ဘာဖြစ်လို့လဲ"

"သူက တံငါအလုပ် လုပ်နေတဲ့သူ၊ ဘုရားလှူဖို့ပစ္စည်းတွေ ပေးတော့ ဘယ်အကျိုးရှိပါ့မလဲ"

ထိုစကားကြားသောအခါ ကျန်အဖော်သုံးယောက်တို့က မျက်နှာပျက်သွားကြလေသည်။

"နင် ဒီလိုမပြောပါနဲ့ဟယ်၊ နီမောင်က ဆင်းရဲလို့ ဒီအလုပ် လုပ်နေရပေမယ့် စိတ်ထားကောင်းပါတယ်"

"အို. . . ဘာပဲဖြစ်ဖြစ် မပေးချင်ပါဘူး"

နီမောင်က ထိုအခြေအနေကို ရိပ်မိသွားဟန်ဖြင့် ထိုနေရာမှ ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ အခြားရွာသားတစ်ယောက် ရောက်လာသည်။

၎င်းမှာ ကျော်ထွေးဆိုသူဖြစ်သည်။

သူက ရောက်လာသည်နှင့် မြလေးမူထံမှ ပန်းနှင့် သစ်သီးများကို လှမ်းယူလေရာ မြလေးမူကလည်း အလွယ်တကူ လှမ်းပေးလိုက်သည်။

ကျော်ထွေးမှာ မြလေးမူကို ပိုးပန်းနေသူဖြစ်သည်။

"မြလေး. . . ငါလည်း ဘုရားပန်း ယူလာတယ်၊ နင်ယူလာတဲ့ပန်းနဲ့ အတူတူ ထိုးလိုက်မယ်နော်"

ကျော်ထွေးက မျက်နှာပြောင်ပြောင်နှင့် ပြောလိုက်ရာ မြလေးမူမှာ မျက်နှာပျက်သွားသည်။

အခြားသူများလည်း ရှိနေသောကြောင့် ထွေထွေထူးထူး ဘာမှပြန်မပြောလိုက်တော့ပေ။

ထို့နောက် ဘုရားကန်တော့ပြီး အပြင်ထွက်လာသောအခါ မြမြခင်က ပြောသည်။

"မြလေး. . နင် ဒီကနေ့ လုပ်ပုံကတော့ မဟုတ်ဘူး၊ ကုသိုလ်မရဘဲ အကုသိုလ် ရသလိုဖြစ်နေပြီ"

"ငါက ဘာလုပ်လို့လဲ"

"နင် နီမောင်ကို အဲဒီလို မဆက်ဆံသင့်ပါဘူး၊ သူ့ခမျာ မရှိဆင်းရဲလို့ သားငါးရှာနေရပေမယ့် ဘယ်သူ့အပေါ်ကိုမှ မတရား မလုပ်ဘူး"

"ဟုတ်တယ် မြလေး၊ နင်က ကျော်ထွေးကျတော့





အဟုတ်ထင်နေတယ်၊ ကျော်ထွေးက အလုပ်ကို လက်ကြောတင်းအောင် လုပ်တဲ့လူမျိုး မဟုတ်ဘူး၊ သူ့မိဘတွေကလည်း သူကြီးနဲ့ တည့်အောင် ပေါင်းပြီး အရက်ပုန်း ချက်ရောင်းနေတာ နင်မသိဘူးလား"

ထိုစကားကြားသောအခါ မြလေးမူက ဘာမှပြန်မပြောတော့ပေ။

"သူ့ခမျာ လူရှေ့သူရှေ့မှာဆိုတော့ ရှက်မှာပေါ့၊ အခု ဘုရားကို ရေထဲက ဆယ်ဖို့ လုပ်ကြတော့ ရေထဲကို ဘယ်သူမှ မဆင်းဝံ့ကြလို့ နီမောင်တစ်ယောက်တည်း ဆင်းဆယ်ရတာလို့ အဖေတို့ ပြောတယ်၊ အဲဒီအချိန်မှာ နင်အထင်ကြီးတဲ့ ကျော်ထွေးတို့က ဘုရားဆယ်တဲ့ဆီ လာဖို့ဝေးရော၊ အရက်လိုက်ပို့နေကြတာဟဲ့"

"နင်တို့ကလည်း ဒါလေးလုပ်မိတာနဲ့ ငါ့ကို ဝိုင်းပြီး အပြစ်ပြောလိုက်ကြတာ နားကို ငြီးရော၊

ဒီလောက် နီမောင့်ကို သဘောကျနေကြရင် တစ်ခါတည်းပဲ ယူထားလိုက်ကြပါလား"

ဟု မျက်စောင်းထိုးကာ ပြောလိုက်လေသည်။

"နင်ပြောတာ နောက်တောင်ကျနေသေးတယ်၊နီမောင်ကသာ ကြိုက်ရင် အခုယူဆို ယူလိုက်ရုံပဲ"

ဟု ခင်မှူးက ပြောလိုက်ရာ ကျန်လူများက သဘောကျစွာ ရယ်ကြလေသည်။

သူတို့ အပြင်ထွက်လာသောအခါ ကျောင်းဝန်းအတွင်း



www.burmeseclassic.com

www.burmeseclassic.com

ရှိ ခရေပင်အောက်မှာ တံမြက်စည်း လှည်းနေသော နီမောင်ကို လှမ်းမြင်ကြရသည်။

သူတို့ လာတာကို မြင်တော့ နီမောင်က တစ်ချက်လှမ်းကြည့်ပြီး ကျောင်းအနောက်ဖက်သို့ ထွက်သွားသည်ကို လှမ်းမြင်လိုက်ကြရသည်။







အခန်း(၈)

## အကုသိုလ်ကျော့ကွင်း တိုးဝင်ကြသူများ

တစ်နေ့သ၌ မကွေးမြို့ဂါတ်တဲဝင်းအတွင်းသို့ နွားလှည်းတစ်စီး ဝင်လာလေသည်။

နွားလှည်းပေါ်မှာ တင်လာသော ပစ္စည်းများမှာ၊ ဆီပုံး၊ ငှက်ပျောခိုင်၊ အုန်းသီးခိုင်၊ ကြက်ဥ၊ ဘဲဥသေတ္တာများအပြင် ငါးခြောက်၊ ပုစွန်ခြောက်များပါမကျန် စုံလင်အောင် ပါလာလေသည်။

လှည်းမောင်းသူ၏နောက်တွင် ထိုင်လိုက်လာသူမှာ မုံးချောင်းရွာသူကြီး ဦးနေဒွန်းနှင့် ၎င်း၏တူမဝမ်းကွဲတော်စပ်သူဟု အများသိသော စောမေဆိုသော အမျိုးသမီးတစ်ဦးတို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ စောမေဆိုသောအမျိုးသမီးမှာ ဦးနေဒွန်း၏တူမဝမ်းကွဲတော်သည်ဆိုခြင်းထက် တိတ်တိတ်ပုန်း ယူထားသည့် မိန်းမတစ်ယောက်ဆိုက မမှားပေ။

ဦးဘဒန်သည် အရေးကြီးသောကိစ္စများနှင့် မြို့လာသည့်အခါတိုင်း စောမေကို ခေါ်လာလေ့ရှိပြီး သခင်ကြီးများကို လက်ဆောင်ပေးရာတွင် စားသောက်စရာများချည်း မဟုတ်ဘဲ စောမေကိုပါ ထည့်ပေးရလေ့ရှိသည်။

စောမေမှာ အသက်သုံးဆယ်ဝန်းကျင်အရွယ်ခန့်ရှိပြီး တောမှာ နေသူဟု ဆိုရသော်လည်း ဦးနေဒွန်းက ဆင်ပေးထားသောကြောင့် မြို့သူမ သာအောင် လှပကျော့ရှင်းသူဖြစ်လေသည်။

ပါးလွှာသော နိုင်လွန်လက်ပြတ်အကျီနှင့် ပိုးဖျော့ထမိန်တို့ကို ဝတ်ဆင်ထားသော စောမေ၏အလှမှာ သခင်ကြီးများ သဘောကျလေ့ရှိသော လုံးကြီးပေါက်လှ ခန္ဓာအချိုးအစားမျိုးရှိလေသည်။

စောမေဆိုသော အမျိုးသမီးမှာ အရေးကြီးသည့်ကိစ္စများရှိ၍ ဦးနေဒွန်း မြို့ကို လာသည့်အခါ တစ်ခါတစ်ရံ လိုက်လာလေ့ရှိပြီး သခင်ကြီးများကို ဖြေဖျော်ပေးရလေ့ရှိရာ ယခုတော့ မျက်နှာဖြူ အရာရှိများအကြိုက်ကို ကောင်းစွာသိနေသူတစ်ဦးလည်း ဖြစ်တော့သည်။

“အစော. . . ဟိုရောက်ရင် ငါမှာတာတွေ ရအောင်ပြောဖို့ မမေ့နဲ့နော်”





ဂါတ်တဲဝင်းနား ဝင်ခါနီးတွင် ဦးနေဒွန်းက ထပ်ပြီးသတိပေးလိုက်သည်။

“စိတ်ချစမ်းပါ အစ်ကိုကြီးရယ်. . . မမေ့ပါဘူး၊ အရေးပိုင်မင်းက ကျွန်မနဲ့ တွေ့ဖူးပါတယ်၊ သူက ဘယ်လိုကြိုက်တယ်ဆိုတာ သိပြီးသားပါ၊ အစ်ကိုကြီး လိုချင်တဲ့အမိန့် ရအောင်ပြောခဲ့ပါ့မယ်၊ အစောက ဒီကိစ္စမျိုးတွေဆိုရင် ပိုင်ပါတယ်”

စောမေဆိုသောအမျိုးသမီးက မူဟန်ပါပါနှင့် ပြောလိုက်ရာ ဦးနေဒွန်းမှာ သဘောကျကြီးကျသွားလေတော့သည်။

လှည်းမှာ ဂါတ်တဲဝန်းအတွင်းသို့ မောင်းလာရာ နောက်ဆုံး ဌာနအုပ်ဦးဘဒန် နေသောအိမ်ရှေ့သို့ ရောက်သောအခါ ရပ်တန့်သွားလေသည်။

ဦးနေဒွန်းက လှည်းသမားအား ပစ္စည်းများကို အိမ်ထဲသယ်ယူခိုင်းခဲ့ပြီး စောမေကို ခေါ်ကာ အိမ်ထဲ ဝင်သွားလေသည်။

ဦးဘဒန်မှာ အသက်ငါးဆယ်အရွယ်ခန့်ရှိပြီး အသားမည်းမည်း ဝဝဖိုင့်ဖိုင့်နှင့်ဖြစ်သည်။

သူတို့ဝင်သွားသောအချိန်တွင် ကုလားထိုင်ပေါ်တွင်ထိုင်ကာ အရက်သောက်နေသောအချိန်ဖြစ်သည်။

ကာကီရောင်ဘောင်းဘီနှင့် စွပ်ကျယ်လက်ပြတ်ကိုသာ ဝတ်ထားလေသည်။

ဦးနေဒွန်း ဝင်လာတာကို မြင်တော့မှ သောက်လက်စ အရက်ခွက်ကို ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဦးနေဒွန်းပါလား၊ အကြောင်းမကြား ဘာ
မကြားနဲ့၊ လာ. . . ထိုင်ကြဗျာ"
ဟု လှမ်းပြောသဖြင့် ဦးနေဒွန်းနှင့် စောမေတို့က ကု
လားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်လေသည်။
ဦးဘဒန်က စောမေကို မြင်သောအခါ သဘောပေါက်
သလို တစ်ချက်ပြုံးလိုက်လေသည်။
နောက်မှ ရောက်လာသော လှည်းသမားကလည်း
သယ်ယူလာသောပစ္စည်းများကို ကြမ်းပြင်ပေါ်သို့ ချလေသည်။
"ကဲ. . . ဆိုပါဦး၊ ကျုပ်က ဘာအကူအညီပေးရမလဲ"
"တခြားတော့ မဟုတ်ပါဘူး ဌာနအုပ်မင်းရယ်၊ အခု
ကျုပ်တို့ရွာမှာ ရွှေအစစ်နဲ့ လုပ်ထားတဲ့ ဘုရားတစ်ဆူ ပေါ်တော်
မူလာတယ်ဗျ၊ အလေးချိန်ကလည်း ပိဿာချိန်တစ်ဆယ်
လောက်ရှိမယ်"
"ဘယ်က ပေါ်လာတာလဲဗျ"
"ကမ်းပါးကို ရေတိုက်စားလို့ ဘုရားပျက်ပြီး ပြိုကျပြီး
ပေါ်လာတာပဲ၊ ရေထဲကို ပြိုကျသွားလို့ တပိုင်းတစ ပေါ်နေ
ကတည်းက ခရိုင်ရာဇဝတ်ဝန်ကြီးကို သတင်းပို့လိုက်ပါသေး
တယ်"
"ဘယ်ပုံဘယ်နည်း ပို့တာလဲဗျ"
"ခရိုင် ဒုတိယရာဇဝတ်ဝန်ကြီးဆီကို သွားပြီး အကျိုး
အကြောင်း လျှောက်တင်ခဲ့တာပါပဲ၊ ဒါပေမယ့် အခုထိ အရေး
ယူ ဆောင်ရွက်မှု မရှိသေးဘူးဗျ၊





အခုတော့ ဘုန်းကြီးနဲ့ ရွာသူရွာသားတွေက ဆယ်ယူပြီး
ကျောင်းမှာ ထားကြတယ်"
ထိုစကားကြားသောအခါ ဦးဘဒန်က ဆေးပြင်းလိပ်ကို
မီးညှိ၍ တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။
"ဒီကိစ္စမျိုးက အရေးပိုင်က အမိကပဲ၊ အရေးပိုင်မင်း
လက်မှတ်ပါမှ လုပ်လို့ရတာဗျ၊ သူသိအောင် ပြောဖို့တော့ လို
တယ်"
"အဲဒါကြောင့် အခု ခင်ဗျားဆီကို အားကိုးတကြီးနဲ့ လာ
ခဲ့တာပေါ့"
"ခင်ဗျားက ဘယ်လိုလုပ်ချင်တာလဲ"
"ဒီလောက် ပိဿာချိန်များတဲ့ ရွှေသားရုပ်ထုကို ဒီ
အတိုင်း ထားလို့ ဘယ်ဖြစ်ပါ့မလဲ၊ သိမ်းယူပြီး သခင်ကြီးတွေ
လက်ထဲ အပ်မှ အကျိုးရှိမှာပေါ့၊ ဒီလောက်ပိဿာချိန်များတဲ့ ရွှေ
ရုပ်ထုကို တွေ့ထားတယ် ပြောတာတောင် ဘာကြောင့် အခုထိ
ငြိမ်နေကြသလဲ မပြောတတ်ဘူး"
ထိုစကားကြားသောအခါ ဦးဘဒန်က သက်ပြင်းတစ်
ချက် ချလိုက်သည်။
"ပွင့်ပွင့်လင်းလင်းနဲ့ အမှန်ပြောရရင်တော့ အခု တိုင်း
ရေးပြည်ရေးအခြေအနေက သိပ်မကောင်းလှဘူးဗျ၊ (၁၃၀၀)
ပြည့်အရေးတော်ပုံနောက်ပိုင်းမှာ လူတွေက အုံကြွချင်သလို ဖြစ်
နေကြတယ်၊ ဒါကြောင့် သခင်ကြီးတွေလည်း လူထုနဲ့ ပြဿနာ
တွေ့မယ့်ကိစ္စမျိုးတွေ သိပ်မလုပ်ချင်ကြဘူးနဲ့ တူပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘဒန်စကားကြားသောအခါ ဦးနေဒွန်းမှာ ခဲလေသမျှ သဲရေကျ ဖြစ်ရသောအမူအယာဖြင့် စိတ်ပျက်လက်ပျက် ဖြစ်သွားလေသည်။

"ဒီကိစ္စမျိုး လုပ်လို့ ဘယ်သူကမှ ပြဿနာမရှာပါဘူးဗျာ၊ ကျုပ်ရွာသားတွေအကြောင်း ကျုပ်ကောင်းကောင်းသိပါတယ်၊ လက်တစ်ဆုပ်စာလောက်ရှိတဲ့ ရွာသားတွေကို ဂရုစိုက်စရာ မလိုပါဘူး၊ ဒီတော့ ကျုပ်ရဲ့အကြံအစည် အထမြောက်အောင် တဆိတ်လောက် အကူအညီပေးပါ ဦးဘဒန်ရယ်၊

ခင်ဗျားအတွက်လည်း နင့်လောက်အောင် ရမယ့်ကိစ္စမျိုးမို့ လာပြီးအပူကပ်ရတာပါ၊

ကျုပ်ယူလာတဲ့ပစ္စည်းတွေအပြင် ဟောဒီမှာ ငွေသားငါးရာလည်း ပါလာပါသေးတယ်၊ အောင်မြင်အောင်သာ ဆောင်ရွက်ပေးပါတော့"

ဟု ပြောဆိုကာ တိုက်ပုံအင်္ကျီအတွင်းအိတ်ထဲမှာအသင့်ထည့်ထားသော တစ်ရာတန် ငွေစက္ကူငါးရွက်ကို ထုတ်ယူကာ စားပွဲပေါ် တင်ပေးလိုက်လေသည်။

တစ်ရာတန် ငွေစက္ကူငါးရွက်ကို မြင်လိုက်သောအခါမှ စောစောက လေးတိလေးကန်ဖြစ်နေသော ဦးဘဒန်မှာ တီကောင်ကို ဆားဖြင့် တို့လိုက်သကဲ့သို့ဖြစ်ကာ မျက်လုံးမှာလည်း အရောင်လက်လာလေသည်။

"ကဲ. . ကဲ. . ခင်ဗျား ဒီလောက်စိတ်အားထက်သန်နေမှတော့ ဖြစ်အောင်စီစဉ်ပေးပါ့မယ်ဗျာ၊ အရေးပိုင်ရုံးက ရုံးစာရေး





ကြီးနဲ့ရော အရေးပိုင်မင်းရဲ့ပီအေနဲ့ပါ ကျုပ်က အဝင်အထွက်ရှိပါတယ်၊ ဒီတော့ ခင်ဗျားတို့ ဒီမှာပဲ အေးအေးဆေးဆေး စောင့်နေခဲ့ကြဦး၊ ကျုပ် အရေးပိုင်မင်းအိမ် ခဏပြေးလိုက်ဦးမယ်"

ဟု ပြောဆိုကာ ဦးနေဒွန်း ယူလာသော အစားအသောက်ပစ္စည်းကို ဂျစ်ကားပေါ် တင်စေပြီး စားပွဲပေါ်သို့ ချထားသော ငွေစက္ကူများကို ကောက်ယူကာ အပြင်သို့ ထွက်သွားလေသည်။

ဦးနေဒွန်းကတော့ ၎င်း၏အကြံအစည် အောင်မြင်တော့မည်မို့ သဘောကျကြီးကျနေလေသည်။

"အစော. . . အရေးပိုင်မင်းနဲ့ တွေ့ရင် လိုလေသေးမရှိအောင် အစွမ်းကုန် ပြုစုပေးနော်၊ နောက်ပြီး ငါမှာတာတွေကိုလည်း ပြောဖို့မမေ့နဲ့ဦး"

"စိတ်ချစမ်းပါ အစ်ကိုကြီးရယ်၊ ကျွန်မသိပါတယ်"

"အခုကာလက အရေးပိုင်မင်း စကားတစ်ခွန်းနဲ့တင် ဘာမဆို ဖြစ်နိုင်တဲ့ကာလဆိုတော့ သူသဘောကျဖို့ပဲ လိုတယ်"

စောမေက ပြုံး၍ခေါင်းညိတ်ပြသည်။

"သူနဲ့ တွေ့ရင် ငါ့ကို ရာထူးတိုးပေးဖို့နဲ့ တိုက်နယ်သူကြီးခန့်ပေးဖို့လည်း တစ်ခါတည်း ပြောခဲ့နော်"

"ပြောပါ့မယ် အစ်ကိုကြီးရယ်. . . စိတ်ချစမ်းပါ၊ ဒါထက် ကျွန်မကတော့ အစ်ကိုကြီး စေခိုင်းသမျှကို ဘာမဆို လုပ်ပေးရတယ်၊ အစ်ကိုကြီးကရော ကျွန်မကို ဘယ်တော့မှ တရားဝင် လက်ထပ်ယူမှာလဲ၊ အခုတော့ ဒီမှာ မပိုင်ဝက်မွေးဘဝ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ နေရတာ”

“ဒီအတွက် စိတ်မပူစမ်းပါနဲ့ အစောရယ်၊ အစ်ကိုကြီးသာ တိုက်နယ်သူကြီးဖြစ်ရင် အစောလည်း သူကြီးကတော်ဖြစ်ရစေ့မယ်”

“အစ်ကိုကြီး ကတိစကားသာ တည်ပါစေနော်”

“တည်ပါတယ်ဗျာ. . . တည်ပါတယ်ဗျာ”

ဟု ပြောဆိုနေကြစဉ် ညဦးပိုင်းအချိန်လောက်တွင် ဌာနအုပ် ဦးဘဒန် ပြန်ရောက်လာသည်။

အိမ်ပေါ် ရောက်သောအခါ ဝမ်းသာသောအမူအယာနှင့် ပြောသည်။

“ဦးနေဒွန်းရေ. . . ကျုပ်တို့ ကြိုးစားတာ ပထမအဆင့်တော့ အောင်မြင်ပြီလို့ ပြောရမယ်ဗျို့၊ အရေးပိုင်မင်းရဲ့ ပီအေနဲ့ ကျုပ်တွေ့ခဲ့ပြီးပြီ၊ ဒီကနေ့ည သူ့ကို ပို့ပေးဖို့သာ ပြင်ပေတော့”

ဟု ပြောဆိုကာ စောမေကို ဂျစ်ကားပေါ် တက်စေပြီး အရေးပိုင်မင်း အိမ်ဝန်းအတွင်းသို့ မောင်းသွားကြသည်။

မကွေးမြို့ အရေးပိုင်ရုံး ရှိရာနှင့် မဝေးလှသောနေရာတွင် အရေးပိုင် နေထိုင်သော နှစ်ထပ်အိမ်ကြီးရှိသည်။

အုတ်ကြွပ်များကို ထိုးထားပြီး အောက်ထပ်က အုတ်တိုက်ဖြစ်ပြီး အပေါ်ထပ်က ရေနံချေးများ သုတ်ထားသော သစ်သားအိမ်ဖြစ်သည်။ အဝင်ပေါက်မှာ စောင့်နေသော စန္ဒရီကဦးဘဒန်တို့မှန်း သိတော့ တံခါးဖွင့်ပေးလိုက်ရာ ကားကို တောက်လျှောက်မောင်းဝင်သွားသည်။





ပုဏ္ဏရိပ်ပင်များဖြင့် စက်ဝိုင်းသဏ္ဍာန်ပြုလုပ်ထားသောအဝင်လမ်းအတိုင်း မောင်းဝင်သွားပြီး ဆင်ဝင်အောက် ရောက်သောအခါ ကားကို ရပ်ပေးလိုက်သည်။

ကားသံကြားသဖြင့် အိမ်ထဲမှ အစောင့်တစ်ယောက်ထွက်လာပြီး စောမေကို ခေါ်သွားသောအခါ ဦးဘဒန်တို့လည်းကားကို ပြန်မောင်းထွက်လာခဲ့သည်။

ထိုနေ့က စနေနေ့ညဖြစ်ပြီး တနင်္ဂနွေနေ့အထိ စောမေတစ်ယောက် ပေါ်မလာတော့ပေ။

ဦးဘဒန်အိမ်မှာ တည်းခိုနေသော ဦးနေဒွန်းကတော့သူ့အနေနှင့် တည်ကြက်သဖွယ် အသုံးပြုနေသော စောမေ၏အရည်အသွေးကို ကောင်းစွာသဘောပေါက်ထားသဖြင့် မိမိတို့အရေးကိစ္စ အောင်မြင်လောက်ပြီဟုသာ တစ်ထစ်ချ မှတ်ယူထားလေတော့သည်။

တနင်္လာနေ့ မနက်စောစောအချိန်လောက်တွင် စောမေတစ်ယောက် ဦးဘဒန်အိမ်သို့ ပြန်ရောက်လာသည်။

သူမမှာ သွားခါစအချိန်ကနှင့်ပင် မတူတော့ဘဲ မျက်နှာမှာ အတော်ချောင်ကျသွားလေသည်။

စောမေကို မြင်သောအခါ ဦးဘဒန်နှင့်ဦးနေဒွန်းတို့မှာ ဝမ်းသာသွားကြလေသည်။

“အဆင်ပြေခဲ့ပြီလား အစော”

ဦးနေဒွန်းက အလောတကြီး မေးလိုက်လေသည်။

“အစ်ကိုကြီးရယ်. . . ကျွန်မကြည့်ပြီး မသနားတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား"

"အော်. . . ဒီလိုလည်း မဟုတ်ပါဘူး၊ အစောကိုလည်း သနားပါတယ်၊ ဒီက ခိုင်းတဲ့အလုပ်ကိစ္စတွေလည်း အဆင်ပြေခဲ့တယ် မဟုတ်လားဟင်"

ဦးနေဒွန်းက သူသိချင်တာကိုသာ အတင်းမေးနေတော့သည်။

"အဆင်ပြေခဲ့ပါတယ်ရှင်. . . အဆင်ပြေခဲ့ပါတယ်"

"ဟိုမှာ ဘာတွေပြောခဲ့လဲဟင်"

"အစ်ကိုကြီးကိုလည်း တိုက်နယ်သူကြီးရာထူး တိုးပေးဖို့ကိစ္စရယ်၊ နောက်တစ်ချက်က ဟို. . . ဘုရားကိစ္စလည်း ပြောခဲ့ပါတယ်"

"ဒီတော့ အရေးပိုင်မင်းက ဘာပြောလိုက်သလဲဟင်"

"အစ်ကိုကြီးရာထူးကိစ္စကတော့ နောက်မှ စီစဉ်ပေးမယ်တဲ့၊ အခုလောလောဆယ် ဘုရားသိမ်းယူဖို့ကိစ္စကိုတော့ ဒီကနေ့ပဲ အမိန့်စာ ထုတ်ပေးလိုက်မယ်တဲ့"

"ဟာ. . . ဟန်ကျတာပဲ"

ဦးနေဒွန်းမျက်နှာမှာ ကြည်လင်ဝင်းပသွားလေသည်။ နံဘေးနားမှာ ရှိနေသော ဌာနအုပ်ဦးဘဒန်လည်း ဝမ်းသာသွားလေသည်။

"ဒါပဲနော်. . . ကျွန်မကတော့ ဝတ္တရားကျေအောင် ဆောင်ရွက်ပြီးခဲ့ပြီ၊ အစ်ကိုကြီးရဲ့ကတိအတိုင်းပဲ တိုက်နယ်သူကြီးဖြစ်ရင် တရားဝင် လက်ထပ်ယူဖို့လည်း မမေ့နဲ့ဦး"





"မမေ့ပါဘူး အစောရယ်၊ ကဲ. . . နင်လည်း ပင်ပန်းလာတယ်၊ ခဏတော့ သွားနားလိုက်ဦး"

ဟု ပြောရာ စောမေက အခန်းတွင်း ဝင်သွားလေတော့သည်။ စောမေ မရှိတော့မှ ဦးနေဒွန်းနှင့် ဦးဘဒန်တို့မှာ ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြလေတော့သည်။

"ကဲ. . . ဦးဘဒန်ရေ၊ ကျုပ်တို့ရဲ့အကြံအစည်တော့ အောင်မြင်ကာနီးပြီဗျ၊ တကယ်လို့ အကြံအစည် အထမြောက်ရင် ခင်ဗျားအတွက်လည်း မနည်းစေရပါဘူး"

"ဟန်ကျတာပေါ့ဗျာ. . . ကျုပ်လည်း ပုလိပ်လုပ်လာတာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ၊ အခုချိန်ထိ ဘာမှမစုမိသေးဘူး၊ အဲဒီလို ရမှပဲ အရင်းအနှီး ရတော့မှာပဲ"

"ကျုပ်တို့ အမိန့်စာ ရလို့ ရွာပြန်ရင် ခင်ဗျားလည်း လိုက်ခဲ့မယ် မဟုတ်လား"

"ကျုပ်ကတော့ လိုက်နိုင်မယ် မထင်ဘူး၊ ရာဇဝတ်အုပ်နဲ့ ဆားပုလင်းတွေ ထည့်ပေးလိုက်ပါ့မယ်၊ တကယ်လို့ အရေးပိုင်မင်းအမိန့်နဲ့ ဘုရားသိမ်းယူတဲ့ကိစ္စကို ကလန်ကဆန် လုပ်တဲ့လူရှိရင် တစ်ခါတည်း ဖမ်းခေါ်လာဖို့ အမိန့်ပေးလိုက်ပါ့မယ်"

ဟု ပြောဆိုတိုင်ပင်ကြလေသည်။

ထိုနေ့ မနက်(၁၀)နာရီခန့်အချိန်တွင် ဦးနေဒွန်း တစ်ယောက်တည်း အရေးပိုင်ရုံးသို့ သွားလေသည်။

ရုံးဖွင့်ချိန် ရောက်ပြီမို့ ရုံးအတွင်းအပြင်၌ လူများ စည်ကားစ ပြုနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေဒွန်းက ရင်းငွေပေးထားသော ရုံးစာရေးကြီး ရုံးခန်းသို့ သွားလေသည်။

အခန်းတွင်း ရောက်သောအခါ ရုံးစာရေးကြီးက ပြုံးရွှင်သောမျက်နှာဖြင့် စားပွဲပေါ်မှာ အဆင်သင့် တင်ထားသော စာရွက်ကို မြှောက်ပြသည်။

"ဒီမှာ. . . ခင်ဗျားလျှောက်လွှာနဲ့အတူ အရေးပိုင်မင်း လက်မှတ်ထိုးပေးလိုက်တဲ့ အမိန့်စာဗျ"

"ကျေးဇူးတင်ပါတယ် စာရေးကြီးရယ်"

"ကျေးဇူးတင်ရုံနဲ့တော့ ဘာမှစားလို့မရဘူးဗျ၊ ဒီအမိန့်စာ ရဖို့ ကျုပ်ဘယ်လောက်ကြိုးစားလိုက်ရတယ် မှတ်သလဲ"

ဟု ပြောရာ နောက်ထပ် တစ်ရာတန် ငွေစက္ကူတစ်ရွက် ချပေးလိုက်တော့မှ မျက်နှာမှာ ပြုံးရွှင်သွားပြီး အမိန့်စာကို လှမ်းပေးလေသည်။

"ဖမ်းဆီးနိုင်တဲ့အမိန့်ရော ပါရဲ့လားဗျ"

"ပါ,ပါတယ်ဗျာ. . . အရေးပိုင်မင်းရဲ့အမိန့်စာထဲမှာ ဖမ်းဆီးနိုင်ခွင့်၊ စစ်ဆေးပိုင်ခွင့် အားလုံးပါပါတယ်"

ဟု ပြောလိုက်တော့မှ ဦးနေဒွန်းလည်း အမိန့်စာကို ကျစ်ကျစ်ပါအောင် လိပ်ယူပြီး ရုံးခန်းအတွင်းမှ ပြန်ထွက်လာခဲ့လေသည်။

သူ့မျက်နှာပေါ်မှာ ကျေနပ်ဝမ်းသာသောလက္ခဏာများအပြင် ကောက်ကျစ်ယုတ်မာသော အမူအယာများလည်း ပေါ်လွင်လျှက်ရှိနေသည်။





သူ အဓိက ရန်ငြိုးထားသူမှာ သူ့အမိန့်ကို ဖီလာဆန့်ကျင်ပြုသော မုံးချောင်းရွာသားများပင်ဖြစ်သည်။

"ဒီတစ်ကြိမ် ငါပေးတဲ့အမိန့်ကို မနာခံပဲ ဖီလာဆန့်ကျင်လုပ်တဲ့သူတွေတော့ ငါ့အကြောင်း သိစေရမယ်၊ အမိန့်အာဏာကို ဖီဆန်မှု၊ တော်လှန်ပုန်ကန်ဖို့ ကြိုးစားနေမှု စတဲ့ပုဒ်မတွေ တပ်ပြီး အားလုံး ထောင်ထဲ ရောက်အောင် ပို့ပစ်မယ်"

ဟု ကြိမ်းဝါးကာ ဦးဘဒန်အိမ်သို့ ပြန်သွားလေသည်။ ဦးဘဒန်ကို ဌာနအုပ်ရုံးခန်းမှာပင် အဆင်သင့် တွေ့ရလေသည်။

"ဘယ့်နှယ်လဲ. . . အားလုံးအဆင်ပြေခဲ့ပြီ မဟုတ်လား ဦးနေဒွန်း"

"ပြေခဲ့ပါပြီဗျာ. . . အရေးပိုင်မင်းရဲ့အမိန့်စာလည်း ရခဲ့ပါပြီ၊ ရွာကို ဘယ်သူတွေ ထည့်ပေးလိုက်မှာလဲ ဦးဘဒန်"

"ရာဇဝတ်အုပ်တစ်ယောက်၊ ဆားပုလင်းတစ်ယောက်နဲ့ ပုလိပ်သုံးယောက်ကို လက်နက်အစုံအလင်နဲ့ တစ်ပါတည်း ထည့်ပေးလိုက်ဖို့ အားလုံးပြင်ဆင်ထားပြီးပါပြီ"

"ကဲ. . . ဒီလိုဆိုရင်လည်း ရွာပြန်ဖို့ အမြန်ဆုံး စီစဉ်ရတော့မှာပဲဗျို့"

ဟု ပြောကာ လှည်းများကို ငှားရမ်းပြီး မြစ်ဆိပ်သို့ ဆင်းရန် စီစဉ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၉)

# ဝင့်ကြွားဟောင်းဆစ်သျှနှင့် ဝင့်ကြွားအသစ်ယူသူ

BURMESE CLASSIC .com

ဦးပညာသာမိ ကျောင်းထိုင်သော ရွာဦးကျောင်းဝင်း အတွင်း၌ ရွာသူရွာသားများ ကြိတ်ကြိတ်တိုးမျှ စည်ကားလျက် ရှိနေသည်။

အချို့က ရေထဲမှ ဆယ်ယူရရှိသော ရုပ်ပွားတော်ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်နေကြသည်။

အချို့ကလည်း ရုပ်ပွားတော် ထားရန် ယာယီကျောင်း ဆောင် ဆောက်လုပ်ရန် စိုင်းပြင်းနေကြလေသည်။

ထိုသို့ပြုလုပ်နေကြစဉ် ရွာထဲမှ လူတစ်ယောက် ရောက်



www.burmeseclassic.com

www.burmeseclassic.com

လာပြီး ကျောင်းဝင်းအတွင်းမှ လှည့်ပတ်ပြေးရင်း ပါးစပ်မှလည်း အော်ဟစ်နေသည်။

"ငါးကြီးထမ်းထားတဲ့ဘုရား ဖျက်ဆီးသူတွေ သေကြပါစေ"

"ငါးကြီးထမ်းထားတဲ့ဘုရား ဖျက်ဆီးဖို့ ကြံတဲ့သူတွေ အသေဆိုးနဲ့ သေကြတော့မယ်"

"ငရဲကြီးရှစ်ထပ် ကျိုးကပ်မယ့်သူတွေ လာကြတော့မယ်"

"ငရဲကြီးရှစ်ထပ် နေရာလပ် မရှိအောင် ခံရမယ့်သူတွေ ရောက်လာတော့မယ်"

ဟု အော်ဟစ်ပြောဆိုကာ ကျောင်းဝင်းကို ပတ်ပြေးနေရာ ရွာသူရွာသားများက ဖမ်းခေါ်သွားကြရသည်။

ထိုလူမှာ အခြားမဟုတ်ပေ။

ဘုရားရုပ်ပွားတော် ဆယ်ယူဖို့ ကြိုးစားရင်း ငါးရွှေကြီးနှင့် တွေ့မြင်ရပြီး စိတ်ဖောက်ပြန်သွားသော ဖိုးတေပင်ဖြစ်တော့သည်။

ဆရာကြီး ဦးဇန်ကောင်းက ဖိုးတေ အော်ဟစ်နေသံကို နားထောင်ပြီး. . .

"အရှုးစကားဆိုတာ မှန်လေ့ရှိတယ်၊ ငါတို့လုပ်ငန်းကို အနှောင့်အယှက်ပေးမယ့်သူတွေ ရောက်လာတော့မယ် ထင်တယ်"

ဟု မှတ်ချက်ချသည်။

ထိုအခိုက်မှာပင် ရွာထဲမှ ရွာသားတစ်ယောက်က ပြေး



BURMESE CLASSIC .com



လာပြီး ပြောလေသည်။

"ဆရာကြီး. . . ရွာထဲမှာ သူကြီးရောက်လာပြီ၊ သူနဲ့အတူ ပုလိပ်တွေလည်း ပါလာတယ်၊ ဘာနှောင့်ယှက်ကြဦးမယ်တော့ မသိဘူး"

ငါတို့ကို ဘာမှနှောင့်ယှက်စရာ မရှိပါဘူးကွာ၊ ကောင်းတဲ့အလုပ် လုပ်နေတာပဲ"

ဟု ပြောကာ မိမိတို့ လုပ်စရာရှိသည့်အလုပ်များကို အသီးသီး ဆက်လုပ်နေကြလေသည်။

ထိုအခိုက်မှာပင် ရွာဘက်မှ ပုလိပ်ငါးယောက်နှင့်အတူ သူကြီးဦးနေဒွန်းသည် ၎င်း၏တပည့်တပန်းများဖြင့် လာနေသည်ကို အားလုံးလှမ်းမြင်ရသည်။

"သူတို့ကို ဘာမှမလုပ်ကြနဲ့၊ လုပ်ရင် သူ့အပြစ်ကနေ ကိုယ့်အပြစ်ဖြစ်လိမ့်မယ်၊ သူတို့ ဘာလုပ်မယ်ဆိုတာသာ အသာစောင့်ကြည့်နေကြပါ"

ဟု ဆရာတော် ဦးပညာသာမိက ကြိုတင်သတိပေးထားလေသည်။ မကြာမီ ပုလိပ်များမှာ ကျောင်းဝင်းအတွင်းသို့ ဝင်လာကြလေသည်။ ၎င်းတို့သည် စစ်ဖိနပ်များ မချွတ်ဘဲ ဒီအတိုင်း ဝင်လာကြခြင်းဖြစ်သည်။

သူကြီးဦးနေဒွန်းနှင့် သူ့တပည့်တပန်းများကလည်း နောက်မှ လိုက်လာကြသည်။

"ငရဲကြီးရှစ်ထပ် နေရာလပ် မရှိအောင် ခံရမယ့်သူတွေ ရောက်လာကြပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာမှ စူးစူးဝါးဝါး အော်လိုက်သော အရှူးဖိုးတေ အသံက စူးစူးဝါးဝါး ပေါ်ထွက်လာလေသည်။

သူကြီးဦးနေဒွန်းက ထိုအော်သံကြားသောအခါ မျက်နှာ တစ်ချက် ပျက်သွားလေသည်။

"အဲဒါ ဘယ်သူအော်တာလဲကွ"

ထိုအခါ တပည့်တစ်ယောက်က အနားကပ်ပြီး ခပ်တိုးတိုး ပြောလိုက်သောအခါ ဘာမှထပ်မမေးတော့ပေ။

သူကြီးနှင့်ပုလိပ်များ ဝင်လာတော့ ရွာသူရွာသားများက လမ်းဖယ်ပေးကြသည်။

၎င်းတို့က ရုပ်ပွားတော် ထားသောနေရာရောက်အောင် သွားကြလေသည်။

BURMESE CLASSIC .com

ရုပ်ပွားတော်အနီးမှာတော့ ဆရာတော်ကြီး ဦးပညာသာမိ၊ ဦးဇန်ကောင်း၊ နီမောင် အစရှိသော ဘုရားဝေယျာဝစ္စ ဆောင်ရွက်နေကြသူများ ရှိနေကြသည်။

"ဒီဘုရားကို ဘယ်သူ့အမိန့်နဲ့ ဆယ်ယူတာလဲ"

ဟု ဦးနေဒွန်းက မေးလိုက်သည်။

"ကျုပ်အမိန့်နဲ့ ဆယ်ယူတာပဲ ဒကာကြီး"

ဦးပညာသာမိက ပြောလိုက်သည်။

"ဒီဘုရားက ရှေးဟောင်းဘုရားလည်းဖြစ်၊ ရွှေဘုရားလည်း ဖြစ်တာမို့ အမိန့်မရဘဲ ဘယ်သူမှ ထိလို့ကိုင်လို့မရပါဘူး ဘုရား"

"ကိုယ့်မြေပေါ်မှာ ရှိတဲ့ဘုရား ကိုယ့်လူမျိုးတွေ ကိုးကွယ်





ဖို့ လုပ်တာ ဘယ်သူ့အမိန့်ခံရဦးမှာလဲ ဒကာကြီးရဲ့"

"အခုဟာက တိုင်းပြည်ကို အုပ်စိုးနေတာ အင်္ဂလိပ်မင်းများ ဖြစ်ပါတယ်၊ သူတို့အမိန့်မရဘဲ ဘာမှလုပ်ခွင့်မရှိပါဘူး၊ တကယ်လို့ လုပ်ရင် အာဏာဖီဆန်မှုနဲ့ အရေးယူလို့ရပါတယ်"

"ဒီလိုဆိုရင်လည်း ဒကာကြီးသဘောအတိုင်း လုပ်ပေါ့၊ ဒါပေမယ့် တစ်ခုတော့ မေးပါရစေဦး၊ ဒကာကြီးက မြန်မာပြည်မှာ မွေးတဲ့ မြန်မာလူမျိုးတစ်ယောက် မဟုတ်ဘူးလား"

"မြန်မာလူမျိုးဖြစ်တာကတော့ မှန်ပါတယ်ဘုရား၊ ဒါပေမယ့် တပည့်တော်က အင်္ဂလိပ်အစိုးရက အပ်နှင်းထားတဲ့ ရာထူးအာဏာ ရှိနေတော့ ဝတ္တရားအရ ဆောင်ရွက်ရပါလိမ့်မယ်"

ထိုစကားကြားသောအခါ ရွာသူရွာသားများ၏ တီးတိုးပြောဆိုသံများ ပေါ်ထွက်လာလေသည်။

အချို့ကလည်း တုတ်တပြက် ဓားတပြက် ကိုင်ဆွဲလာသည်အထိ ဒေါသဖြစ်လာသောကြောင့် ဆရာတော်က ဟန့်တားထားရလေသည်။

"ဒါဖြင့် အခု ဘာလုပ်မှာလဲ"

"ဒီရုပ်ပွားတော်က အင်္ဂလိပ်မင်းများ ပိုင်ဆိုင်တဲ့မြေပေါ်မှာ ပေါ်ပေါက်ခဲ့တဲ့အတွက် အင်္ဂလိပ်မင်းများသာ ပိုင်ဆိုင်ခွင့်ရှိပါတယ်၊ ဒါကြောင့် ဒီရွှေရုပ်ထုကို သိမ်းယူရပါမယ်"

"ဟယ်. . ."

"ဟာ. . . မိုက်ရိုင်းလိုက်တာ"

"ဗမာပြည်မှာ မွေးပြီး အင်္ဂလိပ်သွေးပါတဲ့ လူယုတ်မာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဟာ"

ဟု ပရိသတ်များထဲမှ တစ်ယောက်တစ်မျိုး ပြောဆိုသံများ ပေါ်ထွက်လာလေတော့သည်။

"ဒါတင် မကသေးပါဘူး၊ အင်္ဂလိပ်မင်းများ အမိန့်အာဏာမပါဘဲ ကိုယ့်သဘောနဲ့ကိုယ် ဆယ်ယူမိတဲ့အတွက် အရေးယူရပါလိမ့်မယ်"

"ဒီလိုဆိုရင် ကျုပ်က အမိန့်ပေးတာဆိုတော့ တခြားသူကို အရေးယူစရာ မလိုဘူး၊ ကျုပ်ကိုသာ အရေးယူပေါ့ဗျာ"

ဘုန်းကြီးက ပြောသဖြင့် အနားမှာ ရှိနေသောဒကာများက ဝိုင်းဆွဲထားရလေသည်။

"အရှင်ဘုရားတော့ ဘုန်းကြီးမို့ သက်ညှာခွင့်ပေးပါ့မယ် ဘုရား၊ တခြားလူတွေကိုတော့ ဖမ်းဆီးပြီး ရေးယူရပါလိမ့်မယ်"

ထိုအခါ ဦးဗန်ကောင်းက ရှေ့ထွက်လာပြီး. . .

"ဒီကိစ္စမှာ ကမကထ ဆောင်ရွက်တဲ့လူက ကျုပ်ပဲ၊ ကျုပ်ကို ဖမ်းပါ"

ဟု ပြောလိုက်သည်။

ထိုအခါ နီမောင်ကလည်း ထ,ပြောသည်။

"ဘုရားကို ရေထဲ ဆင်းဆယ်တဲ့လူက ကျုပ်ပဲ"

ထို့အတူ ဘုရားဆယ်ရာတွင် ပါဝင်သောလူများကလည်း ၎င်းတို့ ဆယ်ယူကြောင်း ဝင်ပြောကြရာ ရာဇဝတ်အုပ်နှင့် ပုလိပ်များမှာ ဘယ်သူ့ကို ဖမ်းဆီးရမည်ကို မသိအောင် ရှိနေတော့သည်။ နောက်ဆုံးမှာတော့ အစိက ပြုလုပ်ကြသည့် ဦးဗန်



BURMESE CLASSIC .com



ကောင်းနှင့် နီမောင်တို့နှစ်ယောက်ကို ဖမ်းဆီးရန် အမိန့်ပေးလိုက်သည်။

"ဟေ့. . . သူတို့နှစ်ယောက်ကို လက်ထိပ်ခတ်လိုက်"

ဟု ရာဇဝတ်အုပ်စံရွှေက အမိန့်ပေးလိုက်သည်။

"ဟေ့. . . မတရား မလုပ်ကြနဲ့၊ နည်းနည်းမှ မခံဘူးနော်"

"ဒီလိုစော်ကားလို့ကတော့ အသက်ချင်း လဲပစ်လိုက်မယ်ဟေ့"

ဟု ရွာသူရွာသားများက အုံကြွလာရာ ပုလိပ်များပင် လန့်ဖြန့်လာလေတော့သည်။

ပုလိပ်ငါးယောက်နှင့် ဦးနေဒွန်းတို့က ငါးယောက်လောက်သာ ရှိပြီး ကျောင်းဝင်းတစ်ခုလုံး ရွာသူရွာသားများ ပြည့်နေသောကြောင့် ၎င်းတို့အနေနှင့် လန့်မည်ဆိုလျှင်လည်း လန့်စရာဖြစ်သည်။

"ဟေ့ကောင်တွေ. . . ဘာလုပ်နေကြတာလဲ၊ ဖမ်းစရာရှိတာ ဖမ်းကြပါလား"

ဟု အော်ငေါက်လိုက်တော့မှ ပုလိပ်များက ဦးဗန်ကောင်းနှင့်နီမောင်တို့ကို လက်ထိပ်ခတ်ကာ ဖမ်းဆီးလိုက်ကြသည်။

ထို့နောက် ရွှေသားရုပ်ပွားတော်ကြီးကို လှည်းပေါ် တင်ပြီး နီမောင်တို့နှစ်ယောက်ကိုပါ ခေါ်တင်ပြီး ရွာဘက်သို့ ပြန်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဝင်းအတွင်းမှာ ကျန်ခဲ့သော ရွာသူရွာသားများမှာလည်း မကျေမနပ်နှင့် ဒေါသဖြစ်ကာ ကျန်ခဲ့ကြလေသည်။ သူကြီးဦးနေဒွန်းတို့လည်း ထွက်သောအခါ အရှေ့ဖိုးတေက ဘယ်နေရာက ထွက်လာမှန်း မသိဘဲ လှည်းနောက်မှ ပြေးလိုက်သွားကာ တကြော်ကြော် အော်ဟစ်နေတော့သည်။

"ငါးကြီးထမ်းထားတဲ့ဘုရား ဖျက်ဆီးသူတွေ သေကြပါစေ"

"ငါးကြီးထမ်းထားတဲ့ဘုရား ဖျက်ဆီးဖို့ ကြံစည်တဲ့သူတွေ အသေဆိုးနဲ့ သေကြတော့မယ်"

"ငရဲကြီးရှစ်ထပ် ကျိုးကပ်မယ့်သူတွေ လှည်းပေါ်မှာ ပါသွားပြီဟေ့"

"ငရဲကြီးရှစ်ထပ် နေရာလပ် မရှိအောင် ခံရမယ့်သူတွေ လှည်းပေါ် ပါသွားပြီဟေ့"

ဟု အော်ဟစ်ရင်း နောက်မှ ပြေးလိုက်လာရာ ဦးနေဒွန်းမှာ များစွာဒေါသဖြစ်သွားလေသည်။

"တယ်. . . ဒီအရူး၊ ဘာတွေအော်နေတာလဲ မသိဘူး၊ ငါ သေနတ်နဲ့ ပစ်ရရင် သေတော့မှာပဲ"

ဟု ကြိမ်းမောင်းလိုက်သည်။

သူကြီးဦးနေဒွန်းအိမ်မှာ မုံးချောင်းရွာအစွန်ဘက်တွင် ရှိပြီး ခြံဝန်းကျယ်ကြီးဖြစ်သည်။

ခြံဝန်းထဲတွင် မကျည်းပင်ကြီးများအပါအဝင် အရိပ်ရသော သီးပင်ကြီးများလည်း ရှိသည်။





၎င်း၏အိမ်မှာ ခြံဝန်းအလယ်တွင် ရှိပြီး ခြေတံရှည်အိမ်ကြီးဖြစ်ပေသည်။

အိမ်အောက်မှာ စားပွဲကုလားထိုင်များ ချထားကာ ၎င်း၏ရုံးခန်းသဖွယ် အသုံးပြုပြီး အပေါ်ထပ်မှာတော့ ၎င်းတို့မိသားစုများ နေကြသည်။

သူကြီးကတော် ဒေါ်မြမေမှာ ရိုးသားအေးဆေးသူဖြစ်သည်။ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိသည်။

သားဖြစ်သူ သာဆန်းက အသက်နှစ်ဆယ်ခန့် ရှိပြီး အစ်မဖြစ်သူ ခင်အေးမူက အသက်နှစ်ဆယ့်သုံးနှစ်ခန့်ရှိသည်။

၎င်းအိမ်သို့ ရောက်သောအခါ သူကြီးဦးနေဒွန်းက ရွှေရုပ်ပွားတော် ၎င်းအိမ်ပေါ်သို့ သယ်တင်သွားပြီး ပုလိပ်အဖွဲ့ကို အောက်ထပ်မှာပင် ကျွေးမွေးဧည့်ခံလေသည်။ နီမောင်နှင့်ဦးဗန်ကောင်းတို့နှစ်ယောက်ကို မကျည်းပင်ကြီးတစ်ပင်အောက်မှာ ထိုးထားသော ကနဖျင်းတဲမှာ ထိပ်တုံးခတ်ထားလေသည်။

ထိုအချိန်မှာ မိုးက တဖွဲဖွဲ ရွာနေသည်။

ကနဖျင်းမှာ သက်ကယ်ပျစ်များ မိုးထားသောကြောင့် မိုးက မလုံပေ။ နီမောင်တို့နှစ်ယောက်ကိုတော့ မိုးရေ စိုစိုစွတ်စွတ်ဖြင့် ဒီအတိုင်း ထားလေသည်။

"အဘ. . . ကျွန်တော်တို့ကို မတရား ဖမ်းပြီး နှိပ်စက်တာပဲနော်"

"အင်း. . ."

ဦးဗန်ကောင်းက ခေါင်းညိတ်ပြသည်။


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စဉ်းစားနေတာက ကျွန်တော်တို့တတွေ ကောင်းတဲ့အလုပ် လုပ်နေကြပါရဲ့နဲ့ ဘာကြောင့် ခုလို မကောင်းတဲ့အကျိုးတွေ ခံစားရတာလဲ အဘ"

"ငါတို့ လုပ်တဲ့ ကုသိုလ်ကောင်းမှုက အခုချက်ချင်း အကျိုးပေးတာမှ မဟုတ်တာ၊ ဒီဘဝ ဒါမှမဟုတ် နောင်ဘဝကျမှ အကျိုးခံစားရင် ခံစားရမှာပေါ့၊ အခု ခံရတဲ့ မကောင်းမှုကလည်း အခုဘဝက အကျိုးဆက် ဟုတ်ချင်မှဟုတ်မှာပေါ့၊ ဘဝတစ်ခုမှာ လုပ်ခဲ့တဲ့ အကုသိုလ်ဝဋ်ကြွေးကို အခုမှ ပေးဆပ်ရတာလည်း ဖြစ်မှာပေါ့"

"အဲဒီလိုရော ခံရသလား အဘ"

"မကောင်းမှုကံပဲဖြစ်ဖြစ် ကောင်းမှုကံပဲဖြစ်ဖြစ်၊ ကိုယ်ပြုခဲ့တဲ့ကံ ကိုယ်ခံရတာတော့ အမှန်ပဲ၊ ဘဝသာ ခြားချင်ခြားတယ်၊ ဝဋ်ကြွေးကံကတော့ အချိန်တန်ရင် ရောက်လာမှာပဲ၊ ဥပမာ တစ်ခုပြောရရင် ဒီဘဝမှာ မကောင်းမှုတွေ လုပ်နေတဲ့လူတွေ ကောင်းစားနေတာ ဒီဘဝကုသိုလ်ကြောင့် မဟုတ်ဘူး၊ အတိတ်ဘဝက ပြုခဲ့တဲ့ ကောင်းမှုကုသိုလ်ကံကြောင့် ခံစားနေရတာ၊ သူက သတိမရဘဲ ဒီဘဝမှာ မကောင်းမှုတွေချည်း လုပ်နေရင်တော့ နောက်ဘဝမှာတော့ ဒီဝဋ်ကြွေးကံတွေကို ခါးစည်းပြီး ခံရမှာပေါ့ကွာ"

"ကြောက်စရာပါလား အဘ"

"ငါတို့နှစ်ယောက် အခု ခံနေရတာ ဘဝတစ်ခုခုမှာ ပေးဆပ်စရာ ကျန်နေတဲ့ ဝဋ်ကြွေးတစ်ခုခုကို အခုမှ ပြန်ဆပ်နေ





ရတယ်လို့ သဘောထားရင် မင်းစိတ်သက်သာရာ ရသွားမှာပါ"

ဟု ဦးဖန်ကောင်းက ဖြေသိမ့်ပေးသည်။

"ကျွန်တော်က ဒီလိုခံရလို့လည်း နည်းနည်းမှမကြောက်ပါဘူး၊ ကျွန်တော့်အတွက်လည်း ဘာမှ မစိုးရိမ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်မရှိရင် မိဘတွေကို လုပ်ကျွေးမယ့်သူ မရှိလို့ ဒုက္ခရောက်မှာပဲ စိုးရိမ်တာပါ"

ထိုစကားပြောနေစဉ်မှာ နီမောင့်အသံမှာ ကတုန်ကယင် ဖြစ်လာလေသည်။

"မင်း ဒီအတွက် ဘာမှစိတ်မပူပါနဲ့ နီမောင်ရယ်၊ မင်းမရှိတော့ မင်းမိဘတွေကို တစ်ရွာလုံးက လုပ်ကျွေးကြမှာပါ"

ဟု ဦးဖန်ကောင်းက ပြောလေသည်။

နေ့လည်ဘက် ထမင်းစားချိန် ရောက်သောအခါ သူကြီးဦးနေဒွန်းက ရာဇဝတ်အုပ်နှင့် ပုလိပ်အဖွဲ့ကို ထမင်းပွဲကြီး ပြင်၍ ဧည့်ခံကျွေးမွေးလေသည်။

"ကိုင်း. . . အောင်ပွဲခံတဲ့အနေနဲ့ ပျော်ပျော်ပါးပါးသာ စားကြသောက်ကြပေတော့"

"ခင်ဗျားအိမ်မှာက စားနေကျ သောက်နေကျပဲ၊ ဘာများ အားနာစရာရှိသလဲ၊ ဒါထက် စားရင်းသောက်ရင်းပဲ ပြောရဦးမယ်၊ အခုယူလာတဲ့ ရုပ်ထုကြီးကို ဘယ်လိုလုပ်မှာလဲ"

ရာဇဝတ်အုပ် စံရွှေက အရက်သောက်ရင်း ပြောလိုက်သည်။

"အခုလောလောဆယ်တော့ ဘာမှမစီစဉ်ရသေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သခင်ကြီးတွေဆီမှာ အမိန့်ခံရဦးမယ်ဗျ”

“ကျုပ်တို့ မြို့ပြန်ရင် တစ်ခါတည်း သယ်သွားရမှာလား”

“ဒီလိုတော့ ဖြစ်မယ်မထင်ဘူး၊ ဘုရားသယ်သွားရင် ရွာသူရွာသားတွေက ဒီအတိုင်း ငြိမ်နေကြမှာမဟုတ်ဘူး၊ တော်ကြာ ရုန်းရင်းဆန်ခတ်တွေ ဖြစ်လာ်ရင် ကျုပ်တို့အားလုံး အလုပ်ပြုတ်ကုန်လိမ့်မယ်ဗျ”

သူကြီးဦးနေဒွန်းက ၎င်းအလုပ်ပြုတ်မည့်အရေးကို စိုးရိမ်ဟန်ဖြင့် ပြောလိုက်လေသည်။

“ဒါတော့ အမှန်ပဲဗျ၊ အခုတောင် ရွာသူရွာသားတွေက ကျုပ်တို့ကို ဝိုင်းပုံမယ် တကဲကဲ လုပ်နေကြတာ”

ဆားပုလင်း ရွှေမိုးကပါ ဝင်ပြောလိုက်လေသည်။

“ဒါဖြင့် ဘယ်လိုစီစဉ်မှာလဲဗျ”

“အခုတော့ ဒီအတိုင်းပဲ၊ ကျုပ်အိမ်ရဲ့ပတ်ဝန်းကျင် တစ်နေရာမှာ သိမ်းထားလိုက်မယ်၊ နောက် အခြေအနေ အေးသွားတော့မှ သခင်ကြီးတွေနဲ့ ဘိုင်ပင်ပြီး တစ်ခုခု လုပ်မယ်လို့ စိတ်ကူးထားတယ်”

ဟု ပြောလိုက်လေသည်။

“အဲဒါပဲ ကောင်းပါတယ်၊ ဖမ်းထားတဲ့လူနှစ်ယောက်ကိုရော ဘယ်လိုလုပ်မှာလဲ”

“ကျုပ်ကို မခန့်လေးစား လုပ်ဝံ့တဲ့လူတွေ ကျုပ်အကြောင်း သိရအောင် ထားလိုက်ဦးမယ်၊ ပြီးမှ ခင်ဗျားတို့ မြန်ရင် ဂါတ်ထဲ ပို့လိုက်မယ်”





“သူတို့ကို ခေါ်သွားလို့ ရွာသားတွေက ခံပါ့မလား”

“မခံလို့ ဆူလာရင် အဲဒီဆူလာတဲ့လူတွေပါ အကုန်ဖမ်းပြီး အချုပ်ထဲ ထည့်ပစ်မယ်၊ ဒီတစ်ခါတော့ နေဒွန်းအကြောင်း ကောင်းကောင်းသိရစေမပေါ့”

“ခင်ဗျားဆီမှာ အရေးပိုင်မင်းလက်မှတ်နဲ့ ဖမ်းနိုင်၊ စစ်ဆေးနိုင်တဲ့ အမိန့်စာ ရှိနေမှတော့ ကြိုက်တာလုပ်လို့ရတာ ပေါ့ဗျာ”

“အမှန်ပေါ့. . . ဒီအမိန့်စာရဖို့ ဘယ်လောက်ကြိုးစားခဲ့ရတယ် မှတ်သလဲ၊ အခုတော့ အောင်ပွဲခံတဲ့အနေနဲ့ ပျော်ပျော်ပါးပါး စားကြသောက်ကြဦးစို့ရဲ့”

ဟု ပြောကာ ထမင်းဝိုင်းဖွဲ့၍ စားသောက်ကြလေတော့သည်။ ၎င်းတို့၏ရယ်မောသံ၊ စကားပြောသံများက အပြင်ဘက်သို့ပင် ပျံ့လွင့်လာလေတော့သည်။



www.burmeseclassic.com



www.burmeseclassic.com



## အခန်း(၁၀)

# လက်တံရှည်နှင့် လာသောသရဲ

သူကြီးအိမ်အောက်ထပ်မှာ ပုလိပ်များ၊ သူကြီးနှင့် အပေါင်းအပါများက တပျော်တပါး ဝိုင်းဖွဲ့စားသောက်နေကြသော်လည်း ကနဖျင်းအောက်မှာ ချုပ်ထားသော နီမောင်နှင့် ဦးဗန်ကောင်းတို့ နှစ်ယောက်ကိုတော့ ဘာမှမကျွေးဘဲ ထားလေသည်။

၎င်းတို့နှစ်ယောက်မှာ ထမင်းမစားရသည့်အပြင် မိုးတဖွဲဖွဲ ရွာနေသောကြောင့် ကနဖျင်းက မိုးမလုံဘဲရှိရာ တစ်ကိုယ်လုံး စိုရွှဲနေကြတော့သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုအခြင်းအရာကို သူကြီးကတော် ဒေါ်မြမေက အိမ်အပေါ်ထပ်မှ လှမ်းမြင်နေရပေရာ စိတ်မချမ်းမသာဖြစ်နေမိသည်။

သို့သော်လည်း သူ့အနေနှင့် ဘာမှပြောပိုင်ခွင့် မရှိသောကြောင့် မပြောဝံ့ဘဲ ရှိနေသည်။

ထိုအချိန်မှာ သမီးဖြစ်သူ ခင်အေးမူက အနားရောက်လာပြီး ရပ်သည်။

"အမေ. . ဆေးဆရာကြီးနဲ့နီမောင်တို့ကို အစာမကျွေးဘဲနဲ့ မိုးရေထဲမှာ ဒီအတိုင်း ထားတာ သနားစရာပဲနော်"

"အေးကွယ်. . . ပြောရရင်လည်း မကောင်းပါဘူး၊ ခမျာနှစ်ယောက် ဘုရားရုပ်ပွားတော်ကို ရေထဲက ဆယ်မိလို့ ဒီအပြစ်ခံနေရတာပဲ"

"ဒါဖြင့် အဖေက ဘယ်တရားမလဲနော်၊ ဘာအပြစ်မှ ရှိတာ မဟုတ်ပဲ ဒီလောက်နှိပ်စက်နေတာ တော်ကြာ ဝဋ်ခံရမှာ မကြောက်ဘူးလား မသိဘူး"

"သူဖမ်းထားတဲ့ ဆေးဆရာဦးဗန်ကောင်းဆိုတာ နင့်အဖေ အသည်းအသန်ဖြစ်တုန်းက အသက်ကယ်ပေးထားတဲ့ ဆေးဆရာလေ၊ အခုတော့ အသက်သခင်ကို ပြန်ပြီးစော်ကားသလိုဖြစ်နေတာပေါ့"

"နီမောင်ကလည်း ဆင်းရဲပေမယ့် သူ့မိဘတွေ လုပ်ကျွေးနေတဲ့သူ မဟုတ်လား၊ အခုလို ဖမ်းထားတော့ သူ့မိဘတွေ ဒုက္ခရောက်ကြမှာပေါ့"





"သမီး. . . ဝဋ်ကြွေးဆိုတာ ဘဝမခြားဘဲ ပေးဆပ်ရတတ်တယ်၊ နင့်အဖေ ဒီအတိုင်းသာ လုပ်နေလို့ကတော့ တစ်နေ့ ဒီဝဋ်တွေ ပြန်လည်လိမ့်မယ်"

ဟု ပြောကာ ဒေါ်မြမေက အိမ်ထဲ ပြန်ဝင်သွားလေသည်။

ညနေပိုင်းအချိန်လောက်တွင် မိုးတဖွဲဖွဲရွာနေသောအောက်မှာ အဖွားကြီးတစ်ယောက် တဘက်ဟောင်းကလေး ခေါင်းပေါ် တင်ပြီး ရောက်လာသည်။

လက်ထဲမှာလည်း အထုပ်ကလေး ဆွဲလာသည်။

ခြံဝရောက်တော့ အိမ်ထဲမှလူတစ်ယောက်က ခမောက်ဆောင်းကာ အပြင်သို့ ထွက်သွားလေသည်။

"ဘာကိစ္စရှိလို့လဲ အဖွားကြီး"

"ကျုပ်သားလေးကို ထမင်းထုပ် လာပို့တာပါကွယ်"

"တရားခံတွေကို ဘယ်သူမှ မတွေ့ရဘူး၊ ဘာမှမပေးရဘူးလို့ သူကြီးက အမိန့်ချထားတယ်၊ ပြန်ပေတော့"

"လူမတွေ့ရလည်း ဒီထမင်းထုပ်ကလေးတော့ ပေးခဲ့ပါရစေကွယ်"

"အော်. . . သူကြီးက ဘာမှမပေးရပါဘူးဆိုမှ တော်တော်လျှာရှည်တယ်၊ သွား. . . ပြန်တော့ဗျာ"

ဟု အော်ငေါက်ထုတ်လိုက်သောကြောင့် ဒေါ်ကျင်မေမှာ မျက်ရည်ကလေး တစမ်းစမ်းနှင့် ပြန်သွားရလေတော့သည်။ အတန်ကြာသောအခါ ရွာလမ်းအတိုင်း အော်ကာဟစ်ကာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတေ လျှောက်လာသည်။

ဖိုးတေမှာ နှလုံးသွေးပျက်နေသူပမာ သွက်သွက်လည်အောင် ရှူးနေလေသည်။

"ငရဲရှစ်ထပ် ဂျိုးကပ်အောင် ခံရမယ့်သူတွေကို ခေါ်ဖို့ ငရဲမင်းက ငရဲသားတွေကို လွှတ်တော့မယ်ဟေ့"

ထိုအော်သံကြီးကို အိမ်အောက်မှာ ဝိုင်းဖွဲ့ထိုင်နေသော ဦးနေဒွန်းတို့မှာ ကောင်းစွာကြားရလေသည်။

"ငရဲသားတွေ လာတော့မယ်. . .

ငရဲသားတွေ ရောက်တော့မယ်. . .

အသေဆိုးနဲ့ သေပြီး လိုက်ဖို့ ပြင်ကြဟေ့"

ဟု အသံနက်ကြီးနှင့် လိုက်လံအော်ဟစ်ရင်းနှင့် သူကြီးခြံဝ ရောက်လာသည်။

သူ့လက်ထဲမှာလည်း အထုပ်တစ်ထုပ် ကိုင်လာသည်။

ဖိုးတေမှာ ယခင်က ဦးနေဒွန်းအတွက် ခိုင်းသမျှ လုပ်ပေးသော လက်ရင်းတပည့်တစ်ယောက်ဖြစ်သောကြောင့် သူဝင်လာတာ လှမ်းမြင်သော်လည်း ဦးနေဒွန်းက ဘာမှမပြောပေ။

"သူကြီး. . . ဟိုမှာ အရူး ခြံထဲ ဝင်လာပြီ၊ မောင်းထုတ်လိုက်ရမလား"

"နေပါစေကွာ"

"ငရဲသားတွေ လွှတ်တော့မယ်. . .

ငရဲသားတွေ ရောက်လာတော့မယ်. . .

အသေဆိုးနဲ့ သေရတော့မယ်၊ ဝမ်းသာလိုက်တာကွယ်"





ဖိုးတေက အရူးတစ်ယောက်လို အော်ရင်းဟစ်ရင်းနှင့် နီမောင်တို့ ထိပ်တုံးခတ်ထားရာနေရာသို့ သွားလေသည်။

နီမောင်ကတော့ စိတ်မနှံ့သောအခြေအနေ ရောက်သွားသော ဖိုးတေအဖြစ်ကို ကြည့်ကာ များစွာစိတ်မကောင်းဖြစ်မိလေသည်။

ဖိုးတေက သူတို့နှစ်ယောက်အနား ရောက်သောအခါ အော်သံများ တိတ်သွားပြီး ဒူးထောက်ထိုင်ချလိုက်သဖြင့် နီမောင်ပင် အံ့ဩသွားသည်။

"ရော့. . . နီမောင်၊ မင်းအမေ ပေးလိုက်တဲ့ ထမင်းထုပ်"

ဟု ပုံမှန်အသံဖြင့် ပြောလိုက်ရာ ပို၍အံ့ဩသွားလေသည်။

"ဟင်. . . ဖိုးတေ၊ မင်း မရူးဘူး ဟုတ်လား"

"ရွာထဲမှာ မင်းအမေ ထမင်းထုပ်ကလေး ကိုင်ပြီး ငိုနေတာ တွေ့တော့ ငါသတိပြန်ရလာတယ်၊ ဒါကြောင့် ရူးချင်ယောင်ဆောင်ပြီး လာပို့ပေးတာ"

"ကျေးဇူးတင်လိုက်တာကွာ"

ထို့နောက်. . .

ဖိုးတေမှာ ပါးစပ်ထဲမှ တွေ့ကရာစကားများ အော်ဟစ်ပြောဆိုပြီးနောက် ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။

"ငရဲကြီးရှစ်ထပ် ဂျိုးကပ်မယ့်သူတွေ"

"ငရဲကြီးရှစ်ထပ် ဂျိုးကပ်မယ့်သူတွေ. . . ငရဲသားတွေ



www.burmeseclassic.com

www.burmeseclassic.com



လာတော့မယ်ဟော့"

ဖိုးတေအော်သံများက တဖြည်းဖြည်းနှင့် ဝေးသွားလေတော့သည်။

အချိန်ကလည်း မှောင်ရီသန်းစဖြစ်လာပြီမို့ ကနဖျင်းအောက်မှ အခြေအနေကို အိမ်အောက်မှ ပုလိပ်များ လှမ်းမမြင်နိုင်တော့ပေ။

သို့ကြောင့် နီမောင်တို့လည်း ထမင်းထုပ်ကို ဖြေပြီး တစ်ယောက်တစ်ဝက်စီ စားလိုက်ကြသည်။

ညအချိန်ရောက်သောအခါ အိမ်အောက်ထပ်မှာ အောက်လင်းဓာတ်မီးတစ်လုံး ထွန်းထားပြီး ပုလိပ်သုံးယောက်နှင့် သူကြီးတပည့်များက စောင့်ကြသည်။

အပေါ်ထပ်မှာတော့ ရာဇဝတ်အုပ်စံရွှေ၊ ဆားပုလင်းရွှေမိုးတို့ အိပ်ကြသည်။

၎င်းတို့ကို အိမ်ဦးခန်းမှာ နေရာပြင်ပေးထားသည်။

နီမောင်တို့ကတော့ ကနဖျင်းအောက်မှာပင် မိုးရေစိုစိုနှင့် ခြင်ကိုက် ဖြုတ်ကိုက်ခံကာ နေကြရသည်။

သူကြီးဦးနေဒွန်းကတော့ အပေါ်ထပ် အနောက်ဘက်အခန်းထဲမှာ တစ်ယောက်တည်း အိပ်သည်။

ထိုအိမ်အနောက်ဘက်လှေခါးမှ ဆင်းသွားလျှင် ခြံဝန်းတစ်နေရာတွင် သီးသန့်အိမ်တစ်လုံး ဆောက်ပေးထားသော စောမေရှိရာသို့ ရောက်သည်။

စောမေက ထိုအိမ်မှာ တစ်ယောက်တည်း နေသည်။





ဦးနေဒွန်းမှာ အိပ်ယာပေါ် ရောက်သည်နှင့် တော်တော်နှင့် အိပ်မပျော်ဘဲ သူ့အိမ်ပေါ် ရောက်နေသော ရွှေရုပ်ထုတော်ကို ဘယ်ပုံဘယ်နည်း ပြုလုပ်ရမည်ကို စဉ်းစားတွေးတောနေသည်။

"ခေတ်ကလည်း ပျက်ကာနီးပြီ၊ ဒီရုပ်ထုတော်ကို ဒီအတိုင်း ဝှက်ထားလိုက်ရရင် ကောင်းမလား၊

သခင်ကြီးတွေကို ခွဲပေးလိုက်ပြီးမှ သူတို့က မြန်မာပြည်ကနေ ပြန်ပြေးသွားကြရင် ဘယ်နှယ့်လုပ်မလဲ၊

ဒါမှမဟုတ် သူတို့ မပေးတော့ဘဲ ငါတစ်ယောက်တည်း အပိုင်သိမ်းလိုက်ရင်ကော မကောင်းဘူးလား"

ဟု အမျိုးမျိုး ကြံစည်စိတ်ကူးနေလေသည်။

ညဥ့်နက်ပိုင်း ရောက်သောအခါ ခြံဝန်းအတွင်းမှ စူးစူးဝါးဝါး ခွေးဟောင်သံများ ကြားလိုက်ရသည်။

ပထမတော့ စောမေအိမ်ဘက်သို့ ကူးသွားရန် အကြံပေါ်လိုက်သေးသည်။

သို့သော်လည်း ဧည့်သည်များ ရှိနေသောကြောင့် မသွားတော့ဘဲ အိပ်ရာပေါ်သို့ လှဲချလိုက်သည်။

"ရုပ်ပွားတော်က ရွှေပိသာချိန်နဲ့ တွက်မယ်ဆိုရင် နည်းမှာ မဟုတ်ဘူး၊ အခုလို ခေတ်ပျက်တော့မယ့်အချိန်ကာလမှာ ဒီရုပ်ပွားတော်ကို ငါတစ်ယောက်တည်း အပိုင်ရလိုက်ရင်တော့ ဟန်ကျမှာပဲ"

"ဒုံး . . . ဒုံး . . . ဒုံး"



www.burmeseclassic.com

www.burmeseclassic.com

“ဟင်. . ”

အတွေးကောင်းနေစဉ်မှာ တံခါးကို လက်သီးနှင့် ထုသံကဲ့သို့ ကြားလိုက်ရသည်။

ပထမတော့ အဝင်ပေါက်တံခါးမှ ထုသံဟု ထင်လိုက်သည်။

သို့သော် မဟုတ်ပေ။

အိပ်ယာနံဘေးမှ ပြတင်းပေါက်ရှိရာမှ အသံကြားရခြင်းဖြစ်သည်။

အိမ်မှာ ခြေတံရှည်အိမ်ဖြစ်သောကြောင့် အပေါ်ထပ်ပြတင်းပေါက်ရှိရာမှ (၁၅)ပေခန့်မြင့်ပေရာ တံခါးလာပုတ်စရာအကြောင်းမရှိပေ။

ပထမတော့ နားကြားလွဲသလားဟု ထင်လိုက်မိသည်။

“ဒုံး. . ဒုံး. . ဒုံး”

ဒီတစ်ကြိမ်တော့ နားကြားလွဲစရာအကြောင်း မရှိပေ။

ပြတင်းပေါက်တံခါးမှ တံခါးခေါက်သံဖြစ်သည်။

တအံ့တဩနှင့် တံခါးဂျက်ကို ဖြုတ်ပြီးဖွင့်လိုက်သည်။

အပြင်မှာ ဘာမှမရှိပေ။

သို့သော် လေနှင့်အတူ အပုတ်နံ့တစ်ချက် ထောင်းကနဲဝင်လာသည်။

ပြတင်းပေါက်မှ ခေါင်းထွက်ပြီး ဟိုဟိုဒီဒီ ကြည့်နေစဉ်မှာ ပြတင်းပေါက်အောက်တည့်တည့်တွင် ရပ်နေသော မည်းမည်းသဏ္ဌာန်တစ်ယောက်ကို မသဲမကွဲ မြင်ရသည်။





အောက်ကလူက အပေါ်မှ ပြတင်းပေါက်တံခါးကို ဘယ်လိုပုတ်ပါလိမ့်ဟု တွေးတောနေစဉ် အောက်ဖက်မှ ရှည်တက်လာသော လက်တစ်ဖက်က ပြတင်းပေါက်ဘောင်ကို လှမ်းကိုင်လိုက်သည်။

“ဟာ. . . ”

ဦးနေဒွန်း ထိတ်လန့်ဖွယ်ရာမြင်ကွင်းကြောင့် နောက်သို့ဆုတ်ပေးလိုက်သည်။

ထိုအခိုက်မှာပင် ကိုယ်လုံးကပါ တဖြည်းဖြည်း ရှည်လာပြီး ပြတင်းပေါက်နှင့် တညီတည်း ဖြစ်သွားသည်။

ပြတင်းပေါက်မှာ ပေါ်လာသောမျက်နှာမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေပြီး ကြောက်မက်ဖွယ်ရာဖြစ်နေသည်။

ပြတင်းပေါက်နား နီးလာသောကြောင့် အပုတ်နံ့ကလည်း ပိုများလာသည်။

“မင်း. . မင်းဘယ်သူလဲ”

“ကျုပ် ငထွန်းလေ. . . ခင်ဗျားတပည့်ငထွန်းကိုတောင် မမှတ်မိတော့ဘူးလား”

ဟု အသံဩဩကြီးနှင့် ပြောသည်။

“ငထွန်း သေသွားပြီ မဟုတ်လား”

“ဟုတ်တယ်လေ. . . ခင်ဗျားခိုင်းတာ လုပ်ရင်းနဲ့ မရှုမလှ သေခဲ့ရတာ၊ အခုလို သေတော့ ခင်ဗျား ကျုပ်အတွက် ဘာလုပ်ပေးသလဲ၊ သပိတ်ကလေးတောင် မသွပ်ပေးဘူး မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com

"ငါ မလုပ်ပေးချင်လို့ မဟုတ်ပါဘူးကွာ၊ ဒီမှာ အလုပ်တွေ များနေလို့ပါ၊ အလုပ်ကိစ္စတွေ ပြီးတာနဲ့ မင်းအတွက် ကုသိုလ်ကောင်းမှု လုပ်ပေးပါ့မယ်၊ နောက်ပြီး ငါ့အကြံအစည် အောင်ပြီးရင်လည်း ကျန်ခဲ့တဲ့ မင်းမိန်းမနဲ့ ကလေးတွေကို စောင့်ရှောက်လိုက်ပါ့မယ်"

ဟု သွေးရူးသွေးတန်းနှင့် ပြောနေလေသည်။

"ခင်ဗျားကို ကျုပ်ဘယ်တော့မှ မကျေဘူး၊ တစ်နေ့ကျရင် ကျုပ်သေသလို အသေဆိုးနဲ့ သေရလိမ့်မယ်၊ ကျုပ်လက်ကလည်း ဘယ်တော့မှ မလွတ်ဘူးမှတ်ပါ"

ဟု ပြောပြီး လက်တံရှည်ကြီးမှာ မြွေတစ်ကောင်ကဲ့သို့ အခန်းတွင်းသို့ ဝင်လာပြီး ဝေယမ်းနေရာ ဦးနေဒွန်းမှာ ကြောက်လန့်တကြားနှင့် အော်ဟစ်လိုက်လေသည်။

"အမယ်လေး. . . လုပ်ကြပါဦး ကယ်ကြပါဦးဟ၊ ဒီမှာ ငါ့ကို ထွေန်းလာသတ်နေတယ်"

ဟု ဟစ်အော်လိုက်ရာ အိမ်သားများနှင့် အခြားသူများ နိုးလာပြီး အခန်းတွင်း ဝင်ကြည့်ကြသောအခါ အခန်းထဲ၌ ဘာမှ မတွေ့ရပေ။

"ဘာဖြစ်တာလဲ ကိုဘဒန်"

ဒေါ်မြမေက မေးလိုက်သည်။

"ငါ့အခန်းထဲကို ထွေန်းဝင်လာလို့ သေသေချာချာ ရှာပါဦး"

"တော့်အခန်းထဲမှာ ဘာမှမရှိပါဘူးတော်၊ ထွေန်း သေ





တာဖြင့် ကြာပြီပဲ၊ တော် စိတ်ထင်လို့ ဖြစ်မှာပါ၊ ထွေန်းက ဘယ်နေရာက ဝင်လာလို့လဲ"

"ဟို. . ဟိုပြတင်းပေါက်က"

ဟု လက်ညှိုးထိုးပြသဖြင့် သားဖြစ်သူ သာဆန်းက အနားသွားကြည့်သောအခါ ပြတင်းပေါက်ဘောင်ပေါ်တွင် လက်ငါးချောင်းရာကြီး ထင်ကျန်နေသည်ကို တွေ့ရလေသည်။

သို့ကြောင့် အောက်သို့ ငုံ့ကြည့်တော့လည်း ဘာမှ မတွေ့ရပေ။

ဌင်းနောက် ဦးနေဒွန်းမှာ တစ်ယောက်တည်း မအိပ်ဝံ့တော့သဖြင့် မိသားစုများက လာစောင့်ပေးကြရသည်။

နောက်ထပ်တော့ မည်သည့်အနှောင့်အယှက်မှ မတွေ့ရတော့ပေ။

နောက်တစ်နေ့ ဆွမ်းခံပြန်ဝင်ချိန်လောက်တွင် ရွာသူရွာသားအချို့မှာ နီမောင်နှင့်ဦးပန်ကောင်းတို့အတွက် ထမင်းနှင့် အစားအသောက်များ ပို့ပေးရန် စီစဉ်နေကြသည်။

ထိုထဲတွင် မြလေးမူ၏မိဘများဖြစ်သော ဦးရွှေသာနှင့် ဒေါ်မင်းဖြူတို့လည်း ပါဝင်သည်။

"သူကြီးလုပ်တာ ဒီတစ်ခါတော့ အတော်တရားလွန်တယ်၊ ဘုရားဆယ်ပေးတဲ့လူတွေကို မတရား ဖမ်းထားရုံမကဘူး၊ ထမင်းမကျွေးဘဲ မိုးရေထဲမှာ ဒီအတိုင်း ထားသတဲ့"

ထိုစကားကြောင့် မြလေးမူပင် စိတ်မကောင်းဖြစ်မိသည်။ မနေ့က နီမောင်တို့ကို ဖမ်းသွားတော့ ကျောင်းဝိုင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖွဲ့လည်းရှိနေလေသည်။

ထိုမြင်ကွင်းကို မြင်လိုက်ကတည်းက စိတ်မကောင်းဖြစ်နေရာ ယခုကဲ့သို့ သတင်းကြားသောအခါ စိတ်မကောင်းဖြစ်မိလေသည်။

"သနားပါတယ် အဖေရယ်၊ အခု ဘာလုပ်နေကြတာလဲဟင်"

"တစ်ရွာလုံးက သူတို့အတွက် ထမင်းပို့ပေးဖို့ စီစဉ်နေကြတယ်"

"ဒီလိုသွားပို့တော့ သူကြီးက လက်ခံပါ့မလားဟင်"

"တစ်ရွာလုံး ညီညွတ်ရင် ဒင်းမခံနိုင်ပါဘူး၊ သူအားကိုးတဲ့ သူ့ပထွေးအင်္ဂလိပ်တွေတောင် အခု မြန်မာပြည်က ပြေးကြရတော့မယ်ဟာ"

ဟု ဦးရွှေသာက လေသံတိုးတိုးနှင့် ပြောလိုက်သည်။

"ဒီလိုဆိုရင် သမီးပဲ သွားပို့ပေးလိုက်ပါ့မယ်"

"အေး. . . ကောင်းသားပဲ"

ထို့နောက် ခင်မှုံတို့အဖွဲ့ လာခေါ်သောအခါ မြလေးမူပါ ထွက်လိုက်ခဲ့လေသည်။

သူမလက်ထဲမှာလည်း အများနှင့်နည်းတူ စားသောက်စရာ ထည့်ထားသော အထုပ်တစ်ထုပ် ပါလာလေသည်။

သူကြီးခြံဝန်းတံခါးဝ ရောက်တော့ တံခါးမဖွင့်ပေးချေ။ ပုလိပ်များက သေနတ်နှင့် ချိန်ထားသည်။

"ကျုပ်တို့လာတာ ခင်ဗျားတို့ကို နှောင့်ယှက်ဖို့မဟုတ်ဘူး၊





ကျုပ်တို့ရွာသားတွေအတွက် ထမင်းလာပို့ကြတာ၊ ဒီလိုမှ မပို့ရဘူးဆိုရင်တော့ ကျုပ်တို့ သည်းမခံတော့ဘူး"

ဟု တစ်ယောက်က လှမ်းပြောသဖြင့် သူကြီးနှင့်ပုလိပ်များ အတန်ကြာအောင် ခေါင်းချင်းဆိုင် တိုင်ပင်ပြီးမှ ခြံတံခါးပေါက်ကို ဖွင့်ပေးလိုက်ကြသည်။

ရွာသားများက ငြိမ်သက်စွာနှင့်ပင် ခြံထဲ ဝင်လာပြီး ဦးဗန်ကောင်းနှင့်နီမောင်တို့ ချုပ်ထားသောနေရာသို့ သွားကြကာ အစားအသောက်ပေးသူကပေး၊ အဝတ်အထည်နှင့်စောင်စသည်တို့ ပေးသူပေးကြသည်။

မြလေးမူက သူ့အလှည့်ရောက်သောအခါ အနားလျှောက်သွားပြီး သူမလက်ထဲမှ အထုပ်ကလေးကို နီမောင်ကို လှမ်းပေးလိုက်သည်။ နီမောင်က တစ်ချက်မော့ကြည့်ပြီး အထုပ်ကို လှမ်းယူကာ ခေါင်းပြန်ငုံ့သွားလေသည်။

မြလေးမူလည်း စိတ်မကောင်းစွာနှင့်ပင် ထိုနေရာမှ ထွက်လာရလေသည်။

"သူ့ခမျာ မတရားသက်သက်နဲ့ အချုပ်ခံနေရတာ သနားပါတယ်"

ဟူသောအတွေးကလည်း ခေါင်းထဲမှာ အထပ်ထပ် ပေါ်နေလေသည်။

ရွာသားများ ပြန်ထွက်သွားသောအခါ ပုလိပ်များနှင့် ဦးနေဒွန်းတပည့်များ အောက်ဆင်းလာကြပြီး ရွာသားများ ပေးသွားသော အဝတ်အထည်နှင့်စောင်များကို သိမ်းယူသွားလေ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။

အချို့ကလည်း ထမင်းထုပ်များကို ဖွင့်ကြည့်ပြီး ဟင်းကောင်းပါသောအထုပ်များကို ယူသွားကြသည်။

ဝင်ကြွေးရှိသမျှတော့ ခံရပေဦးတော့မည်။





အခန်း(၁၁)

# မရဏာစခြေယမှ အန္တရာယ်

နောက်တစ်ပတ်ခန့်ကြာသောအခါ နီမောင်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်ကို မြို့သို့ ခေါ်သွားရန် ပြင်ဆင်ကြသည်။ ထိုနေ့က (၁၃၀၂)ခုနှစ်၊ ဝါဆိုလဆန်း(၉)ရက်၊ (၁၉၄၀)ခုနှစ်၊ ဇူလိုင်လ(၁၂)၊ သောကြာနေ့ မနက်ပိုင်းဖြစ်သည်။

နီမောင်နှင့်ဦးဗန်ကောင်းတို့ကို မြစ်ကမ်းဆိပ်ဘက်သို့ ခေါ်လာသောအခါ နောက်မှ ရွာသူရွာသားများက အုပ်စုလိုက်ကြီး လိုက်လာကြသည်။

အချို့ကလည်း ဒေါသကို မထိန်းနိုင်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူကြီးနှင့်နောက်လိုက်များကိုသော်လည်းကောင်း၊

ပုလိပ်များကိုသော်လည်းကောင်း ဝင်ရောက်ရိုက်နှက်ရန် တပြင်ပြင်ဖြစ်နေကြသည်။

တချို့ကလည်း အံတကြိတ်ကြိတ်ဖြစ်နေကြသည်။

"နေနှင့်ဦးပေါ့ကွာ. . . ဒင်းတို့ မိုးကောင်းတုန်းတော့ ရွာထားဦးပေါ့"

ဟု ကြိမ်းဝါးကာ ခါးပြင်သူက ပြင်ကြသည်။

ကမ်းစပ်မှာတော့ ယူဘီတစ်စင်း ဆိုက်ကပ်ထားသည်။

ယူဘီနံပါတ်မှာ (U.B.204)ဖြစ်သည်။

ဆိပ်ကမ်းသို့ ဆရာတော်ဦးပညာသာမိကိုယ်တိုင် ဆင်းလာပြီး တားလေသည်။

"ဒကာကြီးတို့ လိုချင်တာလည်း ရပြီဆိုတော့ အပြစ်မရှိတဲ့လူတွေကို ဘာကြောင့် ဒုက္ခပေးချင်ရတာလဲ၊ သူတို့ကို လွှတ်ပေးလိုက်ပါ"

ထိုအခါ သူကြီးဦးနေဒွန်းက. . .

"ဒီကိစ္စက တပည့်တော် လုပ်ရမယ့်ကိစ္စ မဟုတ်ပါဘူး ဘုရား၊ ပုလိပ်အရေးပိုင်တဲ့ကိစ္စမို့ သူတို့ဝတ္တရားအတိုင်း ဆောင်ရွက်ကြမှာပါ"

ဟု ပြန်ပြောလေသည်။

"ဒကာကြီးကို ကျုပ်တစ်ခုပဲ ပြောမယ်၊ ဝဋ်ကြွေးဆိုတာ နောင်ဘဝအထိ မစောင့်ဘူး၊ တဖက်သားကို ဒုက္ခပေးရင် မကြာခင် ကိုယ်လည်း ဒုက္ခတွေ့လိမ့်မယ်"





ဟု ပြောသောအခါ ဦးနေဒွန်းမှာ မျက်နှာပျက်သွားလေသည်။ နီမောင်၏မိဘနှစ်ပါးကတော့ အသက်အရွယ်ကြီးကာမှ ပူပန်သောက ရောက်ကြရပြီး မျက်ရည်တစမ်းစမ်းနှင့် ရှိနေကြသည်၊ သားအတွက် ယူလာသည့် အဝတ်အစား ထည့်ထားသော လွယ်အိတ်ပလောင်းတစ်လုံးနှင့် အစားအသောက် ထည့်ထားသောအထုပ်ကလေးကို ပေးသော်လည်း ပုလိပ်များက ယူခွင့်မပေးကြပေ။

ထိုမြင်ကွင်းကို ကြည့်ပြီး ရွာသူရွာသားများမှာ ဒေါသဖြစ်ရသလို စိတ်မကောင်းကြီးစွာလည်းဖြစ်ကြရသည်။

ယူဘီသင်္ဘော ကပ်ထားသောနေရာမှာ ဘုရားပေါ်သောနေရာနှင့် မဝေးလှပေ။

ထို့နောက် တရားခံနှစ်ယောက်ကို ယူဘီပေါ် တင်ပြီးနောက် သင်္ဘောကို ကမ်းမှ ခွာလေသည်။

ထိုအချိန်မှာ မနက်စောစောဖြစ်ပြီး မိုးက အုံ့မှိုင်းလာပြီး တဖွဲဖွဲ ရွာချလာလေသည်။

ရွာသူရွာသားများက မိုးရွာလာသော်လည်း မပြန်သေးဘဲ ကမ်းစပ်မှ ရပ်ကြည့်နေသည်။

ဘုန်းကြီးဦးပညာသာမိပင် ထီးဆောင်းကာ ရပ်နေသည်၊ ထိုသို့ရပ်နေရင်းမှာပင် ဂုဏ်တော်များကို မပြတ်ရွတ်ပွားနေသည်။

ယူဘီသင်္ဘောက ကြိုးဖြုတ်ပြီး ကမ်းမှ ခွာထွက်သွားပြီး ကမ်းနှင့် အနည်းငယ် ဝေးတော့မှ စက်နှိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင် နှိုးသော်လည်း စက်က နှိုးမလာပေ။ သို့ကြောင့် ယူဘီသင်္ဘောက ရေစီးနှင့် မျောသွားပြီး ဘုရားပြိုကျသော ဝဲအတွင်း ရောက်သွားတော့သည်။

ထိုနေရာရောက်သောအခါ အောက်သို့ ဆက်မမျောတော့ဘဲ ဝဲအတွင်းမှာ ဝဲလည်နေသည်။

သင်္ဘောသားများက တစ်ယောက်ပြီးတစ်ယောက် စက်နှိုးရန် ကြိုးစားကြသော်လည်း မရပေ။

ထိုအချိန်မှာ ယူဘီနံဘေးမှ ကြီးမားသောဆူးတောင်ကြီးတစ်ခု ဘွားကနဲ ပေါ်လာလေသည်။

ဆူးတောင်ကြီးမှာ ရေပြင်ပေါ်သို့ နှစ်ပေသုံးပေခန့် ပေါ်နေပြီး သင်္ဘောကို လှည့်ပတ်၍ကူးနေလေသည်။ တစ်ခါတစ်ခါ အမြီးပိုင်းကိုပါ အတိုင်းသား လှမ်းမြင်ရလေသည်။

ထိုအခြေအနေကို သင်္ဘောပေါ်မှ သင်္ဘောသားများက မမြင်ရသော်လည်း ကမ်းစပ်မှ လှမ်းကြည့်နေသော သင်္ဘောသားများကတော့ အတိုင်းသား လှမ်းမြင်နေရသည်။

ငါးမွေးကြီးက စက်နှိုးမရသော ယူဘီသင်္ဘောကို လှည့်ပတ်ကူးနေသလို ယူဘီသင်္ဘောကလည်း ဝဲအတွင်းမှ မထွက်နိုင်သေးဘဲ ချာချာလည်နေဆဲပင်ရှိသေး၏။ ကမ်းပေါ်မှ လှမ်းကြည့်နေကြသောလူများကလည်း ဘာများဖြစ်မလဲဟု စိတ်ဝင်တစားဖြင့် ကြည့်နေကြသည်။

ထိုအချိန်တွင် ကမ်းပေါ်မှ ဦးနေဒွန်းက လှမ်းအော်ပြောလိုက်သောကြောင့် သင်္ဘောသားတစ်ယောက်က သင်္ဘော





နံဘေးမှာ ငါးမွေးကြီးကို မြင်သွားသည်။

"သင်္ဘောနံဘေးမှာ ငါးမွေးကြီးတစ်ကောင် ရောက်နေတယ်ဗျော့"

ထိုအော်သံကြောင့် သင်္ဘောဝမ်းထဲမှ ပုလိပ်များ ထွက်လာကြသည်။

သူတို့လက်ထဲမှာ သေနတ်များ ပါလာသဖြင့် ငါးမွေးကြီးကို မြင်သောအခါ သေနတ်ဖြင့် ချိန်၍ပစ်သည်။

"ချောက်. . ချောက်"

သေနတ်များမှ ကျည်ဆန်မထွက်ပေ။

မကျေနပ်သဖြင့် တစ်လက်ပြီးတစ်လက် ပြောင်းပစ်ကြသော်လည်း အရာမထင်ဘဲ တချောက်ချောက်နှင့်သာ မြည်နေတော့သည်။

ထိုအခြေအနေကို မြင်ရသော ရွာသူရွာသားများမှာ အံ့သြစိတ်နှင့်အတူ ဝမ်းသာနေကြလေသည်။

ဆရာတော်ကတော့ ပရိတ်တော်များကိုသာ ခပ်တိုးတိုး ရွတ်နေသည်။

ထိုအခိုက်မှာပင် အရှူးဖိုးတေမှာ ဘယ်နေရာက ထွက်လာသည် မသိပေ။

ကမ်းစပ်သို့ ရောက်လာပြီး ဝမ်းသာအားရ အမူအယာဖြင့် ခုန်ပေါက်ကာ အော်ဟစ်လေသည်။

"အကုသိုလ်ကံ ကိုယ့်ထံပြန်. . . ငရဲမှာ ခံရမည်၊

ဝဋ်ကြွေးကြမ္မာကံ ကိုယ်သာခံ အပါယ်မှာ ခံရမည်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အော်ဟစ်သံကြောင့် သူကြီးဦးနေဒွန်းတို့အဖွဲ့မှာ မျက်စိမျက်နှာပျက်နေကြလေသည်။

"ဒီအရူးကို တစ်နေရာကို ခေါ်သွားကြစမ်းကွာ၊ ဘာတွေ လာအော်နေမှန်း မသိဘူး"

သူကြီး ဦးနေဒွန်းက အမိန့်ပေးလိုက်သောကြောင့် တပည့်များက အရူးဖိုးတေကို ဆွဲခေါ်သွားကြလေသည်။ သို့တိုင်အောင် ပါးစပ်မှ တကြော်ကြော် အော်ဟစ်ရင်း ပါသွားခြင်းဖြစ်လေသည်။

"အကုသိုလ်ကံ ကိုယ့်ထံပြန်. . . ငရဲမှာ ခံရမည်၊
ဝဋ်ကြွေးကြမ္မာကံ ကိုယ်သာခံ အပါယ်မှာ စံရမည်"

ကမ်းပါးမှာ ထိုကဲ့သို့ ရုတ်ရုတ်သဲသဲ ဖြစ်နေသောအချိန်မှာ မြစ်ထဲမှာလည်း အခြေအနေက မကောင်းလှပေ။ မိုးက ပိုမိုများလာသလို လေကလည်း တိုက်ခတ်လာသဖြင့် မြစ်ထဲမှာ လှိုင်းကြက်ခွပ်များ ထလာသည်။

ရေစီးအရှိန်ကြောင့် ဝဲကတော့ကလည်း ပိုမိုအရှိန်ပြင်းလာသည်။ သို့တိုင်အောင် ယူဘီသင်္ဘောကလည်း ယခုထိ စက်နှိုး၍မရသေးပေ။

ထို့ပြင် သင်္ဘောနံဘေးမှာ ရေရေပေါ်လျက် လှည့်ပတ်ကူးနေသော ငါးရွှေကြီးကလည်း ယခုအချိန်အထိ ရှိနေဆဲပင်။

ပုလိပ်များကလည်း သေနတ်များဖြင့် ပစ်သော်လည်း တချောက်ချောက်နှင့်သာ မြည်နေပြီး ကျည်ဆန်မထွက်သဖြင့်





ဒုက္ခရောက်နေကြသည်။

ထို့ထက် အခြေအနေဆိုးသည်က ယူဘီသင်္ဘောမှာ အထက်လည်းမဆန်၊ အောက်လည်း မစုန်ဘဲ ဝဲကတော့အတွင်းမှာ ဝဲလည်နေခြင်းပင်ဖြစ်၏။

ခဏကြာတော့ သင်္ဘောနံဘေးမှာ ကူးနေသော ငါးရွှေကြီးမှာ တဖြည်းဖြည်းနှင့် မြုပ်သွားလေတော့သည်။

"ငါးရွှေကြီး မြုပ်သွားပြီဟေ့၊ စက်ရအောင်နှိုးကြပါဟ"

တစ်ယောက်က လှမ်းအော်ပြောသည်။

သို့တိုင်အောင် သင်္ဘောအင်ဂျင်စက်က နည်းနည်းလေးမှ မလှုပ်ဘဲ ငြိမ်သက်လျက်ရှိနေသေးသည်။

ခဏကြာသောအခါ ယူဘီသင်္ဘောတစ်စင်းလုံး လှုပ်လာသည်။ သင်္ဘောပေါ်မှာ ရှိသောပစ္စည်းများ ဖရိုဖရဲနှင့် အလဲလဲအပြိုပြိုဖြစ်လာသည်။

စင်များပေါ်မှ အောက်သို့ ပြုတ်ကျလာသည်။

သင်္ဘောပေါ်ရှိ လူများလည်း ရပ်တည်၍မရအောင် ယိမ်းယိုင်သူကယိုင်၊ လဲသူကလဲကြလေပြီ။

ကြည့်နေရင်းမှာပင် ယူဘီသင်္ဘောတစ်စင်းလုံး ရေမြင့်ပေါ်သို့ ကြွတက်လာသည်။

"ဟာ. . . သင်္ဘောကြီး ကြွတက်လာပြီဟ"

ဟု ဝိုင်းအော်ကြသည်။

သင်္ဘောက ရေအောက်မှ ငါးရွှေကြီးကျော
တင်နေပြီး ငါးရွှေကြီးက အပေါ်ကြွတက်လာတိုင်း သ



www.burmeseclassic.com

www.burmeseclassic.com



ပါ ကြွတက်လာခြင်းဖြစ်သည်။

ကြည့်နေရင်းမှာပင် ယူဘီသင်္ဘောက အပေါ်ကြွတက်လာပြီးနောက် တစ်ဖက်ဘေးသို့ စောင်းကျသွားလေတော့သည်။

"ဝုန်း. ."

"ဟာ. . . ယူဘီသင်္ဘော နစ်ပဟ"

သင်္ဘောနစ်သွားသောအခါ နီမောင်နှင့်ဦး... ...ာင်း တို့လည်း ပါသွားကြသည်။

နှစ်ယောက်စလုံး လက်တစ်ဖက်စီ လက်ထိပ်ဖြင့် ...မှာ ထားရာ လက်တစ်ဖက်စီကတော့ လွတ်နေသေးသည်။

နှစ်ယောက်စလုံး ရေကူးကျွမ်းကျင်သူများမို့ ဦးစွာ သင်္ဘောအတွင်းမှ အပြင်ရောက်အောင် ထွက်သည်။

အပြင်ရောက်တော့မှ ရေပေါ် ရောက်အောင်တက်ပြီး အသက်ဝအောင်ရှူသည်။

ပြီးမှ လက်တစ်ဖက်စီဖြင့် ကမ်းရောက်အောင် အားစိုက်ကူးကြသည်။

ထိုအချိန်မှာပင် ဘယ်နေရာမှ ပေါ်လာသည် မသိသော ငါးအုပ်ကြီး ရောက်လာသည်။

သင်္ဘောနစ်သွားသောအခါ သင်္ဘောသားများနှင့် ...လိပ်များမှာ မည်သည့်ဖစ္စည်းမှ မယူသာတော့ဘဲ ကမ်းရောက် ...ဝင် ကူးကြလေသည်။

ထိုအချိန်မှာပင် ရေအောက်မှ ငါးမွေးကြီးက ...တစ်ကျော့ တချောက်လာပြီး တစ်ယောက်ပြီးတစ်ယောက် ကိုက်ချီသွားတော့





သည်။

"ဝုန်း. ."

"အား. ."

ထို့ပြင် ရေအောက်မှ ပေါ်လာသောငါးအုပ်ကြီးက လည်း ကူးခတ်နေသောလူများကို ဝင်ရောက်တိုးဝှေ့ရာ လိုရာ မရောက်ဘဲ ဝဲထဲမှာ လည်နေပေတော့သည်။

ထိုသို့လည်နေသူများကို ငါးမွေးကြီးက တစ်ယောက်ပြီး ...ယောက် ဆွဲချသွားရာ နောက်ဆုံး လူအချို့သာ ကမ်းစပ် ရော...လာတော့သည်။

ကမ်းစပ်ရောက်လာသူများကို ရွာသားများက အပေါ် ဆွဲတင်ပေးကြသည်။

လွတ်လာသူများမှာ သင်္ဘောသားနှစ်ယောက်နှင့် ဆားပုလင်းခွေမိုးနှင့် သုံးယောက်သာ အသက်ရှင်ပြီး ကျန်လူများကိုတော့ အစအနမျှပင် မတွေ့ရတော့ပေ။

ယူဘီသင်္ဘောလည်း ဝဲအတွင်းသို့ စုန်းစုန်းနစ်မြုပ်သွားခဲ့ချေပြီ။

နီမောင်နှင့်ဦးဖန်ကောင်းတို့နှစ်ယောက်မှာ လက်တစ်ဖက်စီဖြင့် ကူးရသဖြင့် ရေစီးနှင့် မျောပါသွားသောကြောင့် အောက်ဘက် အတော်ဝေးဝေး ရောက်သွားပြီးမှ ကမ်းစပ် ရောက်ကြလေသည်။

ခဏကြာတော့ ရွာသူရွာသားများ ရောက်လာပြီး ကမ်းပေါ်သို့ တွဲတင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးရွှေသာထံတွင် ဆားပုလင်းရွှေမိုးထံမှ ယူလာသော သော့ပါလာရာ လက်ထိပ်ကို ဖြုတ်ကာ ရေထဲသို့ လွှင့်ပစ်လိုက်လေသည်။

ဦးနေဒွန်းတို့အဖွဲ့မှာ ထိုအဖြစ်ဆိုးကို မြင်ရသောအခါ ကမ်းစပ်၌ ဆက်မနေဝံ့ကြတော့ဘဲ ရွာဘက်သို့ ပြန်သွားကြလေတော့သည်။ အသက်မသေဘဲ ကျန်ခဲ့သော ဆားပုလင်းရွှေမိုးမှာ သွေးရူးသွေးတန်းဖြစ်နေလေသည်။

"ကျုပ်ကို မကွေးရောက်အောင် ပြန်ပို့ပေးကြဗျာ၊ ဒီအကြောင်းတွေကို တိုင်းမင်းကြီးအထိ အစီရင်ခံစာ တင်ရမှာ၊ ဒီအကြောင်းသာ တိုင်းမင်းကြီး သိရင်တော့ တသိကြီး အလုပ်ပြုတ်ကြတော့မှာ သေချာတယ်"

ဟု တုန်လှုပ်စွာဖြင့် ပြောလေသည်။

သို့ကြောင့် ရွာသူရွာသားများက ၎င်းအား မကွေးသို့ ပြန်ပို့ပေးရန် စီစဉ်ပေးကြရသည်။

ဦးနေဒွန်းမှာ ၎င်းအနေနှင့် အခြေအနေ မလှမှန်း ရိပ်မိသောကြောင့် အိမ်သို့ ကပျာကယာ ပြန်လာပြီး ယုံကြည်စိတ်ချရသော တပည့်တချို့ကို ခေါ်ပြီး ၎င်းသိမ်းထားသော ရွှေရုပ်ထုတော်အား အခြားလုံခြုံစိတ်ချရသောနေရာသို့ ရွှေ့ပြောင်းထားရန် အလျင်အမြန် စီစဉ်လေတော့သည်။





အခန်း(၁၂)

# တစ်ကျော့ပြန်လာသော ဝင့်ကြွေးကြွမ္မာ

မကွေးမြို့ အရေးပိုင်ရုံးခန်းအတွင်း၌ဖြစ်သည်။ အရေးပိုင် မင်းကင်းဘဲမှာ အရေးကြီးသောအမှုတွဲဖိုင်များကို စားပွဲပေါ်ချကာ တစ်ခုချင်း စစ်ဆေးနေစဉ် တံခါးအပြင်ဘက်မှ ဖိနပ်သံကြားလိုက်ရပြီးနောက် အစောင့်၏အလေးပြုသံ တံခါးဖွင့်သံများနှင့် တဆက်တည်း ကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ တံခါးပွင့်သွားသည်နှင့် ရာဇဝတ်ဝန်ကြီး မစ္စတာကယ်ရီ ဝင်လာသည်ကို တွေ့ရသဖြင့် အံ့သြသွားကာ နေရာမှ ထကာ နှုတ်



www.burmeseclassic.com

www.burmeseclassic.com

ဆက်လိုက်လေသည်။

"မောနင်း. . . ကယ်ရီ၊ ယူနီဖောင်းအပြည့်အစုံနဲ့ အရေးတကြီး ရောက်လာပုံထောက်တော့ ဘာကိစ္စများ အရေးပေါ်လာလို့လဲ"

ရာဇဝတ်ဝန်ကြီးကယ်ရီက စားပွဲရှေ့မှာ ချထားသော ကုလားထိုင်မှာ ဝင်ထိုင်ရင်း နဖူးပေါ်မှ ချွေးစက်များကို လက်ကိုင်ပုဝါနှင့် သုတ်ပစ်နေသည်။

"အရေးကိစ္စကတော့ ပေါ်လာပြီ ကင်းဘဲ"

"ဘယ်လိုပေါ်လာတာလဲဗျ. . . ပြောပါဦး"

"ဟိုတလောက ဖမ်းဝရမ်းမှာ ခင်ဗျားလက်မှတ်ထိုးပေးလိုက်တဲ့ကိစ္စလေ၊ အခု အဲဒါ ပြဿနာ စပေါ်တာပဲ"

မစ္စတာကင်းဘဲမှာ ၎င်းအနေနှင့် အမိန့်စာ အတော်များများကို လက်မှတ်ထိုး၍ထုတ်ပေးရပေရာ မည်သည့်အမိန့်စာမှန်း မသိဘဲ ရှိနေလေသည်။

"ဟို. . မိုးချောင်းရွာသူကြီးနဲ့ ဌာနအုပ်ဘဒန်တို့ ပေါင်းပြီး လာလုပ်တဲ့အမိန့်စာလေဗျာ၊ ရွှေသားနဲ့ လုပ်ထားတဲ့ဘုရားကို ဆယ်ဖို့ကိစ္စနဲ့ အမိန့်ဖီဆန်တဲ့လူတွေကို ဖမ်းဖို့ကိစ္စလေ၊ အဲဒါ အခု အရေးပေါ်ပြီဗျ"

"ဘယ်လိုပေါ်တာလဲ"

"အခု မိုးချောင်းတစ်ရွာလုံးက အဲဒီကိစ္စကို မကျေမနပ်ဖြစ်နေကြတယ်၊ ဒါ့အပြင် နယ်သူနယ်သားတွေကပါ အားလုံးပါလာပြီ၊ တော်ကြာ အုံကြွမှုတွေ ဖြစ်လာမှာတောင်စိုးရတယ်"





"ဒီလောက်တောင်ပဲလားဗျ"

"မြန်မာလူမျိုးတွေဆိုတာ တခြားကိစ္စကိုသာ ခေါင်းငုံ့ သည်းခံပြီး နေချင်နေမယ်၊ ဘာသာရေးကိစ္စနဲ့ ပတ်သက်လာရင်တော့ နည်းနည်းမှ သည်းမခံတတ်ကြဘူး။

အခုဟာက သူတို့ ကိုးကွယ်တဲ့ဘုရားကိစ္စဖြစ်နေတော့ တစ်ရွာလုံး တစ်နယ်လုံးက လူတွေအပြင် ဘုန်းကြီးတွေပါ ပါလာပြီလို့ သတင်းကြားရတယ်"

ထိုစကားကြားသောအခါ မစ္စတာကင်းဘဲမှာ မျက်လုံးပြူးသွားလေသည်။

"ဒါ့ထက် အရေးကြီးတာ ရှိသေးတယ်ဗျ"

"ဟင်. . . ဘာလဲ"

"တရားခံတွေ ဖမ်းဖို့သွားတဲ့ သင်္ဘောနစ်သွားလို့ သင်္ဘောလည်းဆုံး သင်္ဘောသားတွေလည်း သေတဲ့အပြင် ပုလိပ်လေးယောက်လည်း ပါသွားတယ်၊ ပုလိပ်တွေနဲ့ သေနတ်တွေပါ သင်္ဘောမြှုပ်တဲ့အထဲမှာ ပါသွားတယ်လို့ သတင်းရောက်လာတယ်"

"ဟင်. . ."

ထိုအခါမှပင် မစ္စတာကင်းဘဲမှာ နဖူးမှာ စိမ့်ထွက်လာသောချွေးစက်များကို လက်ကိုင်ပုဝါနှင့် အုပ်ရင်း ပြောလိုက်သည်။

"အဲဒါထက် ဒီအကြောင်းတွေကို အစီရင်ခံစာ တင်လို့ တိုင်းမင်းကြီး သိသွားရင် ကျုပ်တို့အလုပ်တွေပါ ထိခိုက်လာနိုင်



www.burmeseclassic.com

www.burmeseclassic.com

တယ်နော်၊ တကယ်တော့ ကျုပ်လက်အောက်မှာ ရှိတဲ့ ပုလိပ်တွေ မကောင်းတာလည်း ပါတယ်၊ ဘဒန်က အတော်ရှုပ်တယ်၊ သူ့ကို ကောင်းကောင်းအရေးယူပေးရမယ်"

"ကျုပ်တောင်းပန်ပါတယ် မစ္စတာကယ်ရီ၊ ခင်ဗျားလုပ်ရမယ့်အလုပ်ထဲမှာ ကျုပ်ဝင်ရှုပ်မိလို့ အခုလို မလိုလားအပ်တဲ့ နောက်ဆက်တွဲကိစ္စတွေ ပေါ်လာရတာပါ၊ ကျုပ် အများကြီး ဝမ်းနည်းပါတယ်"

ဟု တောင်းပန်လိုက်လေသည်။

"ကျုပ်ကတော့ ဌာနအုပ်ဘဒန်နဲ့ မုံးချောင်းရွာသူကြီးကို ကောင်းကောင်းအရေးယူဖို့ စီစဉ်ရဦးမယ်"

ဟု ပြောကာ မစ္စတာကင်းဘဲကို နှုတ်ဆက်ပြီး အခန်းထဲမှ ပြန်ထွက်သွားလေတော့သည်။

နောက်နှစ်ရက်ခန့်ကြာသောအခါ တိုင်းမင်းကြီးရုံးတွင် အရေးပေါ်အစည်းအဝေး ခေါ်ရာ အရေးပိုင်မင်း မစ္စတာ ကင်းဘဲ၊ ရာဇဝတ်ဝန်ကြီး၊ ဒုရာဇဝတ်ဝန်ကြီးနှင့် ထိပ်တန်းအရာရှိများ တက်ရောက်ကြရသည်။

အစည်းအဝေးတွင် တိုင်းမင်းကြီး ရှပ်တဲဝပ်က နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ အထူးအရေးကြီးသောကာလ ရောက်လာပြီဖြစ်ကြောင်း ပြောပြသည်။

"ကျွန်ုပ်တို့အနေနဲ့ မြန်မာပြည်က ပြန်လည်စွန့်ခွာရဖို့ အခြေအနေရှိတယ်၊

ဒါကြောင့် အခုကာလတွေမှာ သတိဝီရိယထားပြီး လုပ်





ကြဖို့ အရေးကြီးတယ်၊

အခုကာလမှာ အရေးကြီးဆုံးအချက်ကတော့ လူအများနဲ့ ပြဿနာဖြစ်မယ့်ကိစ္စမျိုးတွေကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြပါ"

တိုင်းမင်းကြီး မစ္စတာရှပ်တဲဝပ်စကား ကြားသောအခါ အရေးပိုင်မင်းမှာ ခေါင်းမဖော်ဝံ့အောင်ရှိတော့သည်။

"တစ်နေ့က တိုင်းရုံးကို အစီရင်ခံစာတစ်စောင် ရောက်လာတယ်၊ ပွင့်ဖြူလယ်ကိုင်းဘက်က ရွာတစ်ရွာမှာ လူထုတွေ စုဝေးစုရုံးနေတယ်လို့ သတင်းကြားရတယ်၊ နောက်ပြီး အစိုးရယူဘီသင်္ဘောတစ်စင်း နစ်ပြီး ပုလိပ်တွေ သေတဲ့ကိစ္စကရော ဘယ်လိုဖြစ်တာလဲ၊

တော်လှန်ရေးသမားတွေလက်ချက်ကြောင့် သေတာလား"

ထိုအခါ အရေးပိုင်မင်းက ထပြီး အစီအရင်ခံရသည်။

"တော်လှန်ရေးသမားတွေ မဟုတ်ပါဘူး မင်းကြီး၊ ဘာသာရေးအတွက် စုရုံးနေကြတာပါ၊

သင်္ဘောနစ်တဲ့ကိစ္စကလည်း ရာသီဥတုကြောင့် ဖြစ်ရတာပါ"

"ဘာသာရေးအတွက် စုရုံးတာဆိုတော့ ဘယ်လိုဖြစ်တာလဲ"

ထိုအခါ မစ္စတာကင်းဘဲလည်း မကွယ်သာတော့ဘဲ အဖြစ်မှန်အတိုင်း အစီရင်ခံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စက ရာဇဝတ်ဝန်ကြီးတွေ လုပ်ရမယ့်အလုပ် မဟုတ်ဘူးလား၊ မောင်မင်းက ဘာကြောင့် လက်မှတ်ထိုးပေးရတာလဲ၊ ဒီကိစ္စအတွက် မောင်မင်း ခိုင်လုံတဲ့ဖြေရှင်းချက်တစ်ခု တင်ပေးပါ"

ဟု ပြောသောအခါ မစ္စတာကင်းဘဲမှာ ဘေးကျပ်နံကျပ် အခြေအနေသို့ ရောက်သွားတော့သည်။

ထို့နောက် တိုင်းမင်းကြီးက ရာဇဝတ်ဝန်များဘက်သို့ လှည့်ကာ ပြောပြန်သည်။

"မောင်မင်းတို့လည်း အမှုထမ်း ပေါ့လျော့ကြတယ်၊ အစိုးရ သဘော်နစ်တဲ့ကိစ္စ၊ လူတွေ သေတဲ့ကိစ္စနဲ့ ပျောက်သွားတဲ့ လက်နက်တွေကိစ္စကို အမြန်ဆုံး ဖော်ထုတ်ပြီး ကျွန်ုပ်ထံကို အစီရင်ခံစာ တင်ပေးပါ"

"ရက်ဆား မင်းကြီး"

အစည်းအဝေးခန်းမမှ ပြန်လာသောအခါ အရေးပိုင်မင်းနှင့် ရာဇဝတ်ဝန်ကြီးတို့မှာ မျက်နှာမသာမယာရှိနေကြသည်။

"ဘာမဟုတ်တဲ့ကိစ္စလေးကြောင့် ကျုပ်တို့ရာထူးတွေ ထိခိုက်ရမယ့်အခြေအနေ ရောက်လာတော့မယ်၊ အမှန်တော့ ဒီကိစ္စတွေ ပေါ်ပေါက်ရတဲ့ တရားခံကတော့ ဟိုသူကြီးနဲ့ ဟိုပုလိပ်စုတ်ဘဒန် ရှုပ်လို့ ဖြစ်ရတာပဲ၊ သူတို့နှစ်ယောက်ကို ကောင်းကောင်းအရေးယူ အပြစ်ပေးရမယ်"

ရာဇဝတ်ဝန်ကြီး မစ္စတာကယ်ရီသည် ၎င်း၏ရုံးခန်းသို့ ပြန်ရောက်သည်နှင့် ဌာနအုပ်ဘဒန်ကို အခေါ်ခိုင်းလိုက်ရာ ချက်ချင်းရောက်လာလေသည်။





ဌာနအုပ်ဘဒန်သည် ရာဇဝတ်ဝန်ကြီးက အခေါ်ခိုင်းသည်ဆိုသည်နှင့် ပျာပျာသလဲဖြစ်နေလေသည်။

အခန်းတွင်း ရောက်သည်နှင့် အလေးပြုလိုက်သည်။

ရာဇဝတ်ဝန်ကြီး၏ဒေါသမျက်နှာကို မြင်သောအခါ ပို၍ထိတ်လန့်သွားလေသည်။

"မင်းလုပ်တဲ့ကိစ္စကို မင်းသိတယ်မဟုတ်လား"

ဟု ကြိမ်းမောင်းရာ ဘာပြန်ပြောရမှန်း မသိအောင်ဖြစ်သွားတော့သည်။

"မုံးချောင်းရွာဘက်မှာ လူတွေ အုံကြွအောင် လုပ်တဲ့ကိစ္စ၊ သဘော်မြှုပ်တဲ့ကိစ္စ၊ လူတွေ သေရတဲ့ကိစ္စ၊ လက်နက်တွေ ပျောက်ဆုံးရတဲ့ကိစ္စတွေဟာ မင်းစီစဉ်တဲ့ကိစ္စတွေ မဟုတ်လား"

"ဒါ . . ဒါက . . ဒီ . . ဒီလိုပါ ဝန်ကြီး"

"မင်း ဘာမှထပ်ပြီး ဆင်ခြေပေးမနေနဲ့တော့၊ ငါလိုချင်တာက ဒီကိစ္စတွေ အမြန်ဆုံး ဖြေရှင်းပေးဖို့ပဲ၊ မင်းကိုယ်တိုင် မုံးချောင်းကို သွားပြီး သဘော်မြှုပ်တဲ့ကိစ္စကို ဆောင်ရွက်ခဲ့ရမယ်၊

ဒီလိုမှ မဆောင်ရွက်နိုင်ရင်တော့ မင်းအလုပ်ပြုတ်ပြီလို့သာ မှတ်ပေတော့"

ဟု အော်ထုတ်လိုက်ရာ ဌာနအုပ်ဘဒန်လည်း ချွေးသီးချွေးပေါက်ကြီးများ ကျကာ အခန်းထဲမှ ပြန်ထွက်လာလေသည်။

ဂါတ်တဲပြန်ရောက်သောအခါ ၎င်း၏ပီအက်စ်အိုရာထူးကို အခြားတစ်ယောက် လွှဲပေးခဲ့ပြီး ပုလိပ်အချို့ကို ခေါ်ကာ



www.burmeseclassic.com

www.burmeseclassic.com



မုံးချောင်းကို သွားရန် စီမံရတော့သည်။

မကွေးမှ မုံးချောင်းကို ကုန်းလမ်းခရီးမှပင် ခက်ခက်ခဲခဲ ရောက်အောင်သွားရလေသည်။

မုံးချောင်းရွာသူကြီးဦးနေဒွန်းမှာ ဌာနအုပ်ဘဒန် ကိုယ်တိုင်ရောက်လာသည်ကို မြင်သောအခါ များစွာအံ့ဩသွားလေသည်။

ငင်းတို့ သိုဝှက်ထားသော ရွှေရုပ်ထုတော်ကို လာရောက်သိမ်းယူသည်ဟု ထင်သွားမိသည်။

"ဟာ. . . ဌာနအုပ်မင်းပါလား၊ ဘယ်လိုအကြောင်းရှိလို့ ကိုယ်တိုင်ရောက်လာတာလဲ"

"ခင်ဗျားစခဲ့တဲ့ဇာတ်လမ်းလို့ပဲ ဆိုရမှာပဲ၊ ယူဘီသဘော်မြုပ်တဲ့ကိစ္စရော၊ လူတွေသေတဲ့ကိစ္စရော၊ လက်နက်တွေ ပါသွားတဲ့ကိစ္စရော အခု ရာဇဝတ်ဝန်ကြီးက ကျုပ်အပေါ် ပုံချနေပြီ"

"သဘော်က ဝမိပြီး မြုပ်သွားတာပါ"

"ဘာပဲဖြစ်ဖြစ် အဲဒီသဘော်ကို အမြန်ဆုံး ဆယ်ယူရမယ် ဦးနေဒွန်း၊ အဲဒါ ရွာသားတွေကို ခေါ်ပြီး ခင်ဗျားလုပ်ပေးရမယ်"

ဟု အမိန့်ပေးလေသည်။

ထိုစကားကြားသောအခါ ဦးနေဒွန်းမှာ မျက်နှာပျက်သွားလေသည်။

"မ. . . မလွယ်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲဗျ"





"သဘော်မြုပ်တဲ့ ဝဲထဲမှာ ငါးရွှေကြီး ရှိတော့ ဘယ်သူမှ ဆင်းဝံ့မှာ မဟုတ်ဘူး"

"မဆင်းဝံ့လည်း ရအောင်ဆင်းခိုင်းရမှာပဲ၊ ဒီသဘော်မှ ပြန်မရရင် ကျုပ်အလုပ်ပြုတ်မှာ သေချာတယ်"

ဟု ပြောသဖြင့် ဦးနေဒွန်းမှာ မတတ်သာတော့ဘဲ သဘော်ဖော်ရန်ကိစ္စကို စီမံရလေတော့သည်။

ရုပ်ပွားတော်ကိစ္စနှင့် ရွာသူရွာသားများက သူကြီး ဦးနေဒွန်းအပေါ် ငြိုငြင်နေကြရာ အကယ်၍ ခေါ်ခိုင်းလျှင်လည်း မည်သူကမျှ လာလုပ်တော့မည် မဟုတ်သဖြင့် နောက်ဆုံး ငင်းအိမ်မှာ ခိုင်းထားသောတပည့်များကိုသာ ဇွတ်ခေါ်သွားရလေသည်။

ငင်း၏တပည့်များမှာလည်း လူဆိုးလူမိုက်များဆိုသော်လည်း သူကြီးအရှိန်အာဏာ သုံးပြီး ရွာသူရွာသားများအပေါ်၌သာ အနိုင်ကျင့်ဝံ့သူများဖြစ်ရာ ယခုလို မရဏာသေတွင်းသို့ ဆင်းရမည်ဆိုသောအခါ အားလုံးကြောက်လန့်နေကြလေသည်။

သို့သော်လည်း သူကြီးက ဇွတ်ခေါ်သွားသောကြောင့် မလွှဲမရှောင်သာ လိုက်သွားရလေတော့သည်။

စုစုပေါင်း ပုလိပ်အဖွဲ့ရော၊ သူကြီးခေါ်သွားသောလူများနှင့်ဆိုလျှင် လူပေါင်း(၁၅)ယောက်ခန့် ရှိလေသည်။

ကမ်းစပ်ရောက်သောအခါ ဝါဆိုမိုးက တဖွဲဖွဲရွာလျက်ရှိနေသည်။

လှိုင်းကြက်ခွပ်ကလေးများက ရေပြင်ပေါ်မှာ လှိုင်းသေ

www.burmeseclassic.com



နေလေသည်။

ဝါဆိုလဆန်း(၈)ရက်နေ့မှ ဝါဆိုလဆုတ်(၈)ရက်နေ့အတွင်း ဘုရားဖူးငါးများ ဝင်ရောက်နေချိန်ဟု သတ်မှတ်ကာ မြစ်အတွင်း ငါးဖမ်းခွင့်များ ပိတ်ပင်ထားသောကြောင့် မြစ်တွင်းတစ်လျှောက်မှာ ငါးဖမ်းလှေများ တစ်စင်းတစ်လေမျှပင် မရှိပေ။

သာမန်ခရီးသွားသူများကလည်း ယခုကဲ့သို့ ရာသီဥတုဆိုးဝါးသောအချိန်၌ အပြင်သိပ်မထွက်ကြချေ။

ကမ်းစပ်သို့ ရောက်သောအခါ သူကြီးဦးနေဒွန်းက သူ့လူသုံးယောက်ကို ရေထဲ ဆင်းကာ သင်္ဘောမြုပ်ကို ရှာဖွေစေသည်။ ထိုလူများမှာ ရေအောက်သို့ မဆင်းချင်ကြသော်လည်း သူကြီးက ဇွတ်အတင်းခိုင်းသဖြင့် ကြောက်ကြောက်လန့်လန့်နှင့်ပင် ဆင်းကြရသည်။

မိုးအခါဖြစ်သောကြောင့် မုံမြစ်ရေက နောက်နေသည်။ ထိုနေရာတစ်ဝိုက်မှာ ကမ်းပြိုများ ရှိသော်လည်း ဝဲ၏လှိုက်စားမှုကြောင့် ချောက်ကြီးဖြစ်နေသည်။

ရေအောက်ရောက်သောအခါ ချောက်အတွင်းမှာ နစ်နေသော မည်းမည်းသဏ္ဌာန်ကြီးကို ဝိုးတဝါး လှမ်းမြင်ရသဖြင့် ထိုနေရာသို့ ရောက်အောင် ဆင်းသွားကြသည်။

အောက်ခြေရောက်သောအခါမှ မည်းမည်းကြီး ရှိနေသောအရာမှာ သင်္ဘောမြုပ် မဟုတ်ဘဲ ငါးကြီးတစ်ကောင် ဝပ်နေသည်ကို တွေ့ကြရသည်။

သူတို့ ဆင်းလာတာ မြင်တော့ ငြိမ်သက်နေသောငါးကြီး





က အနည်းငယ် လှုပ်ရှားလာလေတော့သည်။

ထိုအခါမှ လူသုံးယောက်မှာ အခြေအနေကို သဘောပေါက်သွားပြီး အပေါ်သို့ ပြန်တက်ပြေးကြလေသည်။

ရေပြင်ပေါ်သို့ ရောက်သောအခါ ကမ်းစပ်သို့ ရောက်အောင် ကြောက်လန့်တကြား ကူးပြေးကြရာ သူတို့နှင့် မရွေးမနှောင်းမှာပင် ရေပေါ်သို့ ငါးဆူးတောင်ကြီးတစ်ခု ပေါ်လာပြီးနောက်မှ ကူးလိုက်လာလေသည်။

ထိုမြင်ကွင်းကို ကမ်းစပ်မှာ ရပ်နေသူများကလည်း ကောင်းစွာမြင်နေရသည်။

"ဟေ့ကောင်တွေ. . . မြန်မြန်ကူးကြ မြန်မြန်ကူးကြ၊ နောက်က ငါးကြီးလိုက်လာနေပြီ"

ဟု အပေါ်မှ လှမ်းအော်ကြရာ လူသုံးယောက်ကလည်း သေဘေးနှင့် ကြုံရတော့မည်မို့ အားကြိုးမာန်တက် ကူးကြလေသည်။ သို့သော်. . .

လူနှစ်ယောက်က ကမ်းပေါ် ပြန်ရောက်လာသော်လည်း ကျန်တစ်ယောက်ကတော့ ပြန်မရောက်လာတော့ပေ။

ရေပြင်ပေါ်မှာ သွေးကွက်ကြီးများသာ ပွက်ထလာပြီး လူကတော့ မတွေ့ရတော့ပေ။

"ဘာကောင်ကြီးလဲ"

ဌာနအုပ်ဘဒန်က အလန့်တကြား မေးလိုက်သည်။

"အဲဒါ မရဏာဝဲကို စောင့်နေတဲ့သေမင်းပဲ"

လူတစ်ယောက်က ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လူတစ်ယောက်ပြန်ပေါ်မလာသောအခါ နောက်လူများလည်း မဆင်းဝံ့ကြတော့ပေ။

အမိန့်ဖီဆန်ကလည်း သေရမည်။

ရေထဲ ဆင်းလျှင်လည်း မုချသေရမည်ဖြစ်သည်။

သေရမည့်အတူတူတော့ ရေစိုခံပြီး ရေမွန်းခံပြီး မသေချင်တော့ဘဲ ကုန်းပေါ်မှာသာ သေချင်ကြမည့်သူချည်းဖြစ်ရာ မည်သူ့ကိုမှ ဆင်းခိုင်း၍မရတော့ပေ။

"အရင် ဘုရားပေါ်တာ ဘယ်နေရာမှာလဲ"

ဌာနအုပ်ဘဒန်က မေးလိုက်သည်။

"ဒီဝဲမှာပဲ"

"ဘုရားပေါ်တော့ ဆင်းယူတဲ့လူတွေကိုရော ငါးမဆွဲဘူးလား"

"အဆွဲခံရတဲ့လူတွေလည်း ရှိတယ်၊ ဒါပေမယ့် တစ်ယောက်တော့ ငါးအဆွဲမခံရဘူး"

"ဘယ်သူလဲ"

"သူ့နာမည်က နီမောင်တဲ့၊ မုံးချောင်းရွာသား တစ်ယောက်ပဲ"

"သူ့ကို ဆင်းခိုင်းရင်ကော မရဘူးလား၊ မြှုပ်နေတဲ့သဘော်က ပြန်မဖော်လို့မရဘူး"

ထိုစကားကြားသောအခါ သူကြီးဦးနေဒွန်းမှာ များစွာစိတ်ညစ်သွားလေသည်။

နီမောင်နှင့်ဦးဇန်ကောင်းကို မတရား နှိပ်စက်ထား





သောကြောင့် အကယ်၍ ခေါ်ခိုင်းလျှင် ရမည်မဟုတ်မှန်း စိတ်ထဲမှ သိနေသည်။

သို့သော်လည်း . . .





www.burmeseclassic.com



www.burmeseclassic.com



အခန်း(၁၃)

# ထူးဆန်းသောကျောက်အမြုတေ

သူကြီးအိမ်တွင် တစ်နေ့နှင့်တစ်ည မိုးရေစိုစိုနှင့် နေခဲ့ရသောကြောင့် အိမ်ပြန်ရောက်သောအချိန်၌ နီမောင်တစ်ယောက် ဖျားနေတော့သည်။

သို့သော်လည်း အချုပ်အနှောင်မှ လွတ်မြောက်ခဲ့ရသောကြောင့် စိတ်သက်သာရာ ရနေသည်။

ထိုနေ့က နီမောင်တစ်ယောက်တည်း အိမ်မှာ ရှိနေစဉ်ထိုအချိန်မှာပင် တစ်ခါက သူနှင့် တွေ့ဖူးသော အသားမည်းမည်း ကတုံးပြောင်ပြောင်နှင့် လူနှစ်ယောက် ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်း ၎င်းတို့မှာ အပေါ်အင်္ကျီ ဝတ်မထားဘဲ ရေစိုနေသော ပုဆိုးတိုတိုကို ဝတ်ထားကြသည်။

"ဗျို့. . . သူငယ်လေး၊ ကျုပ်တို့ ဝင်လာခဲ့ရမလား"

ဟု အိမ်ရှေ့မှ လှမ်း၍အသံပေးကြသည်။

"ဝင်ခဲ့ပါဗျာ"

ဘယ်သူတွေမှန်း မသိရသော်လည်း နီမောင်က ပြန်၍ အသံပြုလိုက်သဖြင့် နှစ်ယောက်သား အိမ်ထဲ ဝင်လာကြသည်။

၎င်းတို့ကို မြင်တော့ နီမောင်က ကောင်းစွာမှတ်မိသွားလေသည်။

တစ်ခါက မြစ်ဆိပ်တွင် သူ့ကို ငါးတစ်ကောင် ရှာပေးသွားသော လူကြီးတစ်ယောက်ပင်ဖြစ်သည်။

နီမောင်က သူတို့ကို မြင်တော့ အံ့သြသွားသလို ကောင်းစွာလည်း မှတ်မိသွားလေသည်။

"လာကြပါ"

"မောင်ရင်လေး နေမကောင်းဖြစ်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"သတင်းကြားလို့ သတင်းမေးရင်း လာတာပါ၊ ကျုပ်တို့မှာ ရှေးအဆက်ဆက်ကတည်းက သုံးလာတဲ့ ကျောက်အမြုတေတစ်လုံးပါလာပါတယ်၊ ဒီကျောက်က ငါးတွေမှာပဲ ရနိုင်တဲ့ ကျောက်မျိုးပါ"

ဟု ပြောကာ ခါးပိုက်ထောင်ထဲမှာ ထည့်ယူလာသော ကျောက်တုံးတစ်တုံးကို ထုတ်ပေးသည်။





ထိုကျောက်မှာ ဗီးကင်းအရွယ်လောက်ရှိပြီး အဖြူနှင့် အစိမ်းရောင် ရောနှောနေသည့် ကျောက်တစ်လုံးဖြစ်လေသည်။

ထိုလူကြီးက ကျောက်တုံးကလေးကို ပေးသဖြင့် ယူပြီး လက်ဝါးဖြင့် ကိုင်ကြည့်သောအခါ ရေခဲတုံးတစ်တုံးကဲ့သို့ အေးစက်နေသော အထိအတွေ့ရှိလေသည်။

"ဒီကျောက်က ဘာသုံးလို့ရသလဲ အဘ"

"ဉာဏ်ရှိသလိုသာ သုံးပေတော့ မောင်ရင်လေး၊ အခု မောင်ရင်လေး အဖျားဝင်ပြီး အပူရှိန်တွေ တက်နေတယ် မဟုတ်လား၊ ဒီကျောက်ကို ရေစိမ်သောက်လိုက်ရင် ခဏနဲ့ ပျောက်သွားလိမ့်မယ်"

ဟု ပြောပြသည်။

ထို့နောက် ကျန်တစ်ယောက်က ရေအိုးမှ ရေတစ်ခွက် ခပ်ယူလာပြီး ကျောက်တုံးကလေးကို စိမ်လိုက်သည်။

အတန်ကြာအောင် စိမ်လိုက်သောအခါ ရေမှာ အဖြူရောင်နှင့်အစိမ်းရောင်များ သန်းလာပြီး ရေခဲတမျှ အေးစက်လာသည်။

ထိုရေကို နီမောင်အား ပေးသဖြင့် နီမောင်က ယူပြီး မော့သောက်လိုက်သည်။

ရေခဲရေ သောက်ရသကဲ့သို့ ရင်ထဲမှာ အေးမြသွားလေသည်။ တစ်ကိုယ်လုံး တရှိန်ရှိန် တက်နေသော အပူငွေ့များလည်း လျော့ပါးသွားသလို ခံစားရသည်။

"ကျေးဇူးတင်ပါတယ် အဘရယ်"


www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောသောအခါ ထိုလူကြီးက ကျောက်တုံးကလေးကို နီမောင်အား လှမ်းပေးလိုက်သည်။

"ဒီကျောက်ကလေးကို မင်းယူထားလိုက်ပါ၊ နောက်ပိုင်း ရောဂါဖြစ်နေတဲ့လူတွေ တွေ့တော့လည်း အကူအညီပေးလို့ ရတာပေါ့"

ဟု ပြောသဖြင့် နီမောင်က လှမ်းယူလိုက်သည်။

"မင်းကို ပြောစရာလည်း ရှိသေးတယ်ကွ"

"ဘာများလဲ အဘ"

"တခြားမဟုတ်ဘူး. . . သင်္ဘောမြှုပ်သွားတဲ့ မရဏာဝဲထဲမှာ ငါးရွှေကြီးတစ်ကောင်ရှိတယ်၊ အရင်တုန်းက အဲဒီငါးရွှေကြီးက ဘုရားပျက်ရဲ့အောက်တည့်တည့်မှာရှိတဲ့ လိုဏ်ခေါင်းထဲမှာ နေတယ်၊ အခု ဘုရားပြိုကျသွားတော့ အပြင်ထွက်လာတာ"

ထိုစကားကြားသောအခါ နီမောင်မှာ များစွာအံ့သြသွားလေသည်။

"သူက ဘုရားစောင့်နေတာဆိုတော့ ဒီနေရာက ဘယ်မှသွားမှာမဟုတ်ဘူး၊ အခု သင်္ဘောမြှုပ်ပြီး လူတွေ သေတယ်ဆိုတာကလည်း ရွှေဘုရားကို ပစ်မှားတဲ့လူတွေမို့ သေကြရတာပဲ"

"ဒါဖြင့် သင်္ဘောပျက်က ဘယ်နေရာမှာ ရှိသလဲဟင်"

"ဝဲအလယ်ခေါင်မှာ ရှိတယ်၊ သေသွားတဲ့လူတွေရဲ့ အလောင်းတွေလည်း အဲဒီမှာပဲ ရှိကြတယ်၊ သူတို့ဝိညာဉ်တွေလည်း မကောင်းဆိုးဝါးဘဝတွေနဲ့ ဒီနေရာတဝိုက်မှာပဲ ရှိနေကြ





တယ်"

"ဟင်"

"တကယ်လို့ နောက်ထပ် ဝဲထဲကို ဆင်းဖို့ ကြိုးစားရင်လည်း သေကြဦးမှာပဲ၊ ဒီတော့ မင်းအနေနဲ့ ဘယ်လိုအကြောင်းမျိုးနဲ့မှ မရဏာဝဲထဲကို မဆင်းဖို့ လာပြီးသတိပေးတာပဲ"

"ဟုတ်. . ဟုတ်ကဲ့ပါ"

"မင်း ရေထဲ ဆင်းပြီး ဘုရားကယ်တုန်းက ဘာ အန္တရာယ်မှ မတွေ့တာက အားလုံးက ဝိုင်းပြီးစောင့်ရှောက်ပေးကြလို့ပါ"

"ဘယ်သူတွေက စောင့်ရှောက်ကြတာလဲဟင်"

"ဘုရားနဲ့ သက်ဆိုင်တဲ့ ပရလောကသားတွေက စောင့်ရှောက်ကြတာပေါ့၊ တကယ်လို့ မကောင်းတဲ့လူတွေကို အကူအညီပေးတဲ့အနေနဲ့ ဝဲထဲ ဆင်းရင်တော့ မင်းလည်း အသက်ချမ်းသာရာ ရမယ်မထင်ဘူး၊

ငါတို့ မှာတာတွေ မမေ့နဲ့. . . ကြားလား"

"ဟုတ်. . . ဟုတ်ကဲ့"

ထို့နောက် လူကြီးနှစ်ယောက်က သူ့ကို နှုတ်ဆက်ကာ ထပြန်သွားကြလေတော့သည်။

နီမောင်လည်း သူတို့ကျောက်တုံးကလေးကို အသေအချာ ကြည့်နေရင်း သူ့လို ဉာဏ်တစ်ထွာတစ်မိုက်နှင့် လိုက်မမီနိုင်သော အဖြစ်အပျက်များကို အံ့သြနေမိလေသည်။

မည်သို့ပင်ရှိစေ. . .။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ကိုယ်အပူရှိန်များ တက်နေရာမှ ကျောက်အမြုတေ စိမ်ထားသောရေကို သောက်လိုက်မှ အတော်အတန် သက်သာသွားသည်ကိုတော့ သတိပြုမိလေသည်။

နေ့လည်ဘက် ဦးဗန်ကောင်းက ဆေးတိုက်ရန် ရောက်လာသောအခါ နီမောင်အခြေအနေကို ကြည့်ပြီး အံ့ဩသွားဟန်ရှိလေသည်။

"မင်းကိုယ်မှာ အပူငွေ့တောင် မရှိတော့ပါလား၊ ဘာဆေးတွေ သောက်ပြီးလို့များ ဒီလောက်မြန်မြန်ပျောက်သွားရတာလဲ"

ဟု မေးသောအခါ နီမောင်က လူကြီးနှစ်ယောက် ပေးသော ကျောက်အမြုတေကို ပြရင်း အကျိုးအကြောင်း ပြောပြလိုက်သည်။

ဦးဗန်ကောင်းက ကျောက်အမြုတေကို အသေအချာကြည့်ရင်း ခေါင်းတညိတ်ညိတ်နှင့် သဘောပေါက်သွားဟန်ရှိလေသည်။

"ဩော်. . . ဒါကြောင့်ကိုး၊ မင်းကတော့ စေတနာကောင်းလို့ စေတနာကံရဲ့အကျိုးပေးပြီနဲ့ တူပါတယ်"

"ဘာဖြစ်လို့လဲ အဘရဲ့"

"ဒီကျောက်မျိုးဆိုတာ တစ်သက်မှတစ်ခါ တွေ့ရခဲတဲ့ အမြုတေကျောက်ပဲ၊ သိဒ္ဓိနဲ့ ပြည့်စုံတဲ့ အမြုတေကျောက်ရှစ်ပါး ထဲမှာ တစ်မျိုးပါတယ်ကွာ"

"အမြုတေကျောက်ရှစ်ပါးဆိုတာ ဘယ်လိုဟာမျိုးတွေလဲ အဘ"





ထိုအခါ ဦးဗန်ကောင်းက ၎င်းမှတ်ထားသော အမြုတေကျောက်ရှစ်ပါးတို့ကို ပြောပြလေသည်။

သာရတ္ထသင်္ဂဟကျမ်း၌ ဖော်ပြထားသော ကျောက်အမြုတေ သို့မဟုတ် ပုလဲဟု ခေါ်သော အမြုတေရှစ်ပါးတို့မှာ အောက်ပါအတိုင်းဖြစ်လေသည်။

(၁) တတ္ထိကုမ္ဘ ဟုခေါ်သော ရွှေရောင်အဆင်းရှိသည့် ဆင်၏ဦးကင်း၌ ဖြစ်သော ပုလဲ၊

(၂) ဝရာဟဒါဠ ဝက်စွယ်အဆင်းရှိသည့် ဝက်၏အစွယ်၌ ဖြစ်သောပုလဲ၊

(၃) ဝဠာဟကံ တိမ်တိုက်အတွင်း၌ ဖြစ်သော နတ်ဒေဝတာများသာ အသုံးပြုနိုင်သော ရတနာပုလဲ၊

(၄) ဘူဇင်္ဂသီသံ စိမ်းညိုရောင် တောက်ပသည့် မြွေ၏ဦးခေါင်းမှ ဖြစ်သောပုလဲ၊

(၅) သင်္ခေါ ခရုသင်း၌ ဖြစ်သောပုလဲ. . ၊

(၆) သိပ္ပိ အဆင်းအရောင် ထူးထူးထွေထွေဖြစ်သည့် ယောက်သွား၌ ဖြစ်သောပုလဲ၊

(၇) ဝေဠု စပျစ်သီးအစိမ်းရောင်ရှိသည့် ဝါး၌ ဖြစ်သောပုလဲ၊

(၈) မစ္ဆသီရော ငါး၏ဦးခေါင်း၌ ဖြစ်သောပုလဲ

ဟူ၍ အဋ္ဌရှစ်ပါးရှိလေသည်။

၎င်းတို့ကို သိဒ္ဓိရှိသော ကျောက်အမြုတေရှစ်ပါးဟု



www.burmeseclassic.com

www.burmeseclassic.com



လည်း ခေါ်ကြသည်။

ဝဋ္ဋာဟက်တိမ်တိုက်မှဖြစ်သော နတ်တို့သာ အသုံးပြုနိုင်သောပုလဲမှလွဲ၍ ကျန်ပုလဲတို့မှာ ထိုက်သူတို့ သုံးစွဲနိုင်ခွင့်ရလေသည်။

"အဲဒီပုလဲရှစ်မျိုးရှိတဲ့အနက် မင်းလက်ထဲမှာ အခုရထားတဲ့ အမြုတေကျောက်က မစ္ဆသိရော ငါးဦးခေါင်းမှာ တည်တဲ့ ကျောက်အမြုတေပဲ၊ ဒါကြောင့် ဒီလောတ်အစွမ်းထက်တာပေါ့ကွာ"

"ဒီလိုပစ္စည်းမျိုးက ကျွန်တော့်လို သားငါးရှာနေတဲ့လူမျိုးနဲ့ မထိုက်ပါဘူး၊ အဘပဲ ယူသွားပါ"

ဟု ပေးသောအခါ ဦးဗန်ကောင်းက ပြုံး၍ ခေါင်းခါပြသည်။

"ဒီပစ္စည်းမျိုးက ပေးချင်တိုင်းပေး၊ ယူချင်တိုင်းလည်း ယူလို့မရဘူး၊ ကိုယ်နဲ့ ထိုက်မှ သုံးခွင့်ရတာ၊ မင်းက စေတနာရှိလို့ ပေးပေမယ့် ငါနဲ့ မထိုက်တဲ့ပစ္စည်းဆိုရင် ငါ့လက်ထဲ ရောက်တာနဲ့ ချက်ချင်းပြန်ပျောက်သွားမှာပေါ့"

ဟု ပြောကာ နီမောင့်လက်ထဲသို့ ပြန်ထည့်ပေးသည်။

"ကျွန်တော်က ဒီအကြောင်းတွေ ဘာမှမသိတာ၊ ဘယ်လိုသုံးရမလဲ အဘ"

"အချိန်တန်တော့ ဘယ်လိုသုံးရမယ်ဆိုတာ မင်းသိလာလိမ့်မယ်၊ အခုတော့ သေသေချာချာသာ သိမ်းထားပေတော့၊ ကဲ. . . မင်းကို ဆေးတိုက်စရာ မလိုတော့ဘူးဆိုတော့ ငါပြန်





လိုက်ဦးမယ်"

ဟု ပြောဆိုကာ ဦးဗန်ကောင်းက ပြန်သွားလေတော့သည်။

နီမောင်မှာ ထူးဆန်းစွာ ရသော ကျောက်အမြုတေကလေးကို ကြည့်နေရင်း ဆန်းကြယ်လှသောအဖြစ်အပျက်များအကြောင်းကို တွေးတောနေမိသည်။

သို့သော် မနက်ပိုင်းအချိန်တွင် တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူနေသော ကိုယ်အပူရှိန်များမှာ ကျောက်အမြုတေစိမ်ထားသော ရေတစ်ခွက် သောက်ရုံနှင့် လူကောင်းပကတိအတိုင်း ပြန်ဖြစ်သွားသည်က အံ့ဩစရာဖြစ်သည်။

နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် နီမောင်အနေနှင့် မည်သို့မျှ မျှော်လင့်မထားသောသူတစ်ဦး ရောက်လာလေသည်။ ခင်အေးမူပင်ဖြစ်သည်။

ခင်အေးမူသည် သူကြီးဦးနေဒွန်း၏သမီးဖြစ်ပြီး တစ်ကြိမ်တစ်ခါမှ ယခုကဲ့သို့ လာရောက်ခြင်း မရှိပေ။

နီမောင်က မမျှော်လင့်ဘဲ ခင်အေးမူကို မြင်ရသောကြောင့် အံ့ဩခြင်းနှင့်အတူ ထိတ်လန့်မှုလည်း ဖြစ်သွားမိသည်။

"နီမောင်. . . နင်နေကောင်းသွားပြီလား"

ခင်အေးမူက အိမ်ပေါ် တက်လာရင်း မေးသည်။

"အင်း. . နည်းနည်းတော့ ကောင်းသွားပါပြီ၊ ဘာကိစ္စရှိလို့ လာတာလဲဟင်"

"နင့်ကို တောင်းပန်စရာလည်း ရှိလို့၊ နောက်ပြီး နေ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတာ သတင်းကြားလို့ သတင်းမေးရင်းနဲ့ လာတာပါ"

"ငါ့ကို ဘာတောင်းပန်မှာလဲဟင်"

"တခြားတော့ မဟုတ်ပါဘူး၊ ဟိုတလောက အဖေက နင်တို့ကို အထင်လွဲပြီး ဖမ်းထားခဲ့တာလေ၊ အဲဒီအတွက် တောင်းပန်ချင်လို့ပါ၊ အဖေလည်း အဲဒီလို လုပ်မိတဲ့အတွက် စိတ်မကောင်းဖြစ်နေတယ်"

ထိုစကားပြောနေစဉ်မှာ ခင်အေးမူမျက်နှာပေါ်မှာ တကယ်ပင် စိတ်မကောင်းသည့် အမူအယာမျိုး ပေါ်နေသော်လည်း နီမောင်ကတော့ စိတ်ထဲက မယုံကြည်ပေ။

ခင်အေးမူအနေနှင့် အကြောင်းတစ်ခုရှိသဖြင့်သာ ထိုသို့ပြောနေသည်ဟု ထင်လိုက်မိသည်။

"ရပါတယ်ဟာ. . တောင်းပန်စရာ မလိုပါဘူး"

"ဘယ်ဟုတ်မလဲဟ. . . နင်က မကောင်းတာ လုပ်တာမှ မဟုတ်တာ၊ ရွာအတွက် ကောင်းတဲ့ကိစ္စ လုပ်ပေးရင်းနဲ့ အခုလို ခံရတာ နစ်နာတာပေါ့၊ ဒီအတွက် ငါကပဲ တောင်းပန်ပါတယ်ဟာ"

ဟု ပြောသည်။

တကယ်တော့ ခင်အေးမူသည် သူကြီးသမီးလည်းဖြစ်၊ ရုပ်ရည်လည်း အသင့်အတင့်ရှိပြီး မာန်မာနကြီးသူတစ်ယောက်ဖြစ်မှန်း ကောင်းစွာသိထားသောကြောင့် ထိုကဲ့သို့ လာပြောနေခြင်းအတွက် အံ့သြမိသည်။

"တောင်းပန်စရာ မလိုပါဘူးဟာ၊ ပြီးတဲ့ကိစ္စလည်း ပြီးပြီ





ဆိုတော့ ငါ့စိတ်ထဲမှာ ဘယ်လိုမှလည်း သဘောမထားတော့ပါဘူး"

"နင့်အကြောင်းကို ငါသိပါတယ် နီမောင်ရယ်၊ နင်က သဘောကောင်းတဲ့လူ ဆိုတော့ တဖက်သားအပေါ်မှာ အာဃာတ မရှိဘူးဆိုတာလည်း ငါသိပါတယ်၊ ဒီအတွက်လည်း ဝမ်းသာပါတယ်ဟာ၊ အော်. . . ဒီမှာ နင်နေကောင်းရင် စားဖို့ ခါတ်စာနဲ့ နင့်အတွက် ပုဆိုးနဲ့အင်္ကျီ"

ဟု ပြောကာ သူမ ယူလာသောအထုပ်ကို နီမောင်ရှေ့မှာ ချပေးလေသည်။

"ငါ့အတွက် ဒါတွေမလိုပါဘူး ခင်အေးမူရယ်၊ နင်ယူလာတဲ့ပစ္စည်းတွေကို ပြန်သာ ယူသွားပါတော့"

"ဘယ်ဟုတ်ပါ့မလဲ နီမောင်ရယ်၊ အဖေနဲ့အမေကပါ ပေးခိုင်းလိုက်တာဆိုတော့ ပြန်ယူသွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ ယူသာ ထားလိုက်ပါဟာ"

ဟု ပြောကာ ဇွတ်အတင်း ပေးနေသောကြောင့် နီမောင်မှာ မငြင်းသာအောင် ရှိတော့သည်။

"နီမောင်. . . နင့်ကို ငါ တစ်ခုလောက် အကူအညီတောင်းချင်တယ်"

"ဘာများလဲ"

"နင် နေကောင်းလာရင် ငါ့ကို တစ်ခုလောက် အကူအညီပေးပါလားဟင်"

"ဘာအကူအညီပေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတလောက ဝဲထဲမှာ ယူဘီနစ်သွားတဲ့ကိစ္စလေ၊ အဲဒါ ဘယ်သူမှ ဆယ်လို့မရဘူးဖြစ်နေတယ်၊ အဲဒီဝဲထဲကိုလည်း ဘယ်သူမှ မဆင်းဝံ့ဘူး ဖြစ်နေတော့ အခုထိ ဆယ်လို့မရကြသေးဘူး၊

အဲ. . . အဲဒါ နင်နေကောင်းလာရင် ဆယ်ပေးနိုင်မလားဟင်"

ယခုမှ ခင်အေးမူ ရောက်လာသောရည်ရွယ်ချက်ကို ကောင်းစွာသိရလေတော့သည်။

ထို့အတူ အတော်ကလေးလည်း စိတ်ပျက်သွားမိလေသည်။ မနေ့က ကျောက်အမြဲတေ လာပေးသွားသော လူမည်းကြီးနှစ်ယောက်ကလည်း မည်သည့်အကြောင်းနှင့်မှ မရဏဝဲအတွင်း မဆင်းကြရန် အတန်တန် မှာသွားကြသေးသည်။

"ခင်အေးမူ. . . ငါက လူဆင်းရဲပေမယ့် စိတ်ထားမဆင်းရဲပါဘူး၊ နင်တို့နဲ့ငါက တစ်ရွာတည်းသားတွေပဲ၊ အကြောင်းရှိရင် အကူအညီပေးရမယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် လောလောဆယ် ငါလည်း နေမကောင်းသေးတော့ နင်တောင်းတဲ့အကူအညီကို မပေးနိုင်တာကို ခွင့်လွှတ်ပါဟာ"

ဟု ပြောလိုက်သောအခါ ခင်အေးမူမှာ မျက်နှာ ကွက်ကနဲ ပျက်သွားလေသည်။

"နင်မကူညီရင်တော့ အဖေပါ အလုပ်ပြုတ်မယ့်ကိန်းရောက်နေတယ်ဆိုတော့ နင်နေကောင်းလာရင်တော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ အကူအညီပေးပါ နီမောင်ရယ်၊ ငါတောင်းပန်ပါတယ်"





ဟု အသံကလေး တုန်တုန်ရီရီနှင့် ပြောဆိုတောင်းပန်ပြီးနောက် နီမောင်အိမ်မှ ပြန်သွားလေသည်။

နီမောင်ကတော့ အလှည့်အပြောင်းမြန်လှသော သူ့ဘဝအခြေအနေများနှင့် ပတ်သက်၍ နားမလည်သေးသော်လည်း ယခု မျက်စေ့နှင့် မြင်နေရသော အခြေအနေများကပင် သူ့အတွက် သံဝေဂ ယူစရာကဲ့သို့ ဖြစ်နေသဖြင့် သက်ပြင်းတစ်ချက်ကို လေးတွဲ့စွာ ချလိုက်လေသည်။

ခင်အေးမူမှာ မျက်စိမျက်နှာမကောင်းစွာဖြင့် အိမ်ပြန်သွားရာ အိမ်သို့ ပြန်ရောက်သောအခါ ဌာနအုပ်ဘဒန်နှင့် သူကြီးဦးနေဒွန်းတို့က ပျာပျာသလဲ ဆီးမေးကြသည်။

"နီမောင်နဲ့ တွေ့ခဲ့လား သမီး"

"တွေ့ခဲ့ပါတယ် အဖေ"

"သဘော်မြုပ် ဆယ်ဖို့ကိစ္စ ဘာပြောလိုက်သလဲဟင်"

"အခုတော့ နီမောင်က အတော်ကလေး နေမကောင်းဖြစ်နေတော့ သူလုပ်ပေးနိုင်မှာ မဟုတ်ဘူး အဖေ"

"ဒုက္ခပါပဲဟာ. . . ဒီသဘော်ကို ဘယ်လိုဆယ်ရပါ့မလဲ"

ဟု ဦးနေဒွန်းက လွန်စွာစိတ်ပျက်သောအမူအယာနှင့် ညည်းညူလိုက်လေသည်။

ထိုအခါ ဌာနအုပ်ဦးဘဒန်က. . .

"သူကြီး. . . အခုလိုဖြစ်ရတာ ခင်ဗျားစခဲ့တဲ့ဇာတ်ကြောင့်ပဲဗျ၊ ခင်ဗျားအကူအညီတောင်းတုန်းက ကျုပ်အစွမ်းကုန်



www.burmeseclassic.com

www.burmeseclassic.com



အကူအညီ ပေးထားခဲ့တယ်နော်၊

အခုကိစ္စက သိပ်အရေးကြီးတယ်၊ သဘော်ာမြုပ်ကို မဆယ်နိုင်ရင် ကျုပ်လည်း အလုပ်ပြုတ်၊ ခင်ဗျားလည်း သူကြီး ရာထူးရတော့မှာ မဟုတ်ဘူး"

ဟု ပြောရာ ပို၍စိတ်ညစ်သွားလေသည်။

"ခက်တာပဲ ဦးဘဒန့်ရယ်၊ ကျုပ်လည်း အစွမ်းကုန် ကြိုးစားတာ ခင်ဗျားအမြင်ပဲ မဟုတ်လား၊ ဒါပေမယ့် ရေထဲ ဆင်းရင် ကျိန်းသေ သေမယ်မှန်း သိနေတာ ဘယ်သူဆင်းဝံ့ပါ့ မလဲဗျာ"

"ဒီလိုတော့ မဖြစ်ဘူး၊ ရွာသားတွေကို သေနတ်ပြပြီး အတင်းအဓမ္မ ခိုင်းတန်ခိုင်းရမှာပဲ"

"အခု ဒီလိုလုပ်လို့ မရတော့ဘူးဗျ၊ ရွာသူရွာသားတွေက ကျုပ်တို့စကားဆိုရင် ဘယ်သူမှ နားမထောင်ကြတော့ဘူး၊ ခင်ဗျား ခိုင်းလည်း ဘယ်သူမှ လုပ်ကြမှာ မဟုတ်ဘူး"

ဟု ပြောလိုက်ရာ ဌာနအုပ်ဘဒန်လည်း မှိုင်တွေချသွား လေတော့သည်။





အခန်း(၁၄)

## သရဲစီးတဲ့ အကသိုလ်သမား

နောက်တစ်ပတ်ခန့်ကြာသောအခါ မုံးချောင်းရွာသို့ ရန်ကုန်မြို့မှ စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ ရောက်လာကြသည်။

၎င်းတို့သည် မုံးမြစ်အတိုင်း သဘော်ာတစ်စင်းဖြင့် ဆန် တက်လာကြခြင်းဖြစ်သည်။

မုံးချောင်းရွာသို့ရောက်သောအခါ သဘော်ာကို ရွာထိပ် ဆိပ်ကမ်း၌ ကပ်ထားပြီး ဘုရားပြိုကျသောနေရာသို့ သွားရောက် ကြည့်ရှုကြလေသည်။

သုတေသနအဖွဲ့တွင် မြန်မာလူမျိုးအတော်များများ



www.burmeseclassic.com

www.burmeseclassic.com



ပါကြရာ ထိုအထဲမှာ သုတေသနအဖွဲ့ကို ခေါင်းဆောင်လာသူမှာ အခြားသူ မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်ပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ဘုရားပြိုကျရာနေရာကို အသေအချာ စစ်ဆေးကြည့်ပြီးသောအခါ ရွာသားများကို မေးလေသည်။

"ဘုရားဟောင်းကြီး ပြိုကျသွားတော့ အဲဒီနေရာက ထူးထူးခြားခြား ဘာများ တွေ့ရသလဲ"

"ရွှေနဲ့ သွန်းလုပ်ထားတဲ့ ရုပ်ပွားတော်တစ်ဆူ တွေ့ရပါတယ်"

"အခု အဲဒီရုပ်ပွားတော်ကို ဘယ်မှာ ထားကြသလဲ"

"သူကြီးသိမ်းယူသွားပါတယ်"

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်အပါအဝင် စစ်ဆေးရေးအဖွဲ့ဝင်များက သူကြီးဦးနေဒွန်းအိမ်သို့ သွားကြလေသည်။

သူကြီးဦးနေဒွန်းနှင့် တွေ့သောအခါ ဒေါက်တာမင်းထင်ကျော်က မေးလေသည်။

"ကျွန်တော်တို့က ရန်ကုန်က လာတဲ့ စစ်ဆေးရေးအဖွဲ့ပါ၊ သုတေသနအဖွဲ့ဝင်တွေလည်း ပါ,ပါတယ်၊ အခု ဒီကို လာတဲ့ ကိစ္စကတော့ ရှေးဟောင်းရုပ်ပွားတော်တစ်ဆူဖြစ်တဲ့ ရွှေရုပ်ပွားတော်ကို စစ်ဆေးကြည့်ရှုပါပဲ၊ ဒါကြောင့် ရွှေရုပ်ထုတော်ကို ကြည့်ချင်ပါတယ်"





ထိုစကားကြားသောအခါ ဦးနေဒွန်းမှာ များစွာတုန်လှုပ်သွားလေသည်။

"ရွှေရုပ်ထုကို ကြည့်ပြီးတော့ ဘာလုပ်မှာလဲဟင်"

"ကျွန်တော်တို့ စစ်ဆေးကြည့်လို့ ရှေးဟောင်းပစ္စည်းမှန်တယ်ဆိုရင် သိမ်းယူသွားပြီး သင့်တော်တဲ့နေရာမှာ ထားရမှာပါ"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် ဦးနေဒွန်းမှာ မျက်နှာပျက်သွားသည်။

"ကျုပ်လည်း ဘာပစ္စည်းမှန်းတော့ မသိပါဘူး၊ ဒါပေမယ့် အရေးကြီးတဲ့ပစ္စည်း မှတ်လို့ ပျောက်ပျက်မှာစိုးတာနဲ့ သေသေချာချာ သိမ်းထားပါတယ်"

ဟု ပြောဆိုကာ ၎င်းသိမ်းထားသောနေရာသို့ ခေါ်သွားလေသည်။

ထိုနေရာမှာ ရွာအစွန်ဘက်ရှိ ခြံကျယ်ကြီးတစ်ခြံအတွင်း၌ ရှိသော အိမ်ဟောင်းတစ်လုံးရှိသောနေရာပင်ဖြစ်၏။

ထိုနေရာသို့ ရောက်သောအခါ အိမ်ရှေ့တွင် အံ့သြဖွယ်ရာမြင်ကွင်းကို တွေ့မြင်ကြရသည်။

အခြားမဟုတ်ပေ။

ဦးနေဒွန်း အစောင့်ထားသော လူသုံးယောက်မှာ လက်ပြန်ကြိုးအတုပ်ခံရပြီး ပါးစပ်မှာလည်း အဝတ်စည်းထားသဖြင့် မလှုပ်နိုင်အောင် ရှိနေကြသည်။

"ဟင်. . . ဘယ်လိုဖြစ်တာလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေဒွန်းက အစောင့်များကို ကြိုးများ ဖြေပေးလိုက်ပြီးနောက် အကျိုးအကြောင်း မေးကြည့်သောအခါ လူတစ်ယောက်က ပြောပြလေသည်။

"ညတုန်းက သူပုန်တွေ ရောက်လာပြီး ကျုပ်တို့ကို အခုလို ကြိုးနဲ့ တုပ်ပြီးတော့ ရွှေရုပ်တုတော်ကို သယ်ယူသွားကြပြီဗျ"

"ဟာ. . . ဖြစ်ရလေ"

"မင်းတို့ကို သေသေချာချာ စောင့်ဖို့ ငါပြောထားပါလျက်နဲ့ အခုလို ဖြစ်ရတယ်လို့၊ မင်းတို့လေးယောက်စလုံးကိုတော့ ကောင်းကောင်းအပြစ်ပေးရမယ်"

ဦးနေဒွန်းမှာ ဒေါသပုန် ထနေလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ စေ့စပ်သေချာသူတစ်ယောက်မို့ အိမ်ပတ်ဝန်းကျင်နှင့် အိမ်ပေါ်ကို တက်ကြည့်လေသည်။

အိမ်ပေါ်မှာ ရွှေဘုရား ဝှက်ထားသောတံခါးမှာ ပွင့်ရဲ့သာ ပွင့်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က အိမ်ပေါ်မှာ တစ်ယောက်တည်း ရှိနေစဉ် အစောင့်ထားသူတစ်ယောက်ကို လှမ်းခေါ်သဖြင့် တစ်ယောက်တက်လာသည်။

"သူပုန်တွေ ဘယ်ဘက်က လာသလဲ"

"ဟိုဘက်က"

အိမ်အနောက်ဘက်ကို လက်ညှိုးထိုးပြသည်။

"ဘယ်နှစ်ယောက်လောက် ရှိသလဲ"





"ဆယ်ယောက်လောက်တော့ ရှိမယ်ထင်တယ်"

"သူတို့ ဘာနဲ့ လာကြသလဲ"

"ဒီအတိုင်းပဲ လာကြတာပါ"

"ဟုတ်ပြီ. . . မင်းသွားပေတော့"

ထိုလူဆင်းသွားတော့ နောက်တစ်ယောက်ကို လှမ်းခေါ်လိုက်သဖြင့် တစ်ယောက်တက်လာသည်။

"သူပုန်တွေ ဘာနဲ့လာတာလဲ"

"မြင်းတွေနဲ့ပါ"

"ဘယ်ဘက်က လာတာလဲ"

"ဟိုဘက်က ဝင်လာတာပါ"

အိမ်ဘေးဘက်ကို လက်ညှိုးထိုးပြသည်။

"ဘယ်နှစ်ယောက်လောက် ရှိသလဲ"

"ဆယ့်ငါးယောက်လောက် ရှိမယ်"

ဟု ပြောပြန်သဖြင့် ထိုလူကို ပြန်လွှတ်ကာ အဖော်တစ်ယောက် ခေါ်ပြီး အိမ်အနောက်ဘက်သို့ အရင်ဆင်းကြည့်သည်။

မိုးရွာထားသဖြင့် စိုစွတ်နေသောမြေပြင်ပေါ်မှာ မည်သည့်ခြေရာမှ မတွေ့ရပေ။

ထို့နောက် အိမ်ဘေးဘက် လိုက်ကြည့်ပြန်တော့လည်း မြင်းခြေရာ မဆိုထားနှင့်၊ လူခြေရာပင် မတွေ့ရပေ။

သို့နှင့် အိမ်ပတ်ပတ်လည် လိုက်ကြည့်သောအခါ အိမ်ခေါင်းရင်းဘက် တစ်နေရာတွင် တောဘက်သို့ သွားသောလမ်းပေါ်မှာ လူလေးငါးယောက်၏ခြေရာကို လတ်လတ်ဆတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com

တွေ့မြင်ရလေသည်။

ဒေါက်တာမင်းထင်ကျော်က ပတ်ဝန်းကျင် အခြေအနေများကို အသေအချာ ကြည့်ရှုမှတ်သားပြီးမှ ပြန်လာသည်။

ဦးနေဒွန်းကတော့ လွန်စွာစိတ်မကောင်းသောလေသံဖြင့်. . .

"စိတ်မကောင်းလိုက်တာ ဆရာရယ်၊ ဒီနယ်မှာ သူပုန်တွေက သိပ်သောင်းကျန်းတာဆိုတော့ ကျုပ်တို့လည်း သူတို့ကို မတားဆီးနိုင်ဘူးဖြစ်နေတယ်"

ဟု ပြောသည်။

"ကိစ္စမရှိပါဘူး. . . အဲဒီသောင်းကျန်းသူတွေကို ကျွန်တော်တို့ စုံစမ်းပြီး တစ်ခါတည်း ရှင်းပေးခဲ့ပါ့မယ်"

ထိုစကားကြားသောအခါ ဦးနေဒွန်းမှာ များစွာအံ့သြသွားလေသည်။

"ဟင်. . . ဆရာတို့က သောင်းကျန်းနေတဲ့သူပုန်တွေကို နှိမ်နင်းပေးမယ် ဟုတ်လား၊ အခုလာတဲ့လူလောက်နဲ့ ရပ့်မလား"

"ရပါတယ်. . . စိတ်မပူပါနဲ့"

ဟု ပြောကာ ရွာထဲ ပြန်လာကြလေသည်။

ရွာထဲ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က တစ်ယောက်တည်း ဦးဗန်ကောင်းရှိရာ သွားလေသည်။

ဦးဗန်ကောင်းက ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ ဝမ်းသာသွားဟန်ရှိလေသည်။





"သူတေသနအဖွဲ့နဲ့ မောင်ထင်ကျော် ပါလာမယ်လို့တော့ အထင်လိုက်သားပဲ၊ ကဲ. . လာ. . လာ"

"အဘ ဒီမှာနေရတာ အဆင်ပြေရဲ့လား"

"ဒီလိုပါပဲ ဘယ်နေရာမှာပဲနေနေ အဆင်ပြေအောင်တော့ နေရတာပေါ့၊ ဒါထက် ဘာကိစ္စအတွက် လာကြတာလဲ"

"ရွှေဆင်းတုတော်အတွက် လာတာ အဘ"

"အခြေအနေက ဘယ်လိုလဲ"

"သူကြီးက သူတစ်ယောက်တည်း အပိုင်စီးဖို့ ကြံစည်နေပုံ ရတယ်၊ ရုပ်ပွားတော်ကို သူပုန်တွေ ယူသွားတယ်လို့ လှည့်လွှတ်လိုက်တယ်"

"အဲဒီသူကြီးက လူတွေကို အတော်ဒုက္ခပေးတဲ့သူကြီး မောင်ထင်ကျော်ရဲ့၊ ကျုပ်နဲ့ နီမောင်တို့နှစ်ယောက်တောင် ခံလိုက်ရသေးတယ်၊ အဲဒီရွှေဘုရားကို အပိုင်ယူဖို့ ကြိုးစားရင်းနဲ့ လူတွေလည်း တစ်ယောက်ပြီးတစ်ယောက် သေနေတော့တာပဲ"

"ဒါထက် အဘက ဒီရွာမှာ ရောက်နေတာဆိုတော့ ဘုရားကို ဘယ်ပုံဘယ်နည်း ရခဲ့တယ်ဆိုတာလည်း ကျွန်တော့်ကို ပြောပြပါဦး"

ဟု ပြောသဖြင့် ဦးဗန်ကောင်းက မြေပြို၍ ဘုရားရုပ်ပွားတော် ပေါ်လာသည်မှအစ ယခုအခြေအနေ ရောက်သည်အထိ ပြောပြလိုက်သည်။

"သူကြီးကတော့ ဒီဘုရားကို အပိုင်ရဖို့အတွက် သူပထွေးတွေနဲ့ ပေါင်းပြီး အမျိုးမျိုး ကြံစည်နေတာပေါ့။ အခုလည်း


www.burmeseclassic.com

www.burmeseclassic.com



သူပုန်တွေလက်ထဲ ပါတယ်ဆိုပြီး တစ်နေရာမှာ ဝှက်ထားတာ ဖြစ်ချင်ဖြစ်မှာပါ”

“ဒီလိုပဲ ဖြစ်မှာပါ၊ သူ့တပည့်တွေကို တစ်ယောက်ချင်း ခေါ်မေးတော့ စကားတွေက တစ်ယောက်တစ်မျိုးနဲ့ လွဲနေတယ်၊ ဒါပေမယ့် ကျွန်တော်မပြန်ခင် အဖြေပေါ်အောင် ကြိုးစားခဲ့မှာပါ၊ ဒါပေမယ့် နီမောင်ရဲ့အကူအညီ ပါမှ ဖြစ်မယ်၊ ကျွန်တော်တို့ သူနဲ့ တွေ့ကြရအောင် အဘ”

ဟု ပြောဆိုကာ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန် ကောင်းတို့သည် နီမောင်ရှိရာသို့ သွားကြလေသည်။

ထိုအချိန်တွင် သူကြီးဦးနေဒွန်းမှာလည်း ရုပ်ပွားတော် ဝှက်ထားသော အိမ်အဟောင်းအတွင်း၌ ၎င်း၏တပည့်များအား ဆူပူကြိမ်းမောင်းလျက်ရှိလေသည်။

“မင်းတို့ လုပ်လိုက်ရင် ဘယ်တော့မှ မသေသပ်ဘူး၊ အခု တစ်ယောက်တစ်မျိုး လျှောက်ပြောနေတော့ ဟိုက ရိပ်မိသွားပြီပေါ့”

“ကျုပ်တို့ကလည်း ဒီလိုခေါ်မေးမယ်မှန်း ကြိုမှ မသိရ တော့ တစ်ယောက်နဲ့တစ်ယောက် စည်းဝါးမကိုက်ဖြစ်တော့ဘူး ပေါ့၊ ဒါထက် အဲဒီလူက စုံထောက်လား”

“ငါလည်း ဘယ်သိမှာလဲ၊ ငါတို့ဝှက်ထားတဲ့ရွှေရုပ်တုကို တွေ့လို့ကတော့ တစ်ခါတည်း သိမ်းယူသွားမှာ အမှန်ပဲ”

“ဒီတော့ အချိန်မဆွဲတော့ဘဲ အမြန်ဆုံး ဖျောက်ဖျက် လိုက်ရင် မကောင်းဘူးလား”





“ဒီအချိန်မှာ လုပ်လို့မဖြစ်သေးဘူး၊ ပုလိပ်တွေရော အခုရောက်လာတဲ့လူတွေကပါ မျက်လုံးဒေါက်ထောက်ပြီး စောင့်ကြည့်နေကြတာကွ၊ အခုအချိန်မှာ ဟန်မပျက် နေတာ အကောင်းဆုံးပဲ”

“ကျုပ်တို့သဘော ပြောရရင်တော့ သူကြီးက ရွာမှာပဲ ဟန်မပျက် နေပေါ့၊ ကျုပ်တို့က ရွှေရုပ်ထုကြီးကို တောထဲ သယ် သွားပြီး အရည်ကျိုပစ်လိုက်မယ်ဗျာ၊

ပြီးတော့မှ အပုံးတွေအပိုင်းတွေ လုပ်ပြီး ဝှက်ထား လိုက်ရင် သူတို့လည်း မသိတော့ဘူးပေါ့”

ထိုစကားကြားသောအခါ ဦးနေဒွန်းက အတန်ကြာ အောင် စဉ်းစားနေလေသည်။

ပြီးမှ. . .

“အေး. . . မင်းတို့ ပေးထားတဲ့အကြံလည်း အကောင်း သားပဲကွ၊ အဲဒီလိုလုပ်ပြီး ငါတို့လည်း ဒီရွာက တစ်ခါတည်း ခြေရာဖျောက်ပြေးမှဖြစ်တော့မယ်”

ဟု ပြောဆိုတိုင်ပင်ကာ ရွာထဲမှ အိမ်သို့ ပြန်ခဲ့လေ သည်။ ယခုအခါ အိမ်၌ ဌာနအုပ်ဘဒန်တို့လည်း မရှိကြတော့ ပေ၊ ရေအောက်မှာ မြုပ်နေသောသင်္ဘောကို ဘယ်နည်းနှင့်မှ ဖော်မရမှန်း သိသောအခါ ထိုအကြောင်းကို ရာဇဝတ်ဝန်ကြီးထံ သို့ အစီအရင်ခံစာ တင်ရန် မြို့သို့ ပြန်သွားကြသည်။

ရန်ကုန်မှ လာသော သုတေသနအဖွဲ့၊ စစ်ဆေးရေး အဖွဲ့များကလည်း ၎င်းတို့သင်္ဘောထဲမှာပင် နေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် အခွင့်အရေး ရသလို ဖြစ်နေတော့သည်။

ညအချိန်ရောက်သောအခါ ဦးနေဒွန်းသည် ၎င်း၏ ယုံကြည်စိတ်ချရသောတပည့်များကို ခေါ်၍ ရုပ်ထုတော်ကို ဖျက်ဆီးပစ်ရန်အတွက် လျှို့ဝှက်စွာ တိုင်ပင်ကြလေသည်။

ထိုသို့တိုင်ပင်ရင်းနှင့်ပင် ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာချေပြီ။

ညဉ့်နက်ပိုင်းရောက်တော့ မိုးက တဖွဲဖွဲ ရွာချလာသည်။ အဝေးဆီမှ ခွေးအူသံများကလည်း စူးစူးဝါးဝါး ပေါ်ထွက်လာလေသည်။

ထိုသို့ မိုးတစိမ့်စိမ့် ရွာနေသောအချိန်မျိုးတွင် လူသွားလူလာကလည်း ရှင်းနေသောကြောင့် ဦးနေဒွန်းတို့အတွက် လွတ်လပ်စွာ တိုင်ပင်နိုင်ကြလေသည်။

ထိုအချိန်တွင် သစ်ပင်သစ်ရိပ်များ၏အမှောင်ရိပ်ကို ခိုကာ မည်းမည်းသဏ္ဌာန်တစ်ခု ခြံဝန်းအတွင်းသို့ တရွေ့ရွေ့ ဝင်သည်ကိုတော့ အိမ်ပေါ်မှ လူများက မသိလိုက်ကြပေ။

ပထမတော့ ခြံထဲမှာ မွေးထားသောခွေးများက လူရိပ်မြင်သဖြင့် မာန်ဖီကာ ပြေးသွားကြသေးသည်။

အနားရောက်မှ အနံ့ကို မှတ်မိသွားဟန်ဖြင့် ဘာမှ မလုပ်တော့ဘဲ ပြန်လှည့်လာကြသည်။

ထိုမည်းမည်းသဏ္ဌာန်က အိမ်ဘက်သို့ မလာဘဲ အိမ်နှင့် မလှမ်းမကမ်း ခြံအနောက်ဘက်မှာ ဆောက်ထားသောအိမ်ဘက်သို့ တရွေ့ရွေ့နှင့် သွားနေသည်။





ထိုအိမ်၌ စောမေတစ်ယောက်တည်း နေခြင်းဖြစ်သည်။

စောမေတစ်ယောက်တည်း နေသော်လည်း အိမ်ပေါက်ဝ တံခါးကို မပိတ်ဘဲ စေ့ရုံသာ စေ့ထားလေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

ဦးနေဒွန်း အဆောင်ကူးလာလျှင် အလွယ်တကူ ဝင်နိုင်ထွက်နိုင်အောင် အသင့်ပြုလုပ်ထားခြင်းဖြစ်လေသည်။

မည်းမည်းသဏ္ဌာန်က စေ့ထားသောတံခါးကို အသာတွန်း၍ အတွင်းသို့ ဝင်သွားလေသည်။

အတွင်းခန်း၌ ရေနံဆီမီးအိမ်တစ်လုံး ထွန်းထားသော်လည်း မီးစာကို ချထားသဖြင့် အလင်းရောင်က ခပ်မှိန်မှိန်သာ ရှိနေလေသည်။ စောမေက အတွင်းခန်းမှာ ဘေးစောင်းအနေအထား အိပ်ပျော်နေဟန်ရှိသည်။

မည်းမည်းသဏ္ဌာန် အနားရောက်လာတော့မှ လန့်နိုးလာဟန်ရှိလေသည်။

"ဘယ်သူလဲ"

လေသံခပ်တိုးတိုးဖြင့် မေးလိုက်သည်။

"ဖိုးတေပါ အစ်မရဲ့"

"နင်ဘာလာလုပ်တာလဲ"

"အစ်မက ကျွန်တော့်ကိုတောင် မလာစေချင်တော့ဘူးလား"

"ဟဲ့. . . နင်က လူကောင်းမှ မဟုတ်တော့တာ၊ ရှုးနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ဥစ္စာ"

"ရူးတဲ့အခါလည်းရူး စိတ်ကောင်းဝင်တဲ့အခါလည်း ဝင်နေတာပေါ့၊ အစ်မကို သတိရလာရင်တော့ စိတ်က ပုံမှန်ဖြစ်နေတာပါပဲ"

"ဟုတ်ရဲ့လားဟယ်"

"ဟုတ်ပါတယ် အစ်မရဲ့"

ဟု ပြောကာ စောမေနံဘေးနားမှာ လှဲအိပ်လိုက်သည်။

"ဟယ်. . . နင့်ကိုယ်ကလည်း မိုးရေတွေ စိုပြီး နံစော်နေတာပဲ"

"လူတွေက ကျွန်တော့်ကို အရူးဆိုပြီး ပစ်ထားကြတော့ ဒီလိုပဲ နေရမှာပေါ့၊ အဆိုးဆုံးကတော့ အစ်မယောကျ်ားကြီးပဲ၊ ခိုင်းတုန်းက ခိုင်းပြီး အခုလိုဘဝလည်း ရောက်နေရော ပစ်ထားတော့တာပဲ"

"သူ့အကြောင်းတော့ ပြောမနေပါနဲ့တော့ ဖိုးတေရယ်၊ အစ်မကိုလည်း ဒီလိုပါပဲ၊ ခိုင်းစရာရှိမှသာ သတိရတာပါ၊ ကျန်တဲ့အချိန်ဆိုရင် ဖုတ်လေငပိ ရှိလေတယ်ကို မထင်ပါဘူး၊ သိပ်တစ်ကိုယ်ကောင်းဆန်တဲ့လူကြီးပါပဲ"

"ကဲ. . . သူ့အကြောင်းတွေ ပြောမနေပါနဲ့တော့ဗျာ၊ တွေ့ရခိုက်ကလေးမှာ အရင်တုန်းကလိုပဲ ပျော်ပျော်ပါးပါး နေလိုက်ကြရအောင်"

ဟု ပြောကာ စောမေကိုယ်ကို ဖက်လိုက်လေသည်။

တကယ်တော့ ဖိုးတေနှင့်စောမေမှာ အရင်ကတည်းက





ဦးနေဒွန်း မသိအောင် တိတ်တိတ်ပုန်း ဖောက်ပြန်နေကြသူများဖြစ်လေသည်။

မိုးလေး တစိမ့်စိမ့်နှင့် နှစ်ယောက်သား လွတ်လွတ်လပ်လပ် ပျော်ပါးနေကြစဉ် ၎င်းတို့ နေသောအိမ်အနီးသို့ နောက်ထပ်မည်းမည်းသဏ္ဍာန်တစ်ခုက ချဉ်းကပ်လာလေသည်။

ထိုသို့ချဉ်းကပ်လာသည်ကိုတော့ အိမ်ပေါ်မှ နှစ်ယောက်သား မသိကြပေ။

မည်းမည်းသဏ္ဍာန်က အိမ်ရှေ့မှ ပိတ်ထားသောတံခါးကို မဖွင့်ဘဲ ဒီအတိုင်း အိမ်ထဲ ဝင်လာလေသည်။

၎င်းဝင်လာသည်ကို ပက်လက်အနေအထားရှိနေသော စောမေက မြင်နေရပြီး ဖိုးတေကတော့ ကျောပေးထားသောကြောင့် မမြင်ရပေ။

ထိုမည်းမည်းသဏ္ဍာန်က ဖိုးတေနောက်ဖက်မှာ မားမားကြီး ရပ်နေရာ ၎င်း၏ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကို အတိုင်းသား မြင်ရသဖြင့် မျက်လုံးပြူးသွားလေသည်။

ဖိုးတေကတော့ ကာမဇော တက်နေသောကြောင့် ယခုထိ ထိုအခြေအနေကို မသိသေးပေ။

အနောက်ဘက်မှာ ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီး၏မျက်နှာမှာ သေသွားသော ငထွန်း၏မျက်နှာနှင့် တူနေလေသည်။

"အစ်မကလည်းဗျာ. . . ဘာဖြစ်နေတာလဲ"

"ဟို. . ဟိုမှာ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဗျ"

ဖိုးတေလှည့်ကြည့်တော့ နောက်ဘက်မှာ ဘာမှမတွေ့ရတော့ပေ၊ အဘယ့်ကြောင့်ဆိုသော် ထိုသဏ္ဌာန်ကြီးက ဖိုးတေကိုယ်တွင်းသို့ ဝင်သွားသောကြောင့်ဖြစ်သည်။

ထိုသို့ဝင်သွားပြီး ခဏချင်းမှာပင် ဖိုးတေ၏အမူအယာက ပြောင်းလာလေတော့သည်။

မျက်လုံးများက နီရဲလာပြီး မျက်နှာအမူအယာကလည်း ပြောင်းသွားကာ စောမေကိုယ်ကို ဖက်ထားသောလက်နှစ်ဖက်က လည်ပင်းရှိရာသို့ ရောက်လာသည်။

"ဟဲ့. . . ဖိုးတေ"

စောမေက အလန့်တကြားဖြင့် နေရာမှ ထရန် ကြိုးစားသော်လည်း မရတော့ပေ။

သာမန်ထက် ပိုလေးသော ဖိုးတေကိုယ်ကြီးက အပေါ်မှ ဖိထားသောကြောင့် ထ၍မရတော့ပေ။

"ဟဲ့. . . ဖိုးတေ၊ ဖယ်စမ်း. . . ထစမ်း၊ ငါအော်လိုက်ရမလား"

"အခုမှတော့ ကြောက်မနေနဲ့၊ နင့်လိုမိန်းမမျိုး ရှိနေရင် လူကောင်းတွေ ဒုက္ခရောက်ကြတယ်၊ ဒီတော့ နင့်ကို လူ့ပြည်မှာ မထားတော့ဘူး"

ဟု ပြောကာ သန်မာသောလက်နှစ်ဖက်နှင့် လည်ပင်းကို ညှစ်လေတော့သည်။

"အမယ်လေး. . . ကယ်ကြပါဦးရှင်၊ ဟောဒီမှာ ဖိုးတေ





လာသတ်နေပါတယ်"

စူးစူးဝါးဝါး အော်ဟစ်လိုက်သောအသံကို အိမ်ကြီးပေါ်မှာ ရှိနေသော ဦးနေဒွန်းတို့တတွေက ကြားသွားသဖြင့် သေနတ်နှင့် ဓါးလှံများကို ဆွဲယူပြီး ပြေးဆင်းလာကြလေသည်။

သူတို့ အိမ်အနီးသို့ ရောက်လာသောအခါ အိမ်ပေါ်မှ မည်းမည်းသဏ္ဌာန်ကြီး ဆင်းလာလေသည်။

"ဟင်. . . ဖိုးတေ"

သို့သော် ဖိုးတေမျက်နှာမှာ အရင်မျက်နှာမျိုးတော့ မဟုတ်တော့ပေ။

ကြောက်မက်ဖွယ်မျက်နှာကြီးနှင့် လက်ကြီးနှစ်ဖက်ကို ဆန့်တန်းကာ ရှေ့သို့ တိုးလာသဖြင့် ဦးနေဒွန်းက နှစ်လုံးပြူး သေနတ်နှင့် ချိန်ထားလိုက်သည်။

"ဟေ့ကောင်. . . ရပ်လိုက်စမ်း"

မရတော့ပေ။

မကောင်းဆိုးဝါးစီးနေသော ပုံပန်းသဏ္ဌာန်မျိုးဖြစ်ကာ လူများကို အန္တရာယ်ပြု တိုးမြဲတိုးလာသဖြင့် ဦးနေဒွန်းက နှစ်လုံးပြူးသေနတ်နှင့် ပစ်လိုက်သည်။

"ဒိန်း. ."

ကျည်ဆန်ထိမှန်သဖြင့် နောက်သို့ လန်ကျသွားလေသည်။ ရင်ဘတ်တစ်ခုလုံး ဟောင်းလောင်းပေါက်ကြီး ဖြစ်သွားသည့်တိုင် ပြန်ထလာသောကြောင့် နောက်တစ်ချက် ပစ်လိုက်တော့မှ ငြိမ်ကျသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါမှ အိမ်ပေါ် တက်ကြည့်သောအခါ အိပ်ယာထဲမှာ ပက်လက်အနေအထားနှင့် ဇက်ကျိုး၍ သေဆုံးနေသော စောမေအလောင်းကို တွေ့ကြရသည်။

စောမေတစ်ယောက် ယခုကဲ့သို့ အသေဆိုးနှင့် သေသွားသည်ကို မြင်သောအခါ ဦးနေဒွန်းမှာ များစွာထိတ်လန့်တုန်လှုပ်သွားလေတော့သည်။

အပြင်ဘက်မှာ မိုးက သည်းသည်းမည်းမည်း ရွာချလာလေသည်။





အခန်း(၁၅)

## ကျောက်အမြုတေကို စောင့်ရှောက်နေသူများ

နီမောင်မှာ မုံးချောင်းရွာသို့ ဒေါက်တာမင်းထင်ကျော်တို့ ရောက်လာပြီးနောက်ပိုင်းမှာ တစ်ရက်မှ မနားရဘဲ ရှိလေသည်။ ပျောက်ဆုံးနေသော ရွှေဆင်းတုတော်ကို ပြန်လည်ရရှိရန် လျှို့ဝှက်သောနည်းအမျိုးမျိုးနှင့် စုံစမ်းနေရသောကြောင့်ဖြစ်သည်။

တစ်နေ့တော့ မုံးမြစ်ဘက်မှ ပြန်လာစဉ် ရွာထိပ်တွင် မြလေးမူနှင့် တွေ့ရသည်။

နီမောင်က ခေါင်းငုံ့ပြီး ဆက်လျှောက်သွားရန် ပြင်သောအခါ မြလေးမူက လှမ်းခေါ်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"နီမောင်"

သို့ကြောင့် ရပ်ပြီးလှည့်ကြည့်လိုက်သည်။

မြလေးမူက သူ့အနား လျှောက်လာသည်။

"နင် နေကောင်းသွားပြီလား"

"အင်း. . . အခုတော့ ကောင်းသွားပါပြီ"

"နင်နေမကောင်းဖြစ်နေတုန်းက ငါတို့သူငယ်ချင်းတွေတောင် သတင်းမေးဖို့ လာကြသေးတယ်၊ ဒါပေမယ့် သူကြီးသမီးခင်အေးမူ ရောက်နေတာ တွေ့လို့ မဝင်တော့ဘဲ ပြန်သွားကြတာ၊ သူက ဘာလာလုပ်တာလဲဟင်"

"သူလည်း သတင်းလာမေးတာပါ"

"နင့်ကို သူကြီးသမီးကတောင် သတင်းလာမေးတယ်ဆိုတော့"

"သူက တခြားကိစ္စလည်း ရှိလို့လာတာပါ။ ငါ့ဆီက သတင်းမေးရုံသက်သက် လာတာမဟုတ်ပါဘူး"

ထိုစကားကြားသောအခါ မြလေးမူက တစ်ချက်ပြုံးလိုက်သည်။

"ဒါထက် နင့်ကို ငါတောင်းပန်စရာရှိသေးတယ်"

"ဘုရားပွဲတော်တဲ့နေ့က လူကြားထဲမှာ နင့်ကို အရှက်ရအောင် လုပ်မိသလို ဖြစ်သွားခဲ့တဲ့အတွက် ငါတောင်းပန်ပါတယ်"

"ရပါတယ်ဟာ. . . တောင်းပန်စရာ မလိုပါဘူး၊ ဒီအတွက် ငါ့စိတ်ထဲမှာ ဘယ်လိုမှ သဘောမထားပါဘူး၊ နောက်ပြီး နင့်အဆင့်မျိုးနဲ့ ငါ့ကို တောင်းပန်စရာလည်း မလိုပါဘူး"





ထိုစကားကြောင့် မြလေးမူမျက်နှာ ကွက်ကနဲတစ်ချက်ပျက်သွားလေသည်။

"နင် ငါ့အပေါ်မှာ ဘယ်လောက်စိတ်မကောင်း ဖြစ်နေမယ်ဆိုတာ ငါသိပါတယ်၊ ငါထပ်ပြီးတောင်းပန်ပါတယ် နီမောင်ရယ်"

"ငါက ဒီသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး၊ အစကတည်းက နင့်အပေါ်မှာ ငါ စိတ်မဆိုးခဲ့ပါဘူး၊ ငါနဲ့ အခုလိုပြောဆိုနေတာ တွေ့ရင် တခြားလူတွေက နင့်အပေါ်မှာ အထင်အမြင်သေးမှာစိုးလို့ ပြောတာပါ"

"အစတုန်းကတော့ ငါလည်း အဲဒီလိုပဲ စိတ်ထဲမှာ ထင်နေမိခဲ့တာ၊ သေသေချာချာ စဉ်းစားကြည့်တော့မှ လူ့ဘဝမှာ အဓိက အကျဆုံး၊ တန်ဖိုးအရှိဆုံးက ဂုဏ်ပကာသနတွေ မဟုတ်ဘဲ စိတ်ထားဖြူစင်ဖို့နဲ့ ကိုယ်ကျင့်တရားကောင်းဖို့ပဲဆိုတာ ငါသိလာရတယ်"

"မြလေးမူရယ်. . . နင် အခုလို အမြင်မှန်ရလာတာ ငါဖြင့် သိပ်ပြီးဝမ်းသာပါတယ်ဟာ"

"နောက်ပြီး အဖေကလည်း နင့်အကြောင်းကို ခဏခဏ ပြောနေတယ်"

"ဘာတွေများ ပြောနေလို့လဲ"

"ဩော်. . . တခြားမဟုတ်ပါဘူး၊ နင်က ဘဝပေးကံမကောင်းလို့ ဆင်းရဲနေပေမယ့် စိတ်ထားကောင်းတဲ့အကြောင်းနဲ့ အရေးအကြောင်းရှိလာရင် အားကိုးရတယ်ဆိုတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတယ်”

“မရဏာဝဲထဲ ဆင်းပြီး ဘုရားရုပ်တုတော် ဆယ်ပေးတာကြောင့် ပြောတာဖြစ်မှာပေါ့ဟာ”

နီမောင်က ပေါ့ပေါ့တန်တန်ပင် ပြောလိုက်လေသည်။

“နီမောင်. . . နင် ရွာထဲ ပြန်မှာဆိုရင် ငါ့ကို လိုက်ပို့ပေးဟာ၊ တစ်ယောက်တည်းပြန်ရင် ကျော်ထွေးတို့ လိုက်ပြီးနှောင့်ယှက်မှာစိုးလို့”

“ဖြစ်ပါ့မလား”

“ဘာကြောင့် မဖြစ်ရမှာလဲ”

“တော်ကြာ နင့်မိဘတွေက တစ်မျိုးထင်သွားရင် ဘယ့်နှယ့်လုပ်မလဲ”

ဟု အရိုးခံအတိုင်း ပြောလိုက်လေသည်။

“ငါကတောင် စိတ်မပူဘဲ နင်က စိတ်ပူနေရသလား၊ ဘာလဲ. . . နင်က ငါ့ကို ပို့မပေးချင်လို့ ဒီလိုပြောတာ မဟုတ်လား”

“မဟုတ်ပါဘူးဟာ. . . ပို့ဆိုရင်လည်း ပို့ပေးပါ့မယ်”

ဟု ပြောကာ မြလေးမူကို လိုက်ပို့ပေးလေသည်။

လမ်းရောက်တော့ ခင်မှုံတို့တတွေနဲ့ တွေ့သောအခါ အစအနောက်ခံရသေးသည်။

“ဩော်. . . အခုတော့ နင်တို့က ဒီအခြေအနေတောင် ရောက်နေကြမှကိုး”

ထိုသို့နောက်ကြသောအခါ နီမောင်စိတ်ထဲမှာ မလုံမလဲ





ဖြစ်သွားသော်လည်း မြလေးမူက တစ်ချက်ကလေးမှ အမူအယာမပျက်ဘဲ. . .

“နင်တို့ကလည်းဟယ်. . . တွေ့တာနဲ့ နောက်ဖို့ပြောင်ဖို့ပဲ စိတ်ကူးနေကြတော့တာပဲ၊ ကဲ. . . နင်တို့ထင်သလို ဟုတ်တော့ရော ဘာဖြစ်သလဲ”

ဟု တစ်ခွန်းမခံ ပြန်ပြောလေသည်။

“ဘာမှမဖြစ်ပါဘူးအေ. . . ဟုတ်တော့ ပိုကောင်းတာပေါ့၊ ငါတို့က အဲဒီလိုဖြစ်စေချင်ကြတာ”

ဟု ပြောကြလေသည်။

မျက်နှာပူပူနှင့် လိုက်ပို့ပေးရာ ခြံဝသို့ ရောက်သောအခါ မြလေးမူက ပြောသည်။

“အဖေလည်း အတော်ဖျားနေတယ်၊ နင်ဝင်ဦးမလား”

“ဘယ်တုန်းက ဖြစ်တာလဲ”

“ဟိုတစ်နေ့က မြစ်ကမ်းဆိပ်ကမ်းမှာ မိုးတွေ မိလာတော့ အအေးပတ်ပြီး ဖျားနေတာပါ”

ဟု ပြောသဖြင့် နီမောင်က ဝင်လိုက်လာသည်။

မြလေးမူနှင့်နီမောင်တို့ အတူတူ လာတာမြင်တော့ အိမ်သူအိမ်သားများက အံ့ဩနေကြသည်။

အိမ်ပေါ် ရောက်တော့ နေမကောင်းဖြစ်နေသော ဦးရွှေသာကပင် တအံ့တဩဖြစ်နေသည်။

“နီမောင်ပါလား. . . လာထိုင်ကွာ”

ဟု ပြောသဖြင့် အနားမှာ ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားပျောက်နေတာ သတင်းစုံစမ်းလို့ရပြီလား"

"ရမှာပါ ဦးလေး၊ ဒီပတ်ဝန်းကျင်တဝိုက်မှာပဲ ရှိမှာပါ"

"သူပုန်တွေ ယူသွားတယ်ဆိုတာရော ဟုတ်ပါ့မလား၊ သူကြီးက သူ့အပိုင်စီးချင်လို့ အကွက်ထွင်တာရော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ် ဦးလေး၊ အခုရောက်လာတဲ့ သုတေသနအဖွဲ့က ခေါင်းဆောင်ပြောတာကတော့ သူတို့ ဝှက်ထားတာလို့ ပြောပါတယ်"

"အေး. . . ဘာပဲဖြစ်ဖြစ် ငါတို့ရွာနဲ့ သက်ဆိုင်တဲ့ဘုရားကို အဖျက်ဆီးမခံရဖို့နဲ့ တခြားနေရာ ရောက်မသွားဖို့တော့ ဂရုစိုက်ရလိမ့်မယ်ကွ"

"စိတ်ချပါ ဦးလေး၊ မကြာခင် ပြန်ရမှာပါ"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ကွာ၊ မင်းလည်း ဘုရားကိစ္စ လုံးပန်းနေရတာနဲ့ အလုပ်တောင် ဆင်းနိုင်မယ် မထင်ဘူး၊ စားဖို့သောက်ဖို့ အခက်အခဲရှိရင် ဒီမှာ လာယူကွာ၊ ဘာမှအားနာစရာ မရှိဘူး"

"ကျေးဇူးတင်ပါတယ် ဦးလေး"

ထိုအခိုက်မှာပင် ဒေါ်မင်းဖြူနှင့်မြလေးမူတို့ပါ အနားရောက်လာကြသည်။

ထို့နောက် နီမောင်က မြလေးမူကို သောက်ရေခွက်တစ်ခွက် ခပ်ခိုင်းပြီး လည်ပင်းမှာ အိတ်ကလေးနှင့် ဆွဲထားသော ကျောက်အမြုတေကို ထုတ်၍ ရေစိမ်လိုက်သည်။





ရေခွက်ထဲမှရေ အရောင်ပြောင်းလာတော့မှ အပူမျှားနေသော ဦးရွှေသာကို တိုက်လိုက်သည်။

ဆေးရည်ကို သောက်လိုက်ပြီးသည်နှင့် ဦးရွှေသာမှာ ချက်ချင်းဆိုသလို အပူကျသွားပြီး လန်းဆန်းလာသည်။

"တယ်စွမ်းတဲ့ကျောက်ပါလား. . . ဘာကျောက်လဲ နီမောင်"

"ကျောက်အမြုတေလို့ ပြောပါတယ်၊ ကျွန်တော့်ကို လူကြီးနှစ်ယောက် လာပေးသွားတာပါ"

နီမောင်က ကျောက်အမြုတေ ရရှိပုံကို ပြောပြလိုက်သောအခါ တစ်အိမ်သားလုံး အံ့ဩနေကြသည်။

"ဒါမျိုးက ထိုက်တဲ့လူမှ ရတဲ့ ကျောက်အမြုတေပဲ၊ မင်းကို ပရလောကသားတွေက အကူအညီပေးတာ ဖြစ်မယ်ကွ"

ဟု မှတ်ချက်ချသည်။

ထို့နောက်. . .

ဦးရွှေသာကို ဆေးကုသပြီးသည့်နောက်ပိုင်း နီမောင်ထံမှာ အစွမ်းထက်သော ကျောက်အမြုတေ ရှိသည်ဆိုသောသတင်းက တစ်ရွာလုံး ပျံ့နှံ့သွားလေတော့သည်။

ထိုကျောက်အမြုတေကို ရေနှင့် စိမ်သောက်ပါက မည်သည့်ရောဂါမဆို ပျောက်ကင်းနိုင်သည်ဟု အချို့ကလည်း ထင်ကြေးဖြင့် ပြောဆိုကြရာ ဟိုမှဒီမှ လာရောက်ခေါ်သဖြင့် နီမောင်မှာ လိုက်လံကုသပေးသည်။

သို့သော် သူတစ်ယောက်တည်းတော့ မသွားပေ။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရောဂါအခြေအနေအကြောင်းကို ဘာတစ်ခုမှ မသိသောကြောင့် နားလည်ကျွမ်းကျင်သော ဆရာကြီးဦးဇန် ကောင်းနှင့် အတူတကွ သွားရောက်ကုသပေးသည်။

ရောဂါအခြေအနေကြည့်ပြီး ကျောက်အမြုတေနှင့် ကုပေးတန်ကုပေး၊ ဆေးဝါးဖြင့် ကုပေးတန် ကုပေးရလေသည်။

မည်သို့ပင်ရှိစေ. . .

နီမောင်ထံမှာ အစွမ်းထက်သော ကျောက်အမြုတေရှိသည်ဆိုသောသတင်းကတော့ တစ်ရွာလုံးကို ပျံ့နှံ့နေတော့သည်။

ထိုအကြောင်းကို တပည့်များက ဦးနေဒွန်းကို ပြန်ပြောပြကြသည်။

"သူကြီးမင်း ကြားပြီးပြီလား၊ နီမောင် ရထားတဲ့ကျောက်က အတော်အစွမ်းထက်သတဲ့"

"ဘာကျောက်မို့လဲ"

"လူနှစ်ယောက်က လာပေးသွားတာလို့ ပြောတယ်၊ အဲဒီကျောက်ကို ရေနဲ့ စိမ်တိုက်ရင် ရောဂါလည်း ပျောက်တယ်၊ နောက်ပြီး ဓါးပြီးတုတ်ပြီး၊ သေနတ်ပါ ပြီးတယ်လို့ ပြောနေကြတယ်၊ အဲဒီကျောက်သာ ရရင်တော့ ဟန်ကျမှာပဲ၊

ဒီကျောက်ကို ဆောင်ထားပြီး ဓါးပြဂိုဏ်း ထောင်လိုက်ရင် တစ်နယ်လုံး ဘယ်သူမှ လှုပ်ဝံ့မှာ မဟုတ်တော့ဘူး"

ဟု တပည့်တစ်ယောက်က ပြောသည်။

"အဲဒီကျောက်ကို ဘယ်မှာ ထားသတဲ့လဲ"





"သူ့လည်ပင်းမှာ အမြဲဆွဲထားတယ်တဲ့"

"ဒါဖြင့်များကွာ. . . မရ,ရအောင် ယူလာခဲ့ပေါ့"

ဟု ပြောသဖြင့် တပည့်များက သဘောပေါက်သွားကြလေသည်။

တစ်ညတွင် နီမောင်ကို သူကြီးအိမ်မှ အခေါ်ခိုင်းသည်ဟု ဆိုကာ လာခေါ်သဖြင့် နီမောင်က လိုက်သွားသည်။

လာခေါ်သော လူနှစ်ယောက်က သူကြီးအိမ် မသွားဘဲ တောထဲမှ အိမ်သို့ ခေါ်သွားလေသည်။

"သူကြီးက ဘယ်မှာလဲ"

"ဟိုအိမ်ထဲမှာ ရှိတယ်"

အိမ်ထဲ ရောက်တော့ သူကြီးကို မတွေ့ရဘဲ လူသုံးယောက်ကို ထပ်တွေ့ရသည်။

သည်တော့မှ သဘောပေါက်သွားသည်။

လူငါးယောက်က သူ့ကို ဝိုင်းပြီး ကြိုးဖြင့် တုပ်ကာ လည်ပင်းမှာ ဆွဲထားသောအိတ်ကို ဖြုတ်ယူလိုက်သည်။

အိတ်ကို ရသောအခါ ဖွင့်၍ ကျောက်ကို ထုတ်ယူပြီး လက်ဝါးပေါ် တင်ကြည့်လိုက်သည်။

"အား. . ."

ကျောက်မှာ အေးနေရမည့်အစား မီးခဲကို ကိုင်ရသကဲ့သို့ ခြစ်ခြစ်တောက် ပူနေသောကြောင့် အလန့်တကြား လွှတ်ချလိုက်သည်။

"ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်က မီးခဲလို ပူနေတာဟ"

"မဟုတ်တာကွာ. . ဖယ်. . ငါကိုင်မယ်"

ဟု ပြောကာ နောက်တစ်ယောက်က ကောက်ယူလိုက်သည်။ ရှေးကလူကဲ့သို့ပင် မီးခဲကိုင်ရသကဲ့သို့ ဖြစ်ကာ မကိုင်နိုင်သဖြင့် လွှတ်ချလိုက်ရာ ကျောက်က နီမောင်ရှေ့သို့ ရောက်လာသည်။

ထိုအခါမှ ငုံ့ကြည့်လိုက်သောအခါ ကျောက်အမြုတေမှာ မူလအရောင်ဖြစ်သော အဖြူနှင့် အစိမ်းရောင် ပျောက်သွားပြီး ဟင်္သာပြဒါးကဲ့သို့ နီရဲနေသည်ကို အံ့သြဖွယ်ရာ မြင်ရလေသည်။

ကျောက်အမြုတေကို ကောက်ယူ၍မရသောအခါ လူငါးယောက်တို့မှာ ဒေါသထွက်လာကြသည်။

"မင်းက ငါတို့ ယူလို့မရအောင် လုပ်ထားတာပေါ့လေ၊ သိရောပေါ့ကွာ"

ဟု ပြောဆိုကြိမ်းမောင်းကာ နီမောင်ရှိရာသို့ လာသောအခါ အမှောင်ထဲမှ ထွက်လာသော ဝါးရင်းတုတ်တစ်ပိုင်းက ရှေ့ဆုံးမှလူကို ရိုက်ချလိုက်လေတော့သည်။

"ဖြောင်း. ."

"အား. ."

ရှေ့ဆုံးမှလူ လဲကျသွားသောအခါ ကျန်လူများလည်း ဝါးရင်းတုတ် ထွက်လာရာသို့ ကြည့်လိုက်ကြတော့ အမှောင်ရိပ်ထဲက လူမည်းကြီးနှစ်ယောက် ထွက်လာသည်။





လက်ထဲမှာလည်း ဝါးရင်းတုတ်တစ်ချောင်းစီ ကိုင်ထားကြသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ ဘယ်ကလဲ"

"ငါတို့က ဒီကျောက်နဲ့ သက်ဆိုင်သူတွေပေါ့ကွာ၊ မင်းတို့က ဒီကျောက်ကို မတရား လိုချင်နေမှတော့ မှတ်လောက်အောင် ဆုံးမပေးရမှာပေါ့"

ဟု ပြောကာ ရှေ့သို့ တိုးလာရာ လူလေးယောက်ကလည်း လူဆိုးလူမိုက်များဖြစ်သောကြောင့် ပါလာသာဓါးလှံများဖြင့် ထိုးခုတ်တိုက်ခိုက်ကြရာ တိတ်ဆိတ်နေသော အိမ်ပတ်ဝန်းကျင်မှာ ဆူညံနေတော့သည်။

နီမောင်က အခြေအနေ ရှုပ်ထွေးနေစဉ် ကြမ်းပြင်ပေါ် ကျနေသော ကျောက်အမြုတေကို ပြန်ကောက်၍ အိတ်ထဲ ပြန်ထည့်ကာ လည်ပင်းမှာ ပြန်ဆွဲထားလိုက်လေသည်။

လူငါးယောက်နှင့် နှစ်ယောက်ပင် ဖြစ်လင့်ကစား လူမိုက်ငါးယောက် တိုက်ခိုက်သောဓါးချက်များမှာ မထိရောက်လှဘဲ လူမည်းကြီးနှစ်ယောက်၏ဝါးရင်းတုတ်ရိုက်ချက်ကြောင့်သာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားရာ နောက်ဆုံး ငါးယောက်စလုံး ကြမ်းပြင်ပေါ်မှာ လဲကျသွားတော့သည်။ ထိုအခါမှ လူမည်းကြီးတစ်ယောက်က နီမောင်နားသို့ လျှောက်လာပြီး ပြောသည်။

"လူတွေက လူနဲ့ မတူတော့ဘဲ ဘီလူးစိတ် ဝင်နေတဲ့ကာလကို ရောက်လာပြီ၊ ဘယ်သူ့ကိုမှ ယုံကြည်စိတ်ချလို့မရ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး ကောင်လေး၊ နောက်ဆိုရင် သတိဝီရိယ ထားပေါ့ကွာ"

"ဟုတ် . . ဟုတ်ကဲ့"

"ငါတို့နဲ့ သက်ဆိုင်တဲ့ပိုင်နက်မှာ ဖြစ်ရင်တော့ ငါတို့လာပြီးအကူအညီပေးလို့ရတယ်၊ တို့နဲ့ မသက်ဆိုင်တဲ့နေရာမှာဆိုရင်တော့ မင်းအစွမ်းနဲ့ပဲ ရှင်းရတော့မှာကွ"

ဟု အသံသြသြကြီးနှင့် ပြောရာ နီမောင်က ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက် လူမည်းကြီးနှစ်ယောက်က ကြမ်းပြင်ပေါ်လဲကျနေသော လူငါးယောက်ကို ခြေထောက်များမှ ဆွဲကာ အမှောင်ထဲသို့ ဆွဲယူသွားလေသည်။

နီမောင်လည်း မိမိအိမ်ဘက်သို့ ပြန်လာခဲ့လေသည်။

နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် ရွာသူရွာသားအချို့ ဆူဆူညံညံ ပြောဆိုသံများ ကြားရသဖြင့် မေးကြည့်သောအခါ ရွာသားတစ်ယောက်က ပြောသည်။

"မရဏာဝဲထဲမှာ ထူးထူးဆန်းဆန်း တွေ့ရလို့ကွ"

"ဘယ်လိုထူးဆန်းတာလဲ"

"ဝဲခလယ်ခေါင်မှာ လူငါးယောက်ကို ကြိုးနဲ့ ချည်ပြီးတွဲလောင်းချထားတာ တွေ့ရတယ်၊ သူတို့နံဘေးမှာလည်း ငါးဆူးတောင်တွေ အများကြီး တွေ့ရတယ်"

"ဟင်"

ထို့နောက် . . .

ဦးဖန်ကောင်းကိုပါ ဝင်ပြောပြီး နှစ်ယောက်အတူ ဝဲရှိရာ





ဘက်သို့ လာခဲ့ကြသည်။

ကမ်းစပ်ရောက်သောအခါ ရွာသူရွာသားများ ကြိတ်ကြိတ်တိုးနေသောကြောင့် မနည်းတိုးဝင်ကြည့်ရသည်။

မြင်ကွင်းက မကောင်းလှပေ။

ဝဲခလယ်လောက်တွင် ဝါးပိုးဝါးအရှည်ကို စိုက်ထားပြီးအဖျား၌ ကြိုးတစ်ချောင်း ချည်ကာ အောက်သို့ တွဲလောင်းချထားလေသည်။

ထိုကြိုးစဖြင့် လူငါးယောက်၏လက်များကို ပူးချည်ထားပြီး တွဲလောင်းဆွဲထားလေသည်။

လူငါးယောက်အလေးချိန်ကြောင့် ဝါးအဖျားက ကိုင်းကျနေသည်။

ဒီအတိုင်း ငြိမ်နေလျှင် လည်ပင်းအထိ ပေါ်နေပြီးအကယ်၍ နည်းနည်းလှုပ်လိုက်ပါက ညွတ်ကျလာပြီး ငါးယောက်စလုံး ခေါင်းပါ မြုပ်သွားတော့သည်။

သို့ကြောင့် မလှုပ်ဝံ့ကြတော့ပေ။

မလှုပ်ပြန်တော့လည်း အနားမှာ ရောက်နေသောငါးများက ရေမြုပ်နေသောနေရာများကို ဝင်ရောက်ကိုက်ကြပြန်ရာ လှုပ်ရပြန်သည်။

လှုပ်ပြန်လျှင်လည်း ဝါးကိုင်းအဖျားက ညွတ်ကျလာကာ ခေါင်းပါ မြုပ်သွားရပြန်သည်။

၎င်းတို့အဖြစ်မှာ ငရဲအိုးအတွင်းမှာ မြုပ်ချည်ပေါ် ချည်ခံနေရသူများ သဏ္ဌာန်တူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကယ်ကြပါဗျို့. . . ကျုပ်တို့ကို ကယ်ကြပါ၊ သူတစ်ပါး ပစ္စည်းကို မတရားယူချင်မိလို့ အခုလို လောကငရဲ ခံကြရတာပါ၊ ကယ်ပေးကြပါဗျာ. . . မကယ်ရင် သေရပါတော့မယ်”

ဟု တစာစာ အော်နေကြသည်။

ရွာသားများကလည်း မည်သူမှ မသွားဝံ့ကြပေ။

“မင်းတို့က ဘယ်သူ့ပစ္စည်းကို မတရား လိုချင်မိလို့လဲ”

“နီမောင်ဆီမှာ ရှိတဲ့ကျောက်ကို မတရားလိုချင်မိလို့ အခုလို ခံရတာပါဗျာ”

“မင်းတို့ကို အခုလို ဘယ်သူတွေ လုပ်သွားကြတာလဲ”

“ရေပြင်ပေါ်မှာ လမ်းလျှောက်နိုင်တဲ့ ငရဲသားကြီးတွေ လုပ်သွားတာပါဗျာ၊ ကြည့်မနေကြပါနဲ့. . . ကယ်ပေးကြပါ၊ မကယ်ရင် သေရပါတော့မယ်”

ရွာသားများက နီမောင်ကို ဝိုင်းကြည့်ကြလေသည်။

ရေပြင်ပေါ်မှာ ငါးဆူးတောင်များက ရှုပ်ယှက်ခတ်နေပြီး ထိုငါးများက ၎င်းတို့ကို ဝင်ကိုက်ရာ ငယ်သံပါအောင် အော်ဟစ်နေတော့သည်။

နောက်ဆုံးတော့ နီမောင်မှာ မနေသာတော့ဘဲ လှေတစ်စင်းနှင့် ဝဲအတွင်းသို့ တစ်ယောက်တည်း လှော်သွားကာ ကြိုးကို ဖြတ်၍ လူငါးယောက်ကို ကမ်းစပ်သို့ ဆွဲယူလာလေသည်။

လူငါးယောက် မရှိတော့သောအခါ ရေပြင်ပေါ်မှာ ကူးနေသော ငါးဆူးတောင်များလည်း မတွေ့ရတော့ပေ။





ကမ်းစပ်ရောက်၍ လူငါးယောက်ကို ကမ်းပေါ် ဆွဲတင်ကြသောအခါ မြင်ကွင်းက မကောင်းလှတော့ပေ။

ငါးယောက်စလုံးမှာ အောက်ပိုင်း၌ လုံချည်မရှိတော့ဘဲ ငါးကိုက်ထားသောဒဏ်ရာများက ပွနေသည်။

ခြေသလုံး၊ ပေါင်၊ ဝမ်းဗိုက်နေရာများမှာ အကွင်းလိုက် ပြတ်ထွက်နေရာ အရိုးများပင် အဖွေးသား ပေါ်နေချေပြီ။

ဒဏ်ရာက များသည်ကတစ်ကြောင်း၊ သွေးထွက်လွန်သည်ကတစ်ကြောင်းကြောင့် ကမ်းပေါ် ဆွဲတင်လိုက်သည်နှင့် သတိမေ့သွားကြတော့သည်။

ထိုအခါ ရွာသားတစ်ယောက်က ပြောလိုက်သည်။

“ငရဲခံရတယ်ဆိုတာ နောင်ဘဝမှ မဟုတ်ပါလား၊ ဒီဘဝမှာတင် လောကငရဲကို ခံကြရတာပါလား”

ထိုအသံကို ရွာသားများက ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံလိုက်ကြသည်။





www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁၆)

# မရဏာစက်ကွင်း

မကောင်းမှုကို. . .

ကြံစည်အားထုတ်သောသူ. . .

ပြုလုပ်သောသူများသည် ယခုပစ္စုပ္ပန်၌လည်းမကောင်း၊ နောင်တမလွန်၌လည်း ထိုမကောင်းမှု၏ဝဋ်ကြွေးကံကို မလွဲမသွေ ခံကြရသည်။

ပထမဦးဆုံး အရေးယူခံရသူက ရာဇဝတ်အုပ် ဘဒန်ပင်ဖြစ်သည်။

ယှဉ်ဘီသဘော်နှစ်မြုပ်မှု၊ သေနတ်များဆုံးရှုံးမှု၊ ပုလိပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သဘော်သား သေဆုံးမှုကြောင့် ရာဇဝတ်ဝန်ကြီး မစ္စတာကယ်ရီ ကိုယ်တိုင် ခေါ်ပြီး အလုပ်ဖြုတ်လိုက်လေသည်။

"ဘဒန်. . . မင်းတော်တော်အသုံးမကျတဲ့ကောင်ပဲ၊ မင်းကြောင့် ငါတို့ ပုလိပ်တစ်ဖွဲ့လုံး နာမည်ပျက်ရတယ်၊ လူတွေ အထင်သေးတာ ခံရတယ်၊ ဒါ့အပြင် သဘော်နစ်မြုပ်တဲ့ကိစ္စမှာ မင်းမှာ အဓိက တာဝန်ရှိတယ်၊ ဒါကြောင့် မောင်မင်းကို ပီအက်အိုရာထူးက ထုတ်လိုက်ပြီ"

ဟု ပြောကာ အလုပ်ထုတ်ပစ်လိုက်သည်။

၎င်းနေရာတွင် အက်အိုင်ပီတစ်ယောက်ကို ခေါ်၍ ပီအက်အိုရာထူး ချပေးလိုက်လေသည်။

ဘဒန်မှာ ပုလိပ်ဘဝမှာ နေစဉ်ကပင် သောက်သောက်စားစားနှင့်မို့ စုမိဆောင်းမိ ဘာမှမရှိပေ။

ထို့ပြင် နေစရာလည်း အိမ်မရှိပေ။

မကွေးမှာလည်း အသိအကျွမ်း မရှိသောကြောင့် လမ်းပေါ် ရောက်သွားသည်။

သူသည် အရက်မသောက်ရလျှင် မနေနိုင်သောဘဝမို့ ထမင်းမစားရသည်ထက် အရက်မသောက်ရသောအခါ များစွာ ဒုက္ခရောက်လေသည်။

သို့ကြောင့် ဟိုလူ့အရက်တိုက်ခိုင်း၊ ဒီလူ့အရက်တိုက်ခိုင်းဖြင့် အောက်ကျခံကာ အရက်တိုက်ခိုင်းသော်လည်း မည်သူကမှ အရေးမလုပ်ကြပေ။

နောက်ဆုံး အရက်နာကျပြီး လမ်းဘေးသစ်ပင်အောက်





မှာ တစ်ယောက်တည်း ထိုင်နေစဉ် တစ်ချိန်က မတရား ဖမ်းဆီးပြီး နှိပ်စက်ခဲ့သော လူမိုက်တစ်စုနှင့် တွေ့ပြီး လက်စားချေသော အနေနှင့် ဝိုင်းရိုက်ကြရာ ထိုသစ်ပင်အောက်မှာပင် ခွေခွေကလေး အသက်ပျောက်ခဲ့ရသည်။

ဘဒန် သေဆုံးသွားပြီး မရှေးမနှောင်းမှာပင် အရေးပိုင်မင်း ကင်းဘဲထံသို့ အထက်မှ အမိန့်စာတစ်စောင် ရောက်လာလေသည်။

မကွေးအရေးပိုင်ရုံးမှ ရေနံချောင်းရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်အမိန့်ပင်ဖြစ်သည်။

မကွေးတိုင်းရုံးနှင့်စာလျှင် ရေနံချောင်းရုံးက သာမန်မျှသာ ရှိရာ ကင်းဘဲကို ရာထူးတစ်ဆင့် နိမ့်ချလိုက်ခြင်းပင်ဖြစ်ပေသည်။

အမိန့်စာတွင် ချက်ချင်းပြောင်းရွှေ့ရမည်ဟူသော အချက်ပါလေရာ ပစ္စည်းများကို ချက်ချင်းသိမ်း၍ ကားပေါ်တင်ကာ ရေနံချောင်းသို့ ပြောင်းရလေသည်။

မကွေးနှင့် ရေနံချောင်းကြား၌ နယ်နိမိတ်မျဉ်းသဖွယ် ရှိနေသော ဒေါင်းသေချောင်း(ယခု ဒေါင်းနေချောင်းဟု ခေါ်ကြလေသည်)မှာ မိုးရာသီတွင် သွားရေးလာရေး လွန်စွာခက်သော နေရာဖြစ်သည်။

မိုးမရွာသည့်အခါ သဲပြင်ပေါ်နေပြီး တောင်ကျရေဆင်းလာသည့်အခါ ချောင်းထဲမှာ ရေများဖြင့် ပြည့်ကာ ရေစီးကလည်း ကြမ်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ကားများဖြင့် ဖြတ်ကူးနေရင်း တောင်ကျရေ ဆင်းလာသည်နှင့် ကြုံပါက ကားတစ်စင်းလုံး သဲအောက်ရောက်သွားပြီး သေကြေပျက်စီးကြရသည်။

သို့သော်လည်း အခြားနေရာမှ သွားစရာ မရှိသဖြင့် ထိုချောင်းမှပင် အရဲစွန့်ကာ ဖြတ်ကူးကြရသည်။

မစ္စတာကင်းဘဲ စီးလာသော မော်တော်ကားက ချောင်းစပ်ရောက်တော့ မိုးမရွာသော်လည်း မိုးက ညှို့နေသည်။

ကားမောင်းသူနှင့် နောက်မှ ပါလာသူများက မိုးရိပ်ရှိနေသဖြင့် ဖြတ်မကူးရန် အတန်တန် တားကြသည်။

သို့သော် မစ္စတာကင်းဘဲက ရုံးချိန်အမီရောက်ရန်အတွက် ဖြတ်အတင်းဖြတ်ခိုင်းသဖြင့် ဖြတ်မောင်းကြရသည်။

သူတို့ ကားဖြတ်မောင်းစဉ်က ချောင်းထဲမှာ ရေတစ်စက်မှ မရှိပေ။

ချောင်းအလယ်ရောက်တော့မှ ချောင်းအထက်ပိုင်းမှ မိုးရွာချလာသည်။

သို့ကြောင့် ကားမောင်းသူက စက်ကုန်ဖွင့်၍မောင်းလေသည်။ သို့စေကာမူ အမာခံမရှိသော မျက်နှာပြင်ပေါ်မှာ မောင်းရသဖြင့် သဲပွက်က မကြာခဏ ဘီးကျွံနေရာ ခရီးမတွင်ဘဲ ရှိနေလေသည်။

ကားဘီးနစ်သွားသည်နှင့် အပေါ်မှ လူများက ဆင်းပြီး တွန်းပေးသည်နှင့် လွတ်သွားပြန်သည်။

မိုးရွာချသောကြောင့် ဒေါင်းသေချောင်းထဲမှာ ချောင်းရေများ ဆင်းလာသည်ကို လှမ်းမြင်သောအခါ ကားကို မြန်နိုင်သမျှ မြန်အောင်မောင်းစေသည်။

"ရေတွေ ဆင်းလာပြီ၊ လွတ်အောင် မြန်မြန်မောင်းစမ်း"

ကားသမားက စက်ကုန်တင်၍မောင်းစေကာမူ မော်တော်ကားက ရှေ့မတိုးတော့ပေ။

"ဘာဖြစ်တာလဲ"

"ကားရှေ့မှာ လူမည်းကြီးနှစ်ယောက် ရပ်ပြီး ကားကို တွန်းထားတယ် အရေးပိုင်မင်း"

"ဘယ်မှာလဲ. . . ငါလည်း မမြင်ပါလား"

မစ္စတာကင်းဘဲက သေနတ်ကို ဆွဲထုတ်ရင်း မေးလိုက်သည်။

"ဟိုရှေ့မှာ ရပ်နေကြတယ်"

ကားသမား ပြောသဖြင့် သူကြည့်တော့လည်း ဘာမှ မတွေ့ရပေ၊ ချောင်းဖျားဘက်မှ ဆင်းလာသော တောင်ကျရေများလည်း တဖြည်းဖြည်း နီးလာချေပြီ။

တဝေါဝေါနှင့် ကျလာသော ရေလုံးကြီးများအသံကိုပင် အတိုင်းသား ကြားနေရသည်။

မော်တော်ကားကလည်း စက်သံသာ တဒီးဒီး အော်နေသော်လည်း ရှေ့ကို တစ်လက်မမှ မတိုးတော့ပေ။

ကားပေါ်မှလူများက အောက်သို့ ဆင်းပြီး ကိုယ်လွတ်ရုန်းပြေးရန် ကြိုးစားကြသေးသည်။

သို့သော် မလွတ်တော့ပေ။







www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှ ဆင်းလာသော တောင်ကျရေများက မော်တော်ကားရော လူများပါ ဖုံးအုပ်ချလိုက်လေတော့သည်။

"ဝုန်း. . ဝုန်း. . ဝုန်း"

"အား. ."

ဒေါင်းသချောင်းတစ်ခုလုံး ရေပြင်များ ဖုံးလွှမ်းသွားသော်လည်း မစ္စတာကင်းဘဲတို့လူစုကို အစအနမျှပင် မတွေ့ရတော့ပေ။

အချိန်တန်၍ ရေနံချောင်းရုံးသို့ ရောက်မလာသည့်အခါ ထိုရုံးမှ လူများက မကွေးတိုင်းရုံးကို သံကြိုးရိုက်ကြည့်ကြသည်။

မကွေးတိုင်းရုံးမှလည်း မစ္စတာကင်းဘဲတို့ ထွက်သွားပြီဖြစ်ကြောင်း သတင်းပို့ကြသဖြင့် ဒေါင်းသချောင်းသို့ လာကြည့်ကြသည်။

သူတို့ရောက်လာသောအချိန်မှာ ဒေါင်းသချောင်းအတွင်း၌ ရေမရှိတော့ပြန်ပေ။

သို့စေကာမူ မော်တော်ကားရော လူများပါ အစအနမျှပင် မတွေ့ကြရသဖြင့် မကျေမနပ်နှင့် သဲပြင်များပေါ် လိုက်ရှာသူကရှာ၊ သဲပြင်အောက် ရောက်သွားသော မော်တော်ကားကို ရှာသူရှာကြသော်လည်း မစ္စတာကင်းဘဲတို့အဖွဲ့မှာ အစအနမျှပင် မတွေ့ရတော့ဘဲ ပျောက်ခြင်းမလှ ပျောက်သွားခဲ့လေသည်။

နောက်တစ်ပတ် ထုတ်ဝေသော သတင်းစာများ၌ ၎င်းအကြောင်းကို အကျယ်တဝင့် ရေးသားကြလေသည်။





"ဒေါင်းသချောင်းတွင် ပျောက်ခြင်းမလှ ပျောက်သွားသော အရေးပိုင်မင်း၊

(၁၃၀၂)ခုနှစ်၊ ဝါဆိုလဆုတ် (၁၅)ရက်၊

(၁၉၄၀)ခုနှစ်၊ ဩဂုတ်လ(၂)ရက်၊ သောကြာနေ့တွင် ရေနံချောင်း သတင်းထောက်မှ ပေးပို့သော သတင်းအပြည့်အစုံမှာ အောက်ပါအတိုင်းပင်ဖြစ်ပေသည်။

ယမန်နေ့က မကွေးတိုင်း အရေးပိုင်ရုံးမှ ရေနံချောင်းရုံးသို့ ပြောင်းရွှေ့လာသော အရေးပိုင်မင်း စီးလာသော မော်တော်ကားမှာ မကွေးနှင့်ရေနံချောင်းကြား၌ ရှိသော ဒေါင်းသချောင်းသို့ ရောက်သောအခါ တစ်ဖက်ကမ်းသို့ ဖြတ်ကူးနေစဉ် တောင်ကျရေနှင့် မိပြီး နစ်မြုပ်သွားခဲ့ကြောင်း၊

ထိုသတင်းကို ကြားလျှင်ကြားချင်း ရေနံချောင်းနှင့် မကွေးမှ တာဝန်ရှိကြသော လူကြီးမင်းများ အလျင်အမြန် သွားရောက်ခဲ့ပြီး ရှာဖွေကြပါသော်လည်း မော်တော်ကားရော လူများကိုပါ ရှာဖွေ၍ မတွေ့ကြကြောင်း၊

တောင်ကျရေနှင့် မျောပါသွားသည်ဟု ယူဆစရာအကြောင်းရှိသော်လည်း အစအနမျှပင် မတွေ့ရသည်မှာ ထူးဆန်းလှပေသည်။

မြေလျှိုးမိုးပျံသကဲ့သို့ ပျောက်ခြင်းမလှ ပျောက်သွားခဲ့သော မော်တော်ကားသည်လည်းကောင်း၊ အရေးပိုင်မင်းနှင့် ၎င်း၏တပည့်များမှာ ဘယ်သို့ဘယ်ပုံ အရေးကြုံခဲ့ကြရသည်ဆိုခြင်းကိုမူ ပဟေဠိတစ်ပုဒ်သဖွယ် အဖြေထုတ်၍မရနိုင်သေး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်း ရေနံချောင်း သတင်းထောက်ထံမှ သတင်းရရှိထားပေသတည်း"

ဟု အကျယ်တဝင့် ရေးသားဖော်ပြထားလေသည်။

ထိုသတင်းပါလာပြီးနောက် ရေနံချောင်းနှင့် မကွေးတဝိုက်မှ လူများမှာ ထိုသတင်းကို များစွာစိတ်ဝင်စားမှု ရှိကြလေသည်။

ထိုသတင်းကို တစ်ယောက်မှတစ်ယောက် ပြောကြရင်းမှ မုံးချောင်းရွာသို့ပင် သတင်းက ရောက်သွားလေသည်။

ထိုအခါ သူကြီးကတော်ဒေါ်မြမေက ဦးနေဒွန်းကို တိုးတိုးတိတ်တိတ် မေးကာ နားချလေသည်။

"ကိုနေဒွန်း. . . ရှင် ဘုရားရုပ်တုတော်ကို ဘယ်မှာဝှက်ထားသလဲ မှန်မှန်ပြောစမ်းပါ"

"ဘာလုပ်မလို့ မေးနေတာလဲဟ"

"တော် အခုထိ သတိမရသေးဘူးလား၊ ဒီရုပ်တုတော်ကို ပစ်မှားတဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက် သေကုန်တာ တော် အခုထိ မသိသေးဘူးလား"

ထိုစကားကြောင့် ဦးနေဒွန်းက မျက်လုံးပြူးကြီးဖြင့် ကြည့်နေလေသည်။

"တော်တို့ သိပ်အားကိုးတဲ့ အရေးပိုင်မင်းဆိုတဲ့လူလည်း တားရောလူပါ အစအန ပျောက်သွားတယ်လို့ သတင်းပါတာ ရှင် မကြားသေးဘူးလား၊

ဒီကိုလာတဲ့ဌာနအုပ်လည်း အလုပ်ပြုတ်ပြီး သူများ





သတ်လို့ သေပါရောလား၊

နောက်ပြီး သင်္ဘောမြှုပ်တုန်းကလည်း ပုလိပ်တွေ အစုလိုက် အပြုံလိုက် သေပြီးပြီ၊

တော့်မယားငယ် စောမေအပါအဝင် တော့်တပည့်တွေလည်း တစ်ယောက်ပြီးတစ်ယောက် သေကြတာ ဘယ်မှာ ကျန်တော့လို့လဲ၊

သူတစ်ပါးပစ္စည်း မတရားယူဖို့ ကြံစည်တဲ့ ရှင့်တပည့်ငါးယောက်လည်း အားလုံးမသန်မစွမ်းဘဝနဲ့ လူတောမတိုးဝံ့တဲ့ဘဝရောက်နေကြပြီး အခု တော်ပဲ ကျန်တော့တယ် ကိုနေဒွန်း၊ ဒါမှ သတိမရသေးလို့ ဆက်ပြီးမိုက်ဦးမယ်ဆိုရင်တော့ ခံစရာရှိရင် ရှင်ပဲ ခံရမှာပဲ"

ဟု သတိပေးသောအခါ ဘာမှပြန်မပြောဘဲ ငူငူကြီးနားထောင်နေလေသည်။

ဒေါ်မြမေ ပြောသကဲ့သို့ပင်. . .

ယခုအခါ သူ့အတွက် အားကိုးရမည့်တပည့်တပန်းပင် သိပ်မကျန်တော့ပေ။

သေတဲ့သူ သေပြီး ကျန်တဲ့လူများကလည်း မနေဝံ့တော့သဖြင့် ထွက်ပြေးသူ ပြေးကြလေရာ သူ့အနီးမှာ တစ်ယောက်နှစ်ယောက်ပင် ကျန်တော့သည်။

သို့သော် ဦးနေဒွန်းမှာ လူတစ်မျိုးဖြစ်သည်။

ယခုလောက် ကြိုးစားအားထုတ်ပြီးမှတော့ လွယ်လွယ်နှင့် နောက်မဆုတ်ပေးချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့စေကာမူ စိတ်ထင်တိုင်းတော့ လုပ်လို့မရတော့ပေ။

ရွာသူရွာသားများကိုသော်လည်းကောင်း ရန်ကုန်မှ လာကြသော စုံစမ်းစစ်ဆေးရေးအဖွဲ့များက ပျောက်ဆုံးသွားသော ရုပ်ပွားတော်သတင်းကို လိုက်လံစုံစမ်းနေကြရာ သူ့အတွက် လွတ်လပ်မှု မရှိတော့ပေ။

"ဒီအတိုင်းဆိုရင်တော့ ဆက်နေလို့ မဖြစ်တော့ဘူး၊ ဟိုလူတွေကလည်း ရုပ်တုကို မတွေ့မချင်း အေးမှာမဟုတ်ဘူး၊

တစ်နေ့မဟုတ်တစ်နေ့တော့ ခြေရာခံမိတော့မှာပဲ၊ အခု ငါ အားကိုးအားထားပြုရတဲ့ ဆရာတွေ၊ အရှင်သခင်တွေလည်း မရှိတော့ဘူး၊

ငါလည်း ကြာကြာဆက်နေလို့ မဖြစ်တော့ဘူး၊ မတော်လို့ ခေတ်ပျက်လာရင် ဒီရွာသားတွေက ငါ့ကို ဝိုင်းသတ်ကြမှာ သေချာတယ်၊

ဒီတော့ ရုပ်တုကို ဖျက်ဆီးပြီး ဒီနယ်က ရှောင်ပြေးမှ ဖြစ်တော့မယ်"

ဟု တစ်ယောက်တည်း ကြံစည်စိတ်ကူးနေစဉ် မကွေးတိုင်းရုံးမှ အမိန့်စာတစ်စောင် ရောက်လာသည်။

ထိုအမိန့်စာမှာ အခြားမဟုတ်ပေ။

ဦးနေဒွန်းကို သူကြီးရာထူးမှ ချလိုက်ပြီဖြစ်ကြောင်းနှင့် မုံးချောင်းသူကြီးရာထူးကို ဦးရွှေသာအား ခန့်အပ်လိုက်ပြီဖြစ်ကြောင်း အမိန့်စာပင်ဖြစ်ရာ တစ်ရွာလုံးက ဝမ်းသာပျော်ရွှင်ကြလေသည်။





ဦးနေဒွန်းမှာ မမျှော်လင့်ဘဲ သူကြီးနေရာမှ ဆင်းပေးလိုက်ရသောကြောင့် ရှက်လည်းရှက်၊ ဒေါသလည်း ထွက်သဖြင့် ဦးစွာ ၎င်း၏မိသားစုများအား ဆွေမျိုးများရှိရာ လယ်ကိုင်းဘက်သို့ ပို့လိုက်လေသည်။

ပြီးမှ ရုပ်ပွားတော်ကို ဖျက်ဆီးရန် ကြံစည်လေတော့သည်။ ၎င်းထံမှာ ကံလှနှင့်သာဇံတို့ တပည့်တပန်းနှစ်ယောက် ကျန်နေသေးရာ ၎င်းတို့နှင့် တိုင်ပင်ပြီး လုပ်ရလေသည်။

တစ်နေ့သ၌ မိုးမှောင်ကျနေသောညအချိန်တွင် ဦးနေဒွန်းသည် တပည့်နှစ်ယောက်ကို ခေါ်ပြီး လက်နက်ကိရိယာများ အပြည့်အစုံ ယူ၍ တောထဲသို့ သွားကြလေသည်။

၎င်းတို့တွင် လက်နှိပ်ဓါတ်မီးများ ပါသဖြင့် ထိုလက်နှိပ်ဓါတ်မီးရောင်များကို အားပြု၍ သွားကြလေသည်။

၎င်းတို့ရွှေရုပ်ထုတော် ဝှက်ထားသောနေရာမှာ ရွာနှင့် အတန်ငယ် ကွာဝေးပြီး တော၏တစ်နေရာ၌ရှိသည်။

ထိုနေရာသည် လူသူအရောက်အပေါက်လည်း မရှိသဖြင့် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ရှိရုံမက ကုန်းမြင့်များ၊ ဂူပေါက်ကဲ့သို့ အဝများလည်း ရှိနေသည်။

ထိုနေရာရောက်သောအခါ မိုးမှောင်ကျလာကာ မိုးစက်မိုးပေါက်များ တဖွဲဖွဲ ကျလာသည်။

လျှပ်စီးရောင်များက တဝင်းဝင်းလက်နေပြီး မိုးချုန်းသံများကလည်း ကြောက်မက်ဖွယ်ကောင်းလောက်အောင် ထော် ချုန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



“သူကြီးမင်း. . . ဖြစ်ပါ့မလား၊ မိုးတွေကလည်းချုန်း၊ လျှပ်စီးတွေကလည်း လက်လိုက်တာ လွန်ပါရော”

“ဖြစ်ပါတယ်ကွာ. . . ဘာကြောက်စရာရှိလဲ”

ထိုသို့ပြောပြီး သွားရာ မကြာမီ ဘုရားဖွက်ထားသော ဂူပေါက်နေရာသို့ ရောက်ကြလေသည်။

ထိုနေရာသည် သစ်ပင်ကြီးများ အုံ့ဆိုင်းနေပြီး ချုံနွယ်ပိတ်ပေါင်းများကလည်း ထူထပ်စွာ ရှိနေလေသည်။

လျှပ်စီးလက်လိုက်တိုင်း လျှပ်အရောင်ကြောင့် ပတ်ဝန်းကျင်ကို လျှပ်တပြက် လှမ်းမြင်ရလေရာ သူတို့ပတ်ဝန်းကျင်မှာ မည်းမည်းသဏ္ဌာန်ကြီးများရှိနေသယောင် ထင်ရလေသည်။

ဂူပေါက်ဝ ရောက်တော့ အပေါက်ဝမှာ ပိတ်ထားသော သစ်ပင်သစ်ကိုင်းများကို ဆွဲထုတ်လိုက်သည်။

ရုပ်ပွားတော်မှာ ရွှေသားအစစ်ဖြင့် သွန်းလုပ်ထားသောကြောင့် မိုးရေနှင့် ထိပြီး လျှပ်ရောင်များ လက်လိုက်သောအခါ ရွှေရောင်များ တဝင်းဝင်း လက်ထွက်လာလေသည်။

“ဘယ်လိုလုပ်မှာလဲ သူကြီးမင်း”

“ခုမှတော့ အရည်ကျိုလို့ အချိန်မရတော့ဘူး၊ ပိုင်းဖြတ်ပြီး ယူသွားကြမယ်”

“ဘာနဲ့ ဖြတ်မှာလဲ”

“ငါတို့ဆီမှာ တူ၊ ပေါက်ဆိန်၊ လွှ၊ ရဲဒင်းတွေ ပါလာတယ်မဟုတ်လား၊ တစ်ခုမဟုတ်တစ်ခုနဲ့ လုပ်မှာပေါ့”

ဟု ပြောကာ ကံလှနှင့်သာဖဲတို့ကို အရင်လုပ်ခိုင်းရာ





မလုပ်ဝံ့သောကြောင့် ဦးနေဒွန်းက သူကိုယ်တိုင် လွှဖြင့် ဖြတ်သည်။ လွှက ရွှေသားကို မတိုးဘဲ ရှိနေရာ တူနှင့် ထုသည်။

“ဒုံ. . ဒုံ. . ဒုံ. . ”

ဦးခေါင်းနှင့်လက်တော်တို့ကို ကျိုးပဲ့စေရန် တူဖြင့် အားကုန်ထုသော်လည်း တဒုံဒုံနှင့်သာ မြည်နေသော်လည်း ဘာမှ အခြေအနေ မပျက်ပေ။

“ဒုံ. . ဒုံ. . ဒုံ”

“ဂျိန်း. . ဂျလိန်း”

ထိုအခိုက်မှာပင် ကျယ်လောင်သော မိုးကြိုးပစ်သံ တစ်ချက်ပေါ်ထွက်လာရာ တောထဲမှာ သိမ့်သိမ့်တုန်သွားစေသည်။

တဆက်တည်း မီးလုံးကြီးကဲ့သို့ ရဲရဲနီနေသော မိုးကြိုးလုံးကြီးက သူတို့ခေါင်းပေါ်ရှိ သစ်ပင်များအပေါ်မှာ ဝဲကာ တစ်စုံတစ်ခုကို ပတ်ရှာနေဟန်ရှိသည်။

ထိုမိုးကြိုးလုံးကြီးမှ အလင်းရောင်က ပတ်ဝန်းကျင် တစ်ခုလုံး မီးလုံးထွန်းထားသကဲ့သို့ လင်းထိန်နေလေသည်။

“သူကြီးမင်းအပေါ်မှာ မိုးကြိုးလုံးကြီး ထင်တယ်”

“ဟေ. . . ဘယ်မှာလဲ”

“အပေါ်မှာလေ. . . တောတစ်တောလုံး လင်းထိန်နေတာ မမြင်ဘူးလား”

ထိုအခါမှ ဦးနေဒွန်းက သတိပြုမိသွားဟန်ဖြင့်. . .

“အပြင်မှာ နေလို့မဖြစ်ဘူး၊ ဂူထဲ မြန်မြန်ဝင်ကြ”

ဟု ပြောကာ ဂူအတွင်းသို့ ဝင်ပြေးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်များပေါ်မှာ တစ်စုံတစ်ခုကို ရှာနေသကဲ့သို့ ရှိနေသော မိုးကြိုးလုံးကြီးက ထိုနေရာတဝိုက်မှာပင် ဝဲနေလေသည်။

ဂူအတွင်းရောက်သောအခါ ဦးနေဒွန်းက ရုပ်ပွားတော်၏ဗျာဒိတ်ပေးနေသော လက်တော်တစ်ဖက်ကို အသွားထက်လှသည့် ရဲဒင်းအကြီးစားဖြင့် ခုတ်ဖြတ်ရန် ဟန်ပြင်နေစဉ်မှာ ကံလှက အလန့်တကြား အော်လိုက်သည်။

"သူကြီး. . . ဟိုမှာ မိုးကြိုးလုံးကြီး ဂူထဲ ဝင်လိုက်လာပြီဗျ"

"ဟေ"

မီးလုံးကြီးပမာ ရဲရဲနီနေသော မိုးကြိုးလုံးကြီးက သူတို့သုံးယောက်ရှိရာသို့ ဝင်လာပြီး အနားရောက်သောအခါ ပစ်ချလိုက်လေတော့သည်။

"ဂျိန်း. . . ဂျလိန်း"

ဂူတစ်ခုလုံး ပြာနှမ်းနှမ်း မီးခိုးအငွေ့များ ထွက်လာသည်။ မီးခိုးငွေ့များကြားမှာ တုံးလုံးလဲနေကြသော ဦးနေဒွန်း၊ ကံလှနှင့် သာဇံတို့သုံးယောက်မှာ တစ်ကိုယ်လုံး မီးသွေးတုံးကဲ့သို့ မည်းပြာလျက်ရှိပြီး သေဆုံးနေကြလေပြီ။

ရွှေရုပ်ထုတော်မှအပ ၎င်းတို့ ယူလာသောသံလက်နက်ပစ္စည်းများလည်း အရည်ပျော်ကျနေသည်။

ရွှေရုပ်တုတော်မှာတော့ ရောင်ခြည်များ ပိုမိုတောက်ပလာကာ ဂူအပြင်ဘက်သို့ပင် အလင်းရောင်များ ဖြာထွက်နေ





လေသည်။

အတန်ကြာသောအခါ ငရဲသား ပုံသဏ္ဍာန်မျိုးရှိသည့် လူမည်းကြီးနှစ်ယောက် ဂူအတွင်းပိုင်းမှ ထွက်လာပြီး သေဆုံးနေသော လူသုံးယောက်ကို ခြေထောက်မှ ဆွဲကာ အမှောင်ထဲသို့ ဆွဲယူသွားလေတော့သည်။

ထိုအဖြစ်အပျက်များ ဖြစ်နေစဉ်မှာ နီမောင်၊ ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ မနီးမဝေး ရောက်နေကြလေသည်။

၎င်းတို့က ဦးနေဒွန်းတို့ အသွားအလာကို စောင့်ကြည့်နေရာမှ တောထဲ ဝင်သွားသည်ကို လှမ်းမြင်လိုက်ရသဖြင့် နောက်ယောင်ခံပြီး လိုက်လာကြခြင်းဖြစ်သည်။

ထိုနေရာတဝိုက် ရောက်သောအခါ မိုးချုန်းသံကြီး ကြားလိုက်ရသောကြောင့် အသံကြားရာဘက်သို့ လာရင်းမှ ဂူပေါက်ဝမှ ဖြာထွက်နေသော အလင်းရောင်များကို တွေ့ကြရသဖြင့် ဂူထဲဝင်ကြည့်ကြသည်။

ထိုအခါ မီးခိုးငွေ့များကြားမှာ ရောင်ခြည်တော်များ ဖြာထွက်နေသော ရွှေရုပ်တုတော်ကို တွေ့ကြရလေသည်။

"ရုပ်တုတော်ကို တွေ့ရပြီ၊ ဟိုလူသုံးယောက်က ဘယ်ရောက်သွားပြီလဲ"

"ကျွန်တော်တို့ လာသံကြားလို့ ထွက်ပြေးသွားကြပြီလား"

"မဟုတ်ဘူး ထင်တယ်၊ ဂူထဲမှာ ညှော်နံ့တွေ ရတယ်၊ သူတို့ မိုးကြိုးအပစ်ခံရတယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင်လည်း အလောင်းတွေတော့ တွေ့ရမှာပေါ့။ အတော်ဆန်းတယ်"

ဟု ပြောရင်း ဂူထဲ လိုက်ကြည့်ကြစဉ် အတွင်းဘက် တစ်နေရာတွင် ဒရွတ်တိုက် ဆွဲသွားသော စွတ်ကြောင်းကြီးများ နှင့် သာမန်လူထက် နှစ်ဆခန့်ကြီးသော ခြေရာကြီးများကို အံ့ဩဖွယ်ရာ တွေ့ကြရသည်။

သို့ကြောင့် အတွင်းသို့ လိုက်ကြည့်သောအခါ တွင်းနက်ကြီးတစ်တွင်းကိုသာ တွေ့ရပြီး အခြားဘာမှမတွေ့ကြရပေ။

"အင်း. . . အတော်တော့ ထူးဆန်းတယ်၊ ဟိုလူသုံးယောက်ကို အရှင်လတ်လတ် ဇရဲခေါ်သွားပြီလား မသိဘူး"

ဟု ဦးဗန်ကောင်းက ပြောလိုက်ရာ ကျန်လူများမှာ ကျောစိမ့်သွားကြသည်။

ထို့နောက်. . .

ရုပ်ပွားတော်ကို ဂူအပြင် သယ်ထုတ်ကာ ရွာဘက်သို့ ပြန်လည်ပင့်ဆောင်ခဲ့ကြလေတော့သည်။

ဒုစရိုက်သမားတို့၏နိဂုံးကား မရဏာစက်ကွင်းအောက်မှာပင် အစပျောက်သွားခဲ့လေပြီ။







အခန်း(၁၇)

# လောက၌ အလှဆုံးအရာ

မုံးချောင်းရွာသူကြီးအဖြစ် အသစ်ခန့်အပ်လိုက်သော ဦးရွှေသာ၏ခြံဝန်းထဲမှာ လူအများ စည်ကားနေလေသည်။

ရွှေရုပ်ထုတော်ကို ယာယီမဏ္ဍပ်ထိုး၍ အပူဇော်ခံထားသဖြင့် လာရောက်ပူဇော်နေကြခြင်းဖြစ်သည်။

သူကြီးအိမ်ပေါ်မှာတော့ ဦးရွှေသာ၊ ဦးဗန်ကောင်း၊ နီမောင်၊ ဒေါက်တာမင်းထင်ကျော်၊ ဆရာတော်ဦးပညာသာမိတို့ တတွေ ဆုံတွေ့ပြီး ရွှေရုပ်ထုတော်နှင့် ပတ်သက်ပြီး တိုင်ပင်ဆွေး

www.burmeseclassic.com



နွေးနေကြသည်။

"ကျုပ်သဘော ပြောရရင်တော့ ဒီရွှေရုပ်ပွားတော် ဒီရွာမှာပဲ ထားပြီး အပူဇော်ခံချင်ပေမယ့် အခုလို ခေတ်ပျက်ကာနီး အချိန်အခါမျိုးမှာ မသင့်လျော်ဘူးဆိုတာ သိပါတယ်၊ ဒီရွာမှာ ထားတာနဲ့ မှုက်နှာဖြူတွေက လာပြီးတိုက်ခိုက်ယူပြီး ဖျက်ဆီးကြမှာလဲ၊

ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ အကြံဉာဏ်များ ပေးကြပါဦး"

ဦးရွှေသာက ပြောသည်။

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က အကြံဉာဏ်ပေးသည်။

"သူကြီးမင်း ပြောတာ မှန်ပါတယ်၊ အခုဆိုရင် တော်လှန်ရေးစစ်ပွဲတွေက ဖြစ်လာပြီဆိုတော့ အခြေအနေကလည်း မငြိမ်မသက်ဖြစ်နေတဲ့ကာလဆိုတော့ ဒီမှာထားလို့ မသင့်တော်ပါဘူး"

"ဒါဖြင့် ဘယ်လိုလုပ်သင့်သလဲ ပြောပါဦးဗျာ"

"ကျွန်တော့်သဘောပြောရရင် ဒီရွှေရုပ်တုတော်ကို ကျွန်တော်တို့ ယူသွားပြီး သုတေသနလုပ် မှတ်တမ်းတွေ တင်ပါ့မယ်၊ ပြီးတာနဲ့ ရွှေတိဂုံစေတီတော်ကြီးရဲ့ဌာပနာတိုက်မှာ သွားလှူထားလိုက်တာ လုံခြုံစိတ်ချရဆုံးပါပဲ"

ရွာသူရွာသားများကလည်း ထိုအစီအစဉ်ကို သဘောတူကြသည်။

"ဒီတော့ ဒီရွာက သက်ဆိုင်ရာလူကြီးတွေရော ဘုရား





ဖူးလိုက်ချင်တဲ့လူတွေပါ ကျွန်တော်တို့သဘော်နဲ့ တစ်ခါတည်း လိုက်ခဲ့ကြပါ၊ စားသောက်နေထိုင်ဖို့ အစစအရာရာ ကျွန်တော်က တာဝန်ယူပေးပါ့မယ်"

ဟု ဒေါက်တာမင်းထင်ကျော်က ဝင်ပြောသည်။

ထိုအခါ နီမောင်က. . .

"ဒီအစီအစဉ်ကို ကျွန်တော်လည်း သဘောတူပါတယ်၊ ဒါပေမယ့် ဘုရားကို ရန်ကုန်ပင့်ယူဖို့ကိစ္စကို သက်ဆိုင်သူတွေကို ပြောပါရစေ"

ဟု ပြောရာ အားလုံး နီမောင်ပြောသည့် သက်ဆိုင်သူများကို ရိပ်မိသလို ရှိကြသဖြင့် ဘယ်သူမှ ဘာမှမပြောကြတော့ပေ။

ထိုနေ့ညဦးပိုင်းအချိန်တွင် နီမောင်တစ်ယောက်တည်း မရဏာဝဲရှိရာ မြစ်ကမ်းဆိပ်သို့ ဆင်းသွားလေသည်။

သူ့ဆီမှာ ပေါက်ပေါက်ဆုပ်များ ပါသွားသောကြောင့် မြစ်ဆိပ်ရောက်သောအခါ ပေါက်ပေါက်ဆုပ်များကို ရေပြင်ပေါ်သို့ ပစ်ပေါက်ပေးလိုက်ရာ ငါးကြီးများက လာရောက်စားသောက်ကြလေသည်။

ထိုသို့ပစ်ပေါက်ပေးရင်း. . .

"ရွှေဘုရားနှင့် သက်ဆိုင်သောသူများ၊ သင်တို့အား ခွင့်ပန် အသိပေးရန် ရှိပါသဖြင့် ကျွန်ုပ်ရှိရာသို့ လာကြပါကုန်လော့"

ဟု ပြောလိုက်ရာ ရေပြင်ပေါ်မှာ ရေပွက်ကြီးများ

www.burmeseclassic.com



ထလာပြီး ခဏကြာတော့ ဝဲအတွင်း လူသုံးယောက် ကမ်းပေါ် တက်လာသည်။ နှစ်ယောက်က သူ့ကို ကျောက်အမြုတေ လာပေးသော လူမည်းကြီးနှစ်ယောက်ဖြစ်ပြီး ကျန်တစ်ယောက်က အရပ်မြင့်မြင့်နှင့် နှုတ်ခမ်းမွေးရှည်များရှိသည်။

သုံးယောက်စလုံး ခါးဝတ်နံငယ်ပိုင်းကလေးများသာ ဝတ်ဆင်ထားကြသည်။

"ဘာကိစ္စလဲ သူငယ်လေး"

"တခြားတော့ မဟုတ်ပါဘူး အဘ၊ အခု ရွှေရုပ်ပွားတော်ကို ကျွန်တော်တို့ ပြန်ရပါပြီ၊ ဒါပေမယ့် ဒီမှာထားရင် မသမာသူတွေ နှောင့်ယှက်ဖျက်ဆီးမှာစိုးလို့ ရွှေတိဂုံစေတီတော်ကြီးရဲ့ ဌာပနာတိုက်ထဲမှာ လှူဖို့ အစီအစဉ်ရှိပါတယ်၊ အဘတို့ကို ခွင့်တောင်းတာပါ"

ထိုအခါ အရပ်မြင့်မြင့်နှင့်လူကြီးက ပြောသည်။

"ဒီလိုဆိုတော့လည်း ကောင်းတာပေါ့ကွာ၊ ငါတို့တတွေလည်း စောင့်ရှောက်ရတဲ့တာဝန် အေးသွားတာပေါ့၊

ဒီလိုမြင့်မြတ်တဲ့နေရာကို ပို့တာ သဘောမတူစရာ မရှိပါဘူး. . . သဘောတူကြပါတယ်၊

ဒါပေမယ့် တစ်ခုတော့ ပြောပါရစေ"

"ပြောပါ အဘ"

"ရုပ်ပွားတော်ကို လှူပြီးတဲ့အခါ ငါတို့အတွက် ရည်စူးပြီးတော့ အမျှအတန်း ဝေပေးပါ"

"ကောင်းပါပြီ"





"နောက်တစ်ခုက ရုပ်ပွားတော်ကို ပင့်ဆောင်သွားတဲ့အခါ သင်္ဘောဦးပေါ်မှာ တင်ပြီး ဝဲထဲမှာ ခုနစ်ပတ် ပတ်ပြပေးပါ"

"ကောင်းပါပြီ. . . ပြောတဲ့အတိုင်း လုပ်ပေးပါ့မယ်"

"မောင်ရင်လေးက စေတနာဖြူစင်ပြီး အများအတွက် လုပ်တဲ့လူဆိုတော့ နောက် အရေးအကြောင်းရှိရင်လည်း ကျုပ်တို့ အကူအညီပေးပါ့မယ်၊ ကျုပ်တို့ ပေးထားတဲ့ ကျောက်အမြုတေကိုလည်း အများအကျိုးအတွက် အသုံးပြုပေးပါ"

"ကောင်းပါပြီ"

ထို့နောက်. . .

နီမောင်ကို နှုတ်ဆက်ပြီး သုံးယောက်စလုံး ဝဲအတွင်း ပြန်ဆင်းသွားကြလေတော့သည်။

(နီမောင် ရခဲ့သော ကျောက်အမြုတေ၊ မရဏဝဲအတွင်းမှ ငါးကြီးသုံးကောင်နှင့် ပတ်သက်သော ဆန်းကြယ်မှုများကို ထပ်မံရေးသားပါဦးမည်)

ထိုအကြောင်းကို ဒေါက်တာမင်းထင်ကျော်တို့အား ပြန်ပြောပြလိုက်သောအခါ များစွာအံ့သြသွားကြသည်။

ရွာမှာ ဦးရွှေသာတို့မိသားစုအပြင် ဦးဗန်ကောင်း အစရှိသောသူများလည်း ဘုရားဖူး လိုက်ခဲ့ကြသည်။

မရဏဝဲအတွင်း ရောက်သောအခါ ရုပ်ပွားတော်ကို သင်္ဘောဦးပေါ်မှာ တင်ပြီး ပတ်မောင်းပြသည်။

ထိုအခါ ထူးဆန်းမှုများကို မြင်ကြရသည်။

www.burmeseclassic.com



အလွန်များသော ငါးအုပ်ကြီးအပြင် ငါးမည်းမည်းကြီး နှစ်ကောင်က သင်္ဘောနောက်မှ လိုက်ကြသည်။

သင်္ဘောအလျားနှင့် တူညီလောက်အောင် ကြီးမားရှည်လျားသော ငါးရွှေကြီးတစ်ကောင်က သင်္ဘောနံဘေးမှ တောက်လျှောက် ကပ်လိုက်လာသည်ကို အံ့ဩဖွယ်ရာ မြင်တွေ့ကြရသည်။

ငါးရွှေကြီးမှာ ရေငုတ်သင်္ဘောကြီး ပေါ်နေသကဲ့သို့ ရေပြင်ပေါ်သို့ တဝက်တပျက် ပေါ်နေသောကြောင့် အတိုင်းသား မြင်ကြရလေသည်။

ဝဲအတွင်းမှာ ခုနစ်ပတ်ပြည့်အောင်မောင်းပြီး အပြင်သို့ ထွက်လာတော့မှ ငါးများလည်း ပြန်ငုတ်သွားကြလေတော့သည်။

သင်္ဘောကား မုံးမြစ်အတိုင်း မြစ်ဝဘက်သို့ မောင်းထွက်လာရာ နီမောင်က သင်္ဘောပဲ့စင်ပေါ်မှ ထွက်ကာ ဝဲဘက်သို့ ငေးကြည့်နေလေသည်။

ထိုအခိုက်မှာပင် သူ့နံဘေးသို့ မြလေးမူ ရောက်လာလေသည်။

"နီမောင် . . . ဘာတွေစဉ်းစားနေတာလဲ၊ ရွာက ပြောင်းသွားတဲ့ ခင်အေးမူကို သတိရနေတာလား"

"မဟုတ်ပါဘူးဟာ. . . ငါ့မှာ သတိရစရာလူ မရှိသေးပါဘူး"

"တကယ်ပဲလား. . . အခု ဘာတွေစဉ်းစားနေတာလဲ"

"ဝဲထဲမှာ ကျန်ခဲ့တဲ့ ငါးကြီးတွေအကြောင်းပါ"





"ငါးကြီးတွေက သိပ်ထူးဆန်းတာပဲ၊ နှင့်ဆီမှာ ရှိတဲ့ ကျောက်က သူတို့ပေးထားတာဆို ဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြသည်။

"နင်က စေတနာဖြူစင်တော့ သူတို့က အကူအညီပေးကြတာ ဖြစ်မှာပေါ့နော်၊ ရွာပြန်ရောက်ရင် နင် ဘာအလုပ် လုပ်မှာလဲဟင်"

"ငါးဖမ်းတဲ့အလုပ်တော့ ဘယ်တော့မှ မလုပ်တော့ပါဘူး၊ တခြားအလုပ်တစ်ခုခုပဲ ရှာလုပ်တော့မယ်"

ထိုအခါ မြလေးမူက ရှက်ပြုံးကလေးဖြင့် ပြောသည်။

"အဘက ပြောနေတယ်၊ သူက သူကြီးရာထူးနဲ့ အလုပ်ရှုပ်မှာဆိုတော့ အိမ်က အလုပ်သမားတွေကို ဦးစီးဖို့ လူကောင်းတစ်ယောက် လိုတယ်တဲ့၊ ကိုယ့်မိသားစုလို နေနိုင်မယ့်လူကောင်းတစ်ယောက် လိုတယ်တဲ့၊ ကိုယ့်မိသားစုလို နေနိုင်မယ့်လူ ဆိုရင် အသင့်တော်ဆုံးပဲတဲ့၊ အဲဒါ နင်လုပ်မလားဟင်"

ထိုစကားကြားသောအခါ နီမောင်က ဝမ်းသာသွားလေသည်။

"ဦးလေးက ခေါ်ချင်ပေမယ့် နင်ကရော သဘောကျမှာမို့လား"

"ငါက ဘာသဘောမကျစရာရှိမလဲ"

"မသိဘူးလေ. . . အရင်ကတော့ အဖက်မတန်သလို ဆက်ဆံခဲ့ပြီးတော့"

"ဒါက အရင်တုန်းက အတွေးခေါင်ခဲ့တာတွေပါ၊ အခုတော့ အမြင်မှန် ရပါပြီ၊ လောကမှာ လူတစ်ယောက်အတွက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားဖြူစင်ဖြောင့်မတ်ဖို့ အရေးကြီးတယ်ဆိုတာ ငါသဘောပေါက်ပါပြီ"

ထိုစကားကြားတော့ နီမောင်က ပြုံးနေသည်။

"ဒါထက် စောစောက နင်ပြောတဲ့စကားထဲမှာ အလုပ်လုပ်မယ်ဆိုရင် မိသားစုလို နေနိုင်မှဆိုတော့ ငါက ဘယ်လိုနေရမှာလဲ"

"ဒါကတော့ ဘယ်သိမှာလဲ၊ နင်နေချင်သလို နေပေါ့"

"ငါနေချင်သလိုဆိုရင်တော့ နင့်ကို ချစ်ခွင့်ပန်မယ်၊ ပြီးလို့ နင်သဘောတူရင် လူကြီးတွေ ပြောပြီး မင်္ဂလာဆောင်မယ်၊ မင်္ဂလာဆောင်ပြီးတော့မှ သားသမက် ဖြစ်သွားရင် မိသားစုဝင် ဖြစ်သွားရောမဟုတ်လား၊

အဲဒီလို မကောင်းဘူးလား မြလေး"

"အို. . . မသိဘူး၊ စောစောကတော့ ဒီက ရေလာမြောင်းပေး ပြောနေတာတောင်မှ မသိကျိုးကျွံပြုနေပြီးမှ အခုတော့လည်း သွက်လိုက်တာ လွန်ပါရောလား"

"သွက်တာလည်း မဟုတ်ဘူး၊ မသိချင်ယောင်လည်း ဆောင်နေတာ မဟုတ်ပါဘူး၊ အခြေအနေချင်း မတူလို့ ကြိတ်မှိတ်နေရတာပါ၊ ငါပြောတာကို နင်လက်ခံမှာလားဟင်"

"ဘာကို လက်ခံရမှာလဲ"

မြလေးမူက နှုတ်ခမ်းစူပြီး မျက်နှာလွှဲထားသည်။

"ဟိုလေ. . . နင့်ကို မေတ္တာရှိတယ်ဆိုတာကို လက်ခံမှာလားလို့ မေးတာပါ"





"ဒီစကားက တကယ်ပြောနေတာလား"

"တကယ်ပြောတာပါဟာ"

"ဒီလိုဆိုရင်လည်း အဖေတို့ကို သွားပြောပေါ့"

"နင်သဘောမပါဘဲနဲ့ သွားပြောလို့ဖြစ်ပါ့မလား"

"အဖေတို့အမေတို့က သမီးသဘောကျရင်ပြီးရောလို့ ပြောထားမှတော့ နင်သွားပြောလည်း နားထောင်နေကြရုံ ရှိမှာပေါ့"

"ဒီစကားကြားရတာ ငါဝမ်းသာလိုက်တာ မြလေးရယ်"

ဟု ပြောကာ မြလေးမူ လက်တစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်လေသည်။

မြလေးမူက မရုန်းဘဲ သူ့လက်ကို ပြန်ဆုပ်ထား၍ အပြုံးမျက်နှာဖြင့် မော့ကြည့်လေသည်။

ယခုတော့လည်း ထိုအပြုံးမျက်နှာလောက် လှပသော အရာကား လောက၌ အခြားမရှိတော့ပြီဟု စိတ်ထဲမှ ထင်မှတ်လိုက်မိလေသည်။

တကယ်တော့ ချစ်ခြင်းမေတ္တာသည် မြူတိမ်များကြားမှ ထွက်ပေါ်လာသော လရောင်ကဲ့သို့ သန့်စင်လှသည်။

ရေပြင်ပေါ်မှာ ပွင့်လန်းသော ပဒုမ္မာကြာပန်းကဲ့သို့ ရနံ့သင်း၍ လန်းဆန်းတင့်တယ်ပေသည်။

ချစ်ခြင်းမေတ္တာဖြင့် ထုံမွှန်းသော ချစ်သူမျက်နှာတို့သည် လောကအလှတရားများထက် ပိုမိုလှပကြပေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မရဏာစက်ကွင်း)



www.burmeseclassic.com

www.burmeseclassic.com



အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

# တြိစက္က

စာပြီးချိန်။ ။ (၂၀၀၉) ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်၊
စနေနေ့၊ နံနက် (၁၀) နာရီ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com